

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၁။ မပဲဝါမွေးတဲ့သား ..................... ၅

၂။ ကဝေသွေး ..................... ၄၁

၃။ သချိုင်းထဲက ဗုံသံ ..................... ၉၀

၄။ နတ်ခုန်ချောင်း ..................... ၁၃၁


www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါ မွေးတဲ့သား

တပို့တွဲဆိုတာ ကျုပ်တို့အညာမှာ အေးတုန်းဗျ။
'တပို့တွဲ ပေါက်လဲရယ်က ငုံစိစိ' ဆိုတဲ့အတိုင်း ပေါက်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖူးတဲ့ ရာသီပေါ့ဗျာ။ 'နှာရည်ယိုရဲ့ တပို့တွဲ' ဆိုတဲ့အတိုင်း အပူတစ်ဝက်၊ အအေးတစ်ဝက် ဆိုတော့ နှာရည်ကလည်း တရွဲရွဲဗျ။ နှမ်းမနဲလို့ခေါ်တဲ့ ထမနဲပွဲတွေကလည်း ရွာတိုင်း ရွာတိုင်းမှာ တပျော်တပါး နွဲကြလို့ဗျို့။

တာတေတို့ ထနောင်းကုန်းမှာတော့ သူကြီးဝိုင်းထဲမှာထိုးတဲ့ ထမနဲပွဲက အကြီးဆုံးပေါ့ဗျာ။ ဒယ်မှ ငါးဆယ်၊ ခြောက်ဆယ် ထိုးရတာဗျ။ ကျုပ်တို့တစ်ရွာလုံးမှာရှိတဲ့ ကာလသားတွေ တစ်ယောက်မကျန် ခါးတောင်းကျိုက်ပြီး ချွေးတလုံးလုံးနဲ့ ထိုးရတဲ့ ပွဲပေါ့ဗျာ။

အခုလည်း တာတေ သူကြီးဝိုင်းထဲက ထမနဲပွဲမှာဗျ။

"ကဲ တာတေတို့အဆိုင်း ခဏနားကြဦး၊ လာ ဘိုးထင်တို့ အတွဲ တစ်လှည့်ဝင်ဦး"

ကျုပ်တို့အတွဲက တစ်ဒယ်ကျသွားတော့ ခဏနားရသဗျ။ နောက်တစ်ဒယ်ကို နောက်တစ်တွဲ ဝင်ရတယ်။ နားတဲ့လူတွေက မန်ကျည်းပင်ကြီးတွေအောက်မှာ ခင်းထားတဲ့ ဖျာကြမ်းပေါ်မှာ ရေနွေးကြမ်းဝိုင်းဝင်ပြီး လက်ဖက်စား၊ ရေနွေးသောက်၊ ဆေးလိပ် သောက်ပေါ့ဗျာ။ အဲဒီမှာ စကားဝိုင်းကလည်း ကောင်းသားဗျ။

ရွာထဲက လူကြီးပိုင်းကလည်း ရေနွေးကြမ်းဝိုင်းမှာ ခန့်ခန့်ကြီးတွေထိုင်ပြီး ညွှန်ကြားလို့ပေါ့ဗျာ။ လူငယ်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်းကိုင်ရင်း မသိတာရှိရင် လူကြီးတွေကို မေးကြရတာဗျ။ ဒီလိုနဲ့ တောခလေး ယဉ်ကျေးမှုတွေကို ယက်ဆင့်ကမ်းကြရတာ ပေါ့ဗျာ။

မီးတောက်၊ မီးလျှံ၊ မီးပွဲ၊ မီးညွှန့်တွေကြားမှာ ထမနဲ ဗျင်တဲ့လူကဖျင်၊ ထိုးတဲ့လူကထိုးနဲ့ ကြည့်လို့တောင် ကောင်းသေး ရောဗျာ။ လူကြီးတွေ စကားဝိုင်းကလည်း အကြောင်းပေါင်းစုံဗျ။

"ဘိုးအောင်ဖေ အရင်တစ်ခါပြောပြတဲ့ တောထဲက ကလေးငိုသံ ကြားတဲ့အကြောင်းက တော်တော်ကို စိတ်ဝင်စားဖို့ ကောင်းတာဗျ"

တောင်ပိုင်းက ကိုကြီးတင်မောင်က ပြောလိုက်တာဗျ။

"ဟေ ဘယ်လိုကွ တင်မောင်ရဲ့၊ တောထဲမှာ ကလေး ငိုသံ ကြားတယ် ဟုတ်စ၊ ဘယ်တောတုံး"

"ဘိုးအောင်ဖေ ပြောပြတာဗျ၊ အရှေ့ဘက်တောထဲမှာ တဲ့၊ သိချင်ရင် ဘိုးအောင်ဖေကို မေးကြည့်လေဗျာ၊ ကျုပ်က လုံးစေ့ပတ်စေ့ ဘယ်ပြောတတ်တော့မှာတုံး"

"ဘိုး ပြောပြပါဦးဗျ၊ ဘယ်တောမှာ ကလေးငိုသံ ကြားတာတုံး"

အနောက်ပိုင်းက ကိုကြီးထွန်းခင်က ကိုကြီးတင်မောင်ကို မေးလို့မရတော့ ဘိုးအောင်ဖေကြီးကို တိုက်ရိုက်မေးတော့တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကြာပါပြီ ထွန်းခင်ရာ ငါတို့ အရှေ့ဘက်တောကို တက်တုန်းကအကြောင်းကို ပြောပြတာပါ"

"ပြောပါဦး ဘိုးရ"

"ဒီလိုကွ၊ ဒီတုန်းက ငါရယ်၊ ဟိုတလောက ဆုံးသွားတဲ့ မြောက်ပိုင်းက ဘိုးတင်အုန်းကြီးရယ်၊ ခြံတိုင်ခုတ်ဖို့ဆိုပြီး အရှေ့ဘက်တောကို တက်ကြတာကွ၊ လှည်းကို တောင်ခြေက အိမ်ဝလေးမှာ အပ်ပစ်ခဲ့ပြီး ငါတို့နှစ်ယောက် တောင်ပေါ် တက်လာကြတာ၊ ဝေလီဝေလင်းလေးပေါ့ကွာ၊ 'အူဝဲ အူဝဲ'နဲ့ ကလေးငိုသံကြားတော့ ငါတို့နှစ်ယောက်စလုံး လန့်သွားကြတာကွ။ ဒီတောထဲမှာ ဘယ်သူက ကလေး လာမွေးမှာတုံး ထွန်းခင်ရာ၊ ဒါနဲ့ ငါက..."

"ကိုတင်အုန်း ကျုပ်တော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျ၊ တောထဲ ဆက်မဝင်ဘဲ ပြန်ကြရင် ကောင်းမလား"

လို့ တိုင်ပင်တော့ ကိုတင်အုန်းက...

"ဟာကွာ အောင်ဖေရာ၊ အခြေအနေလေး ဘာလေး ကြည့်ကြသေးတာပေါ့ကွာ"

လို့ ပြောပြီး ငါတို့နှစ်ယောက် ငြိမ်ပြီးနားထောင်နေကြတာကွ။ ကလေးကလည်း ငိုတာ အသံကို ပြာနေပြီဟေ့။

"အူဝဲ၊ အူဝဲ၊ အူဝဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ အင်း၊ ကျွတ်၊ ကျွတ်၊ ကျွတ်၊ ကျွတ်"

ဟာ ကလေးချော့တဲ့ မိန်းမသံတစ်သံပါ ကြားရတယ်ပေါ့။ ကလေးလည်း အငိုတိတ်သွားတယ်။ ကိုတင်အုန်းကြီးက ငါ့ကို လှည့်ကြည့်ပြီး မေးငေါ့ပြတယ်ကွ။ ငါကတော့ တော်တော်ကို ကြောက်နေပြီကွ။ ကိုတင်အုန်းကြီး ကြည့်ရတာလည်း ကြောက်နေတဲ့ ပုံပါပဲကွာ။ ဒါပေမဲ့ ဒီလူကြီးက ရဲတော့ ရဲသားကွ။

"အောင်ဖေ၊ မင်းကြောက်ရင် ဒီမှာနေခဲ့၊ ငါတော့ ကလေးငိုတဲ့နေရာကို သွားကြည့်ဦးမယ်၊ သိပ်မဝေးဘူးကွ၊ ငါ နေရာကို မှန်းမိတယ်"

လို့ ငါ့ကို တိုးတိုးလေး ပြောတယ်ကွ။ ငါလည်း ဘယ်နေခဲ့ရဲမှာတုံးကွာ။

"ဟာ ဘယ်ဖြစ်မှာတုံး၊ ကျုပ်ပါ လိုက်မှာပေါ့"

လို့ ပြောပြီး သူ့နောက်က ကပ်လိုက်ခဲ့ရောပေါ့။ သိပ်မသွားလိုက်ရပါဘူးကွာ၊ ကလေးငိုတဲ့နေရာကို ရောက်ရောပေါ့၊ အဲဒီနေရာမှာ ငှက်ပျောဖက်နှစ်ရွက် ခင်းထားတာတွေ့တယ်ကွ။ ပြီးတော့ ငှက်ပျောဖက်ပေါ်မှာ ကလေးဦးထုပ်ကလေးတစ်လုံး တွေ့တယ်။ ဦးထုပ်က မွေးကင်းစ ကလေးတွေဆောင်းတဲ့သိုးမွေး ဦးထုပ်ကလေးကွ။ ကလေးတော့ မတွေ့တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆိုရင် ကလေးငိုသံ ကြားတာ တကယ်ပေါ့ ဘိုးရဲ့"

ကိုကြီးထွန်းခင်က ဝင်ပြီးမေးတာဗျို့။ ဘိုးအောင်ဖေကြီးက ခေါင်းညိတ်ပြပြီး ဆေးလိပ်ကလေး ဖွာလိုက်သေးသဗျ။ ပြီးတော့မှ ပြောတာ။

"တကယ်ပေါ့ကွ ထွန်းခင်ရဲ့၊ ကလေးဦးထုပ်ကလေးတောင် တွေ့ပါတယ်ဆိုမှကွာ၊ တကယ်ပေါ့"

"ဒါဆို ကလေးက ချက်ချင်းဘယ်ရောက်သွားတုံးဗျ"

"အေး...အဲဒါပေါ့ကွ၊ ငါနဲ့ ကိုတင်အုန်းကြီးလည်း အနီးအနားမှာ လိုက်ပြီးရှာကြည့်ရတာပေါ့ကွာ၊ တောကောင်တွေ ဘာတွေများ ချီသွားသလားလို့ပေါ့။ ဒါပေမဲ့ ဘာမှမတွေ့ဘူးကွ၊ ကိုတင်အုန်းကြီးက ယယ်ယယ်က မုဆိုးလေးဘာလေး လုပ်ဖူးတော့ သူက ခြေရာတွေ ဘာတွေ ကြည့်တတ်တယ်လေကွာ၊ ဒါပေမဲ့ ဘာမှကို မတွေ့တာကွ"

"နို့ ဘိုး စောစောကပြောတဲ့အထဲမှာ မိန်းမတစ်ယောက် ကလေးချော့တဲ့အသံ ကြားရတယ်ဆို"

"ဟုတ်တယ်ကွ ထွန်းခင်ရ၊ အဲဒီကလေးချော့တဲ့ မိန်းမလည်း မတွေ့ဘူးကွ၊ ငါကတော့ ကြက်သီးတွေတောင် ထနေပြီ ဟေ့၊ နောက်တော့လည်း ငါတို့နှစ်ယောက် ကိုယ့်အလုပ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ရှာပြန်ခဲ့ကြတာပေါ့ကွာ၊ ဒါပေမဲ့ ကိုတင်အုန်းကြီးရော ငါရော ဒီအကြောင်းကို ဒီနေ့အထိ မမေ့ကြဘူးကွ၊ ကိုတင်အုန်း မဆုံးခင် တစ်လလောက်ကတောင် ဒီအကြောင်း ပြောသေးတယ်"

ဘိုးအောင်ဖေက ဆေးပေါ့လိပ်ကလေး ဆက်ပြီးဖွာနေတယ်ဗျ။ ဟုတ်တော့လည်း ဟုတ်သားဗျ။ လူမရှိတဲ့ တောထဲမှာ ကလေးငိုသံက ဘယ်လိုကြားရတယ်ဆိုတာ ဘိုးအောင်ဖေ ဘယ်သိနိုင်မှာတုံးဗျာ။ ကျုပ်တောင် ဘိုးအောင်ဖေ ပြောတာကို နားထောင်ရင်းနဲ့ တောထဲက ကလေးငိုသံကို တွေးနေမိသေးတယ်။

ထမနဲပွဲတွေ ပြီးသွားတော့ နေ့ပူပြီး ညချမ်းတဲ့ တပေါင်းလကို ရောက်တော့တာပေါ့ဗျာ။ ပူပြီဗျို့။ ပူချက်ကတော့ ကမ်းကုန်တာပါပဲဗျာ။

တစ်နှစ် တစ်ခါ ခံစားရတဲ့ အညာနွေရဲ့ အရသာလေဗျာ။ ကျုပ်က မန်ကျည်းပင်အောက်မှာထိုင်ပြီး 'ဝေတာလဝတ္ထု' ဆိုတဲ့ စာအုပ်ဟောင်းလေးကို ထိုင်ပြီးဖတ်နေတာဗျ။

"တာတေ ဘာစာတွေများ ဖတ်နေတာတုံးကွ"

ကျုပ် စာဖတ်နေရင်းကနေ လှမ်းကြည့်လိုက်တော့ ဝိုင်းထဲကို ခြေလှမ်းခပ်လေးလေးနဲ့ ဝင်လာတာက ကိုဘထွန်းကြီးဗျ။

"ဟာ…လေးလေးဘထွန်း လာဗျို့"

ကျုပ်က ဖိတ်မန္တကပြုလိုက်တော့ လေးလေးဘထွန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်နားမှာ ဝင်ထိုင်တယ်ဗျ။

"တာတေ လေးလေးကို ဓားသွေးကျောက် ခဏငှားစမ်းပါဦးကွ၊ လေးလေး တောခုတ်ဓား သွေးချင်လို့၊ လေးလေး ကျောက်က နှစ်ပိုင်းကျိုးသွားလို့ကွ"

"ပါးသွားလို့ ရှိမှာပေါ့ လေးလေးရဲ့"

"အေး...ဟုတ်တယ်၊ ပါးပြီး ခါးခွက်နေတာ ကြာပြီလေ၊ မနေ့ကတော့ ကျိုးသွားတယ်"

"လေးလေးရဲ့ ဓားသွေးကျောက်က သဘာဝကျောက်လား၊ ဖော်ကျောက်လား"

"ဖော်ကျောက်ကြီးကွ၊ သွေးလို့တော့ ကောင်းသား"

"ကျုပ်ကတော့ သဘာဝကျောက်ကို ပိုကြိုက်တယ်ဗျ၊ နေဦး ကျုပ် ဓားသွေးကျောက် သွားယူလိုက်ဦးမယ်"

ပြောပြောဆိုဆိုနဲ့ ကျုပ်က နောက်ဘက် ရေကပြင်မှာ ချထားတဲ့ သဘာဝကျောက်နီနီကြီးကို ယူလာပြီး လေးလေးကို ပေးလိုက်တယ်။

"အေး..အေး၊ ငါ သွေးပြီးပြီးချင်း ပြန်လာပို့ပါ့မယ်"

"ဟာ ရပါတယ်ဗျ လေးလေးရ၊ ချက်ချင်းပို့ဖို့ မလိုပါဘူး၊ ဒါထက် ဓားသွေးပြီး ဘာတွေခုတ်မလို့တုံး"

"မနက်ဖြန် တောတက်ပြီး ထင်းလေးဘာလေး ခုတ်



www.burmeseclassic.com

www.burmeseclassic.com



မလို့ကွ၊ လှည်းကောက်ပြီး ငါတစ်ယောက်တည်း သွားရမှာ၊ မင်းလည်း ထင်းလိုရင် လိုက်ခဲ့လေ တာတေ"

"ဟာ မလိုသေးဘူးဗျ လေးလေးရ၊ ကျုပ် ဟိုတစ်နေ့ကတင် တောတက်ပြီး ခုတ်ထားတာ၊ လေးလေးသား အောင်ထိန်ကို ခေါ်သွားပေါ့ဗျ၊ ဘာဖြစ်လို့ တစ်ယောက်တည်း သွားမှာတုံး"

"ဟာကွာ၊ အောင်ထိန်အကြောင်းတော့ မပြောပါနဲ့တာတေရာ၊ မင်းညီအောင်ထိန်က သူ့ရဲဘော လွှတ်ကြောင်တာကွ"

"ဟင် ဘာဖြစ်လို့တုံး"

"ဟိုတစ်ခေါက်က ငါနဲ့ တောတက်လိုက်တယ်လေ၊ အဲဒါ တောထဲက သမုန်းအိုင်ကြီးနားမှာ ကလေးသိပ်တဲ့မိန်းမသံကြားတယ်ဆိုပြီး ကြောက်လို့လေ။ အခု အဖော်ခေါ်တော့ မလိုက်ရဲတော့ဘူးဟေ့"

"လေးလေးကရော သူကြားတဲ့အသံ မကြားလို့လား"

"ငါကတော့ မကြားပါဘူးကွာ၊ ကလေးချော့သံလည်း မကြားဘူး၊ လူကြီးချော့သံလည်း မကြားဘူး တာတေရေ"

ကျုပ်က လေးလေးဘထွန်း ပြောတာကို သဘောကျပြီးပြုံးလိုက်တယ်။

"ဟာ...အဲဒါက ဒီရောက်နေတာကိုး၊ ကိုကြီးတာတေ



www.burmeseclassic.com

www.burmeseclassic.com



ဆီကို လာလည်တာလား"

ဟော ပြောရင်းဆိုရင်း အောင်ထိန် ရောက်လာတာဗျ။

"ဘယ်က လာလည်ရမှာတုံး၊ ခါးသွေးကျောက် လာငှားတာကွ၊ မင်းကို ခိုင်းမလို့ကြည့်တာ မတွေ့လို့ ငါ့ဘာသာ လာငှားရတာ"

"ကျုပ်က ကျောက်ခဲတို့ သံမဏိတို့၊ ဒူးရှည်တို့နဲ့ သွားကစားနေတာဗျ"

"အေး‥အေး ကစားသာကစား အောင်ထိန်ရေ၊ တစ်နေ့တစ်နေ့ ကစားတာနဲ့ပဲ အချိန်ကုန်နေတာ"

အောင်ထိန်ဆိုတဲ့ကောင်က ကျောက်ခဲတို့နဲ့မှ အသက်အတူတူဗျ။ လူက ပုပြတ်ပြတ်၊ ဂင်တိုတို၊ ခေါင်းက ဆံပင်တွေကလည်း ထောင်နေအောင် သန်တာဗျ။ ခရုကက်လို့ခေါ်တဲ့ နောက်က ရှိတ်ထိုးထားတဲ့ပုံမျိုးဗျ။

ကျုပ်တို့နားမှာ မတ်တတ်ရပ်နေတဲ့ အောင်ထိန်ကို မော့ကြည့်ပြီး ကျုပ်က မေးလိုက်တယ်။

"အောင်ထိန် ဟိုတလောက မင်းအဘနဲ့ တောတက်တုန်းက ဘာသံကြားခဲ့လို့တုံး"

ကျုပ်မေးလိုက်တော့ အောင်ထိန်က အံ့ဩပြီး သူ့အဘလေးလေးဘထွန်းကို တစ်ချက်လှည့်ကြည့်တယ်။ ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ပြောတာဗျ။

"မိန်းမတစ်ယောက် ကလေးသိပ်တဲ့အသံဗျ ကိုကြီးတာတေရ၊ ကျုပ် သေသေချာချာ ကြားတာ"

"ဘယ်ဘက်က ကြားတာတုံးကွ"

"ကျုပ်နဲ့ အဘနဲ့ ထင်းခုတ်နေကြတဲ့ မြောက်ဘက်က ကြားတာဗျ၊ ကျုပ်စိတ်ထင်တော့ သမုန်းပင်တွေ အများကြီးပေါက်တဲ့ ရေအိုင်ကြီးရှိတယ်မို့လား၊ အဲဒီဘက်ကလို့ ထင်တာပဲဗျ"

"မင်းအဘကရော မကြားဘူးလား"

"ဟာ မကြားဘူးဗျ၊ ကျုပ်က အဘ ကြားလား၊ မိန်းမတစ်ယောက်အသံ၊ ကလေးချော့နေတာလို့ ပြောလည်း အဘကငါမကြားဘူးလို့ပဲ ပြောတာ၊ အဘ ကြောက်လို့ မပြောတာလို့ ကျုပ်တော့ ထင်တာပဲ"

"ဘာကွ၊ ငါက ကြောက်မလား ငအောင်ထိန်ရဲ့၊ အဲဒီတောကို မင်းမပါဘဲလည်း ငါတစ်ယောက်တည်း သွားဖူးတာပဲ"

သားအဖနှစ်ယောက်ကိုကြည့်ပြီး ကျုပ်က ရယ်မိရောဗျ။ အောင်ထိန်ကလည်း ရယ်နေတယ်။ လေးလေးဘထွန်းကတော့ သူမကြောက်တဲ့အကြောင်းကို ဆက်ပြီး ပြောသေးသဗျ၊

"ငါအသက်သုံးဆယ်လောက်က အရှေ့ဘက်တောကို မြောက်ပိုင်းက တင်အောင်တို့ ညီအစ်ကိုရယ်၊ အရှေ့ပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ဖိုးမောင်တို့ ညီအစ်ကိုရယ်နဲ့ စုပြီး တင်းကုတ်ဆောက်ဖို့ တိုင်တက်ခုတ်ကြတာဟော့၊ တောထဲမှာ ညအိပ်ပြီး ခုတ်ရတာ၊ စားအိုးစားခွက်နဲ့ တက်ကြတာပေါ့ကွာ၊ ဖိုးမောင်ဆိုတဲ့ကောင်က ဘိထောင်တာ သိပ်ကျွမ်းတာကွ''

*(ဘိထောင်တယ်ဆိုတာ သားကောင်ကို သံညှပ်နဲ့ ထောင် ဖမ်းတာကို ပြောတာဗျ)*

''သံညှပ်နဲ့လား လေးလေး''

''အေး…သံညှပ်နဲ့ကွ၊ ဒီကောင့်ဆီမှာ သံညှပ်မှ မျိုးစုံရှိတာ တာတေရ၊ အဲဒါနဲ့ ညဘက် ဘိထောင်ထားတော့ မနက်ကျ သွားကြည့်တဲ့အခါ တောကြောင်ကြီးတစ်ကောင် မိနေရောဟော့၊ တောကြောင်ကြီးမှ နည်းတဲ့အကောင်ကြီး မဟုတ်ပါဘူးကွာ၊ ဒါနဲ့ပဲ ငါတို့ငါးယောက် တောကြောင်သား ချက်ပြုတ်စားကြတာပေါ့ကွာ၊ ပြီးတော့ တစ်နေကုန် တိုင်ခုတ်ကြ၊ ညကျတော့လည်း တောကြောင်သားနဲ့ ထမင်းကြိတ်ကြပေါ့ကွာ၊ မီးဖိုဘေးမှာ ငါတို့ငါးယောက် တန်းစီပြီး အိပ်ကြတာပေါ့ကွာ''

''ညောင်၊ ညောင်၊ ညောင်၊ ညောင်''

ဆိုပြီး တောထဲက တောကြောင်အော်သံ စကြားတာ။ အသံက ခပ်ဝေးဝေးကနေ ကြားရာက တဖြည်းဖြည်း နီးနီးလာတာကွ။ ပြီး ကြောင်တစ်ကောင်အော်သံကနေ ကြောင်နှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



အော်သံ ဖြစ်လာတယ်။ ပြီးတော့ သုံးကောင်၊ လေးကောင်၊ ငါးကောင်။

"ဟင် ကြောင်သံတွေ များလာတာလား လေးလေး"

"အေးလေကွာ၊ တဖြည်းဖြည်း ကြောင်သံတွေ များလာပြီးတော့ တို့အနားကို ကပ်လာတာဟ၊ ငါ့စိတ်ထင် ကြောင် အကောင်တစ်ရာလောက် ရှိမယ်ထင်တယ်"

"ဟာ လေးလေးတို့ကြောင်တွေကို တွေ့လို့လား"

"တွေ့ပါပြီလားကွာ၊ ငါတို့နဲ့ မနီးမဝေးမှာ လာပြီးအော် နေကြတာကွ၊ မှောင်ထဲမှာ မျက်လုံးတွေ စိမ်းတောက်နေတာကွ၊ မျက်လုံးတွေမှ အများကြီးကွာ၊ ငါတို့ကိုပတ်ပြီး ဝိုင်းထားတာကွ၊ မင်း စဉ်းစားကြည့် တာတေရာ၊ တောထဲမှာ ညဘက်ကြီး မျက်လုံးစိမ်းစိမ်းတောက်တောက်ကြီးတွေနဲ့ ကြောင်အကောင် တစ်ရာလောက် ဝိုင်းပြီးအော်နေတာ၊ တော်ရုံတန်ရုံလူဆိုရင် သွေး တောင်ပျက်သွားမှာကွ၊ ငါတို့ငါးယောက်စလုံးကတော့ လူကြမ်း တွေဆိုတော့ ကြောက်ပေမယ့် ဒီအတိုင်းပဲ ပေကြည့်နေကြတာ ကွ"

အောင်ထိန်တောင် ဆောင့်ကြောင့်လေးထိုင်ပြီး သူ့အဘ လေးလေးဘထွန်း ပြောတာကို ငေးပြီးနားထောင်နေရောဗျ။

"ပြောပါဦး လေးလေးရဲ့၊ နောက်တော့ ဘာဆက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တုံးဗျ"

လေးလေးဘထွန်းက ကျုပ် တည်ထားတဲ့ နဂါးဆေးပေါ့လိပ်ကလေးကို နှစ်ဖွာ သုံးဖွာ ဖွာလိုက်သေးတယ်ဗျ။ ပြီးတော့မှ ဆက်ပြောတာ။

"ကြောင်အော်သံတွေက ပထမ 'ညောင်၊ ညောင်'နဲ့ အော်နေရာကနေ 'ဝေါင်၊ ဝေါင်'ဆိုပြီး အသံပြောင်းသွားရောဟေ့၊ ပိုပြီးကြောက်စရာကောင်းလာတာကွ၊ ငါတို့ ပေပြီးကြည့်နေတုန်း မှာပဲ ငါတို့ကို ဝိုင်းထားတဲ့ ကြောင်တွေက တို့ကိုစပြီး ပတ်တော့တာကွ"

"ဗျာ…လေးလေးတို့ကို ပတ်တယ် ဟုတ်လား"

"အေး ဟုတ်တယ်၊ မင်းတို့ငယ်ငယ်က ကလေးတွေ လက်ချင်းချိတ်ပြီး ဝိုင်းကြီးပတ်ပတ် ကစားသလိုလေကွာ၊ မျက်လုံးစိမ်းစိမ်းကြီးတွေနဲ့ ငါတို့ကို စိုက်ကြည့်ပြီး ဝိုင်းကြီးပတ်ပတ် ကစားသလို ပတ်တော့တာပဲဟေ့၊ 'ဝေါင်၊ ဝေါင်၊ ဝေါင်' ဆိုတဲ့ အသံကြီးတွေနဲ့ အော်ရင်း ငါတို့ကို ကြောင်အကောင်တစ်ရာလောက် ပတ်နေတာကွ၊ ငါတို့လည်း တောခုတ်ဓားတွေ ကိုင်ပြီး သတိနဲ့ ကြည့်နေရတာပေါ့ကွာ၊ ဒီမှာတင် ငါက သတိထားမိသွားတယ်ကွ တာတေရ၊ ကြောင်တွေ တို့ကို ဝိုင်းထားတဲ့အဝိုင်းက တဖြည်းဖြည်း ကျဉ်းလာတာကွ၊ ဒီအကြောင်း ငါက ခပ်တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တော့ ဖိုးမောင်ညီ ဖိုးအောင်က ပြောတာကွ"

"ဟာ ကျုပ် ခုမှ သတိရသွားပြီဗျို့၊ ကျုပ်တို့အဘ မသေခင်က ပြောသွားဖူးတယ်၊ 'မှင်စာတော' ဆိုတာ ရှိသတဲ့၊ ဒါပဲထင်တယ်ဗျ၊ မှင်စာတွေက ကြောင်လိုပဲတဲ့၊ ကြောင်လိုအော်ပြီး အုပ်လိုက်ကြီး ပတ်တာတဲ့၊ အပတ်ခံရတဲ့လူတွေက တဖြည်းဖြည်းနဲ့ အညှို့ခံရသလိုဖြစ်ပြီး သတိလစ်ကုန်ကြတာတဲ့ဗျ၊ သူတို့ပတ်တဲ့ ဝိုင်းကြီးက တဖြည်းဖြည်း သေးသေးလာပြီး နောက်ဆုံး လူတွေကို ခုန်အုပ်ကြတာတဲ့ဗျ"

"ဟေ ဟုတ်လား ဖိုးအောင်၊ ခုန်အုပ်တော့ ဘာဖြစ်တုံးကွ"

"ဟာ အားလုံး သေကုန်ရောတဲ့ဗျ"

"ဟေ ဟုတ်လား၊ ဒါဆို ငါတို့ ဘာလုပ်မတုံး"

"ကျုပ်တို့ သတိမလစ်ခင် တစ်ဖက်ဖက်ကို ဖောက်ပြီး ပြေးရမှာပဲဗျ၊ ကဲ ခင်ဗျားတို့ပါတဲ့ လောက်လေးခွတွေ ထုတ်ကြ၊ လောက်စာလုံး လွယ်အိတ်တွေ စလွယ်သိုင်းထားကြ၊ ကျုပ်ပစ်တဲ့ဘက်က ကြောင်တွေကို ဝိုင်းသာပစ်ကြဗျာ၊ သူတို့စည်းဝိုင်းပေါက်သွားရင် အဲဒီပေါက်တဲ့ဘက်ကနေ စွတ်သာပြေးပေတော့၊ လူကို မကွဲစေနဲ့၊ လရောင်လေး နည်းနည်းရှိတာပဲ၊ တစ်ယောက်ကို တစ်ယောက် မြင်နေရမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ ဖိုးအောင်က ကြောင်တွေကို အကဲခတ်နေတယ်။ ကြောင်ဝိုင်းကြီးကလည်း ကျဉ်းကျဉ်းလာပြီပေါ့ကွာ။ ဒီမှာတင် ဖိုးအောင်က စပစ်တော့တာဟော့။ ငါတို့လေးယောက်လည်း သူပစ်တဲ့ဘက်ကို ဝိုင်းပစ်ကြတာပေါ့ကွာ။ တော်တော်ကို ပစ်ယူရတာကွ။ ကြောင်တွေက သူတို့စည်းကို မကျိုးအောင် တောင့်ခံနေကြတာ။ နောက်တော့ ဖိုးအောင်က နေဦးဗျ၊ ကျုပ်မေ့နေလို့ အဘပြောသွားတာရှိတယ်ဆိုပြီး လောက်စာလုံးတွေကို မြေကြီးပေါ် ပုံလိုက်ပြီး သေးနဲ့ပန်းတာဟော့။

"ဒါနဲ့ ပစ်ကြ၊ ဒါနဲ့ ပစ်ကြ"

လို့ ဖိုးအောင်ပြောတော့ ငါတို့လည်း စိုနေတဲ့ လောက်စာလုံးတွေနဲ့ ပစ်ကြရတာပေါ့ကွာ။ သေရေးရှင်ရေး ဖြစ်နေတော့လည်း မရွံနိုင်တော့ဘူးပေါ့ကွာ"

"နေပါဦး လေးလေးရဲ့၊ သေးစိုနေတဲ့ လောက်စာလုံးနဲ့ ပစ်တော့ ဘာဖြစ်တုံး"

"ဟာ ကြောင်တွေ ပြေးတော့တာပေါ့ကွ"

"ဟာ ဟုတ်လားဗျ"

"အေး ဟုတ်တယ်၊ မင်းတို့က လူငယ်တွေ မှတ်ထားကြ၊ မှင်စာဆိုတာ လူ့သေးကို အလွန်ကြောက်တာကွ တာတေရဲ့"

"ကိုဖိုးအောင် သတိရသွားလို့ တော်တော့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



လေးလေးရာ”

“အေးပေါ့ကွာ၊ မပဟုတ်ရင် အခုထိ ဘယ်ရှိတော့မှာတုံး၊ မှင်စာတောမှာ မှင်စာတွေပတ်လို့ သေပြီပေါ့ကွာ”

“ပြောပါဦး လေးလေးရဲ့၊ နောက်တော့ ဘာဖြစ်တုံး”

“ဒီကောင်တွေ စည်းပေါက်သွားတဲ့ဘက်ကနေ ငါတို့ ထွက်ပြေးရတာပေါ့ကွာ၊ ဒီကောင်တွေကလည်း အတော်လေး လည်တာကွ၊ စည်းပေါက်သွားပြီဆိုတာနဲ့ ဆက်မပတ်တော့ဘဲ မှောင်ထဲကို ဝင်ပြေးပြီး ပျောက်သွားကြရောဟေ့”

“အဘ အဲဒါ မှင်စာတွေပေါ့နော်”

အောင်ထိန်က သူ့အဘကို မေးတာဗျ။

“အေးပေါ့ကွ၊ မှင်စာတွေပေါ့ ငါ့သားရဲ့”

“ဟာ အဘတို့က သတ္တိတော်တော်ကောင်းတာပဲဗျ”

“အေး...အဘကလည်း ဒါကိုပဲ ပြောတာလေ၊ အဘ မကြောက်တတ်ဘူးဆိုတာ လက်တွေ့ပြောပြတာပဲ”

“နေဦး လေးလေးရဲ့၊ ကျုပ် တစ်ခုတွေးမိလို့ဗျ”

“ဘာတုံးကွ တာတေရ”

“လေးလေးတို့ ချက်စားတာ တောကြောင်ရော ဟုတ်ရဲ့ လားဗျ၊ မှင်စာများ ဖြစ်နေသလားဗျာ”

“ဟာ ဒါတော့ မသိဘူးကွ၊ ငါတို့ မိတာတော့ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲကွ၊ ဆူလိုက်တဲ့ အကောင်ကြီးကွာ၊ စားလို့ ကောင်းလိုက်တာ မပြောပါနဲ့တော့ကွာ”

“လေးလေးပြောတာ ဟုတ်မယ်ဗျ၊ ကျုပ်အဘရဲ့ သူငယ်ချင်း မီးလောင်ကုန်းမှာနေတဲ့ ဘိုးစိန်မောင် တစ်ခါလာ လည်ရင်း အဘကို ပြောပြဖူးတယ်ဗျ”

“အေး…ပြောပါဦးကွ တာတေရ၊ ဗဟုသုတ ဖြစ်တာ ပေါ့ကွာ”

“ဘိုးစိန်မောင် ငယ်ငယ်ကတဲ့၊ သူ့မိဘတွေက နွားစာ စဉ်းဖို့ ပြောင်းရိုးတွေ ကုန်နေလို့ သူ့ကို ပြောင်းရိုးခုတ်လွှတ်လိုက် တာတဲ့ဗျ၊ သူတို့ရွာနောက်ဘက်က သူ့တို့ယာထဲမှာ စိုက်ထားတဲ့ ပြောင်းရိုးတွေ သွားခုတ်ရတာတဲ့ဗျို့၊ ပြောင်းရိုးတွေ ခုတ်ပြီးလို့ လှည်းပေါ်တင်နေတုန်း နွားတွေက တဖူးဖူးနဲ့ နှာတွေမှုတ်ရောတဲ့ ဗျာ၊ ဒါနဲ့ မြွေတွေဘာတွေလားဆိုပြီး ကြည့်လိုက်တော့ သူ့လှည်း အောက်ကနေ ကြောင်နက်တစ်ကောင် ပြေးထွက်လာပြီး သူ့ကို ပတ်တာတဲ့ဗျို့။ စောစောက လေးလေးပြောသလိုပဲ၊ အဝိုင်းကျယ် ကျယ်ကနေ တဖြည်းဖြည်း ကျဉ်းလာတာတဲ့၊ ဒီမှာတင် ဘိုးစိန် မောင်က ဒါ မှင်စာပဲဆိုတာ သိသွားပြီး ထွက်ပြေးမယ်ကြံတော့ ခြေထောက်တွေက ကြွလို့ မရတော့ဘူးတဲ့ဗျာ။

ဒီတော့မှ ဘိုးစိန်မောင်က တအားကြောက်သွားပြီး အနီး



www.burmeseclassic.com

www.burmeseclassic.com



အနား ယာတွေမှာ အလုပ်လုပ်နေတဲ့လူတွေ ကြားအောင် ကုန်းအော်မယ်လို့ စိတ်ကူးပြီး အော်မယ်လုပ်ပေမယ့် ပါးစပ်က ဟလို့ မရဘူးတဲ့ဗျာ။ ဒီမှာတင် ဘိုးစိန်မောင်လည်း တအားကြောက်သွားပြီး သေးတွေ ထွက်ကျရောတဲ့ဗျာ။ သူ့ကို ပတ်နေတဲ့ မြွေဟာက ဆက်ပြီးမပတ်တော့ဘဲ တစ်ချက်လှည့်ကြည့်သတဲ့၊ ပြီးတာနဲ့ ပြောင်းပင်တွေကြားကို ဝင်ပြီးပြေးသွားရောတဲ့ဗျာ။ ဒီတော့မှ ဘိုးစိန်မောင်ကြီးလည်း ခြေတွေ လက်တွေ လှုပ်လို့ရလာပြီး ရွာကို တစ်ချိုးတည်း လှည့်မောင်းပြေးတော့တာတဲ့ဗျို့"

"ဟား၊ ဟား၊ ဟား၊ ဘိုးစိန်မောင်ကို ငါသိတာပေါ့ တာတေရ၊ လွှတ်သဘောကောင်းတဲ့ အဘိုးကြီးကွ"

အဲဒီနေ့က လေးလေးဘထွန်းတို့သားအဖ ကျုပ်နဲ့ စကားကောင်းနေလိုက်ကြတာ တော်တော်ကိုကြာမှ ပြန်သွားတာဗျို့။

"တာတေ နေ့လယ်က ဘထွန်းတို့သားအဖ မင်းကို ဘာတွေပြောကြတာတုံးကွ"

ညရောက်တော့ အဘက ကျုပ်ကို မေးတာဗျို့။ နေ့လယ်က လေးလေးဘထွန်း ပြောတာတွေကို နားစွင့်နားဖျားကြားလို့ ရှိမှာပေါ့ဗျာ။

"သူ့အသက်သုံးဆယ်လောက်က အရှေ့ဘက်က တောကို တက်တုန်းက မြင်စာတောကို ရောက်တဲ့အကြောင်း ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ တောထဲမှာ ညအိပ်တော့ မှင်စာတွေ ကြောင်ပုံစံနဲ့ သူတို့ကို ပတ်တာတဲ့ အဘရ၊ အကောင်တစ်ရာ မကဘူးဆိုပဲ"

"သြော် အရှေ့ဘက်က မှင်စာတောကို ပြောတာထင်ပါတယ်၊ အဘတို့လည်း တက်ဖူးတာပါပဲ၊ ဘာမှမဖြစ်ကြပါဘူးကွာ၊ ဘထွန်းတို့က တစ်ခုခုမှားသွားလို့ ရှိမှာပါ"

"ဟာ ဟုတ်တာပေါ့ အဘရဲ့၊ ဒီလူတွေက ကြောင်ကို ဘိထောင်ပြီး ချက်စားကြတာဆိုပဲ၊ အဲဒီမှာတင် မှင်စာတွေရောက်လာပြီး ဝိုင်းတာတဲ့ဗျ"

"အို...တယ်လည်းမိုက်တဲ့ ကောင်တွေပါလား၊ မှင်စာတောကို တက်ရင် ကြောင် မပစ်ရဘူးဆိုတာ နားမှမလည်ဘဲကိုး၊ အဲဒီတောမှာက ဘယ်ဟာကကြောင်၊ ဘယ်ဟာက မှင်စာဆိုတာ ဘယ်သူမှ ခွဲနိုင်တာ မဟုတ်ဘူး၊ မသေတာပဲ ဒီကောင်တွေ ကံကောင်းလှပြီပေါ့ကွာ"

"ပြီးတော့ သူ့သားအောင်ထိန်ကလည်း ပြောသေးတယ် အဘရ၊ ပြီးခဲ့တဲ့အခေါက်က သမုန်းအိုင်ဘက်မှာ ထင်းခုတ်နေတုန်း ကလေးချော့သံ ကြားလို့တဲ့ဗျ"

"တောက်တီး တောက်တဲ့ကွာ၊ ဒီတောကြီးထဲမှာ ဘယ်မိန်းမက လာပြီး ကလေးချော့မှာတုံး၊ တစ်ခါတလေကျတော့လည်း တောထဲမှာ ကြက်သံ၊ ငှက်သံ၊ လေတိုက်တဲ့အသံတွေက



www.burmeseclassic.com

www.burmeseclassic.com



လှူသံလိုလို ဘာလိုလို ထင်မိတာမျိုးတော့ ရှိတာပေါ့လေ"

"သမုန်းအိုင်ဆိုတာ ဘယ်နှားကို ခေါ်တာတုံး တာတေရဲ့"

အမေကလည်း ဝင်ပြီးမေးတယ်။ ကျုပ် မပြောခင် အဘကပဲ ပြောလိုက်တယ်။

"သမုန်းအိုင်ဆိုတာ ဟိုဟာပေါ့ဟယ်၊ သစ်မလဲကုန်း မရောက်ခင် သမုန်းပင်တွေ အများကြီးပေါက်တဲ့ ရေအိုင်ကြီးကို ပြောတာပေါ့ ငွေစိန်ရယ်"

"သြော် အဲဒီအိုင်ကြီးလား၊ တောကောင်တွေ ညဘက် ရေသောက်တဲ့ အိုင်ကြီးလို့ ကျုပ်တို့ဘိုး ပြောဖူးတာပဲ"

"အေး…ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီအိုင်ကြီးကို ပြောတာ"

"နေပါဦး အဘရဲ့၊ သစ်မလဲကုန်းကြီးက တော်တော် မြင့်တာဗျ၊ ဘာဖြစ်လို့ သစ်မလဲလို့ ခေါ်တာတုံး"

"အဲဒါ တောင်ပူစာကြီးကွ၊ ဒါကြောင့် မြင့်တာပေါ့၊ ဒီလိုကွ၊ အဲဒီကုန်းကြီးပေါ်မှာ သက်ရင့်သစ်ပင်ကြီးတွေ အများကြီးရှိတယ်၊ ဘယ်သူမှ မလှဲရဲလို့ ကျန်နေတာပေါ့ လူလေးရ၊ လှဲရဲလို့ကတော့ တောင်ကတုံးကြီး ဖြစ်သွားမှာပေါ့"

"ဟင်…ဘာဖြစ်လို့ မလှဲရဲတာတုံး အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘတို့ဘိုး ပြောဖူးတယ်၊ မီးလောင်ကုန်းက ကိုဘရှင်ဆိုတဲ့လူတစ်ယောက် အဲဒီကုန်းပေါ်က အကြီးဆုံး အဖြောင့်ဆုံးအပင်ကြီးတစ်ပင် လှဲဖူးသတဲ့၊ လွှနဲ့ဖြတ်လို့ သစ်ပင်ကြီး လုံးဝပြတ်သွားတာတောင် မလဲဘူးတဲ့ကွ"

"ဗျာ ဟုတ်လား အဘ"

"အေး ဟုတ်တယ်တဲ့၊ ကြိုးနဲ့ဆွဲပြီး လူလေးငါးယောက်ဆွဲလည်း မလဲဘူးတဲ့ကွ၊ နောက်ဆုံး ဘယ်လိုလှဲလို့မှ မလဲတော့အကြံအိုက်ပြီး ထိုင်နေကြတုန်း တောထဲက အော်သံကြီးတွေကြားလို့ ထွက်ပြေးလာကြရဆိုပဲ။ နောက်တစ်နေ့ လူစုပြီး သွားကြည့်တော့ မနေ့က လွှနဲ့ဖြတ်ထားတဲ့ သစ်ပင်ကြီးက လွှရာတောင်မရှိဘဲ အကောင်းပကတိ ပြန်ဖြစ်နေတာတဲ့ဟေ့၊ ဒါနဲ့ ဘိုးဘရှင်က ကန်တော့ပွဲပေးပြီး တောင်းပန်လိုက်ရသတဲ့၊ အဲဒီကတည်းကအဲဒီတောင်ကုန်းကို သစ်မလဲကုန်းလို့ ခေါ်ကြတာတဲ့ကွ၊ စောစောကပြောတဲ့ သမုန်းအိုင်ကြီးက သစ်မလဲတောင်ကုန်းရဲ့အခြေမှာရှိတာပေါ့ ငွေစိန်ရဲ့"

"ဩော် ဒါကြောင့် သစ်မလဲလို့ ခေါ်တာကိုး"

ကျုပ်တို့မိသားစုသုံးယောက် စကားတွေပြောရင်းတော်တော်ညဉ့်နက်မှ အိပ်ရာဝင်ခဲ့ကြတယ်။

လေတွေကလည်း တိုက်လိုက်တာဗျာ။ ကျုပ်ကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



က ဝတ်ထားတဲ့ အင်္ကျီ၊ ပုဆိုးတွေဆိုတာ လေထဲမှာ တဖျတ်ဖျတ် လွင့်နေတာဗျ။ ကျုပ်ရောက်နေတာ သစ်မလဲတောင်ကုန်းကြီးပေါ် မှာဗျ။ သစ်မလဲတောင်စောင်းကနေ ကျုပ်က အောက်ကို ငုံ့ကြည့် နေတာ။ လပြည့်ညဗျ။ ကောင်းကင်ကို မော့ကြည့်တော့ လကြီးမှ သာလိုက်တာ ထိန်လို့ဗျို့။ အောက်ကို ငုံ့ကြည့်နေတာ လသာတော့ လရောင်တဖျတ်ဖျတ် လက်နေတဲ့ သမုန်းအိုင်ကြီးကို အပေါ်စီးက မြင်နေရတာဗျ။ ရေအိုင်ဘေးမှာ သမုန်းပင်တွေက တောအုပ်လိုကို ပေါက်နေတာ။

ဟာ…အိမ်ကလေး တစ်လုံးပါလား။ သမုန်းအိုင်နဲ့ မလှမ်းမကမ်းမှာ အိမ်လေးတစ်လုံးဗျ။ ကြည့်စမ်းဗျာ။ ဒီတောကြီး ထဲမှာ ဒီလောက် သပ်သပ်ရပ်ရပ် ဆောက်ထားတဲ့အိမ်ကလေး တစ်လုံးက ဘယ်လိုများ ရှိနေရတာတုံး။ ပျဉ်ထောင်တစ်ထပ်အိမ် ဗျ။ သက်ကယ်မိုးနဲ့။ ဟော အိမ်ထဲက မိန်းမတစ်ယောက် ထွက် လာတယ်ဗျို့။ မိန်းမကို ကျုပ်က လရောင်အောက်မှ ထင်ထင် ရှားရှား မြင်နေရတယ်။ အသက်လေးဆယ်လောက် ရှိမယ်ဗျ။ သူ့ကို ကျုပ် မြင်ဖူးသလိုလို ရှိတာနဲ့ သေသေချာချာ ကြည့်နေမိ တာ၊ အဲဒီမိန်းမက ဆံပင်တော့ ကျောပေါ်မှာ ဖြန့်ချထားတယ်။ ရုပ်ရည်က ရွက်ကြမ်းရေကျိုရုပ်မျိုးဗျ။

ဟာ…ကျုပ်ကို မြင်သွားပြီး လှမ်းကြည့်နေတယ်။ ဟော



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြတယ်။ ရှင်းရှင်းနှီးနှီး ရှိတဲ့ပုံမျိုးဗျ။

"တာတေ လာလေ၊ တောင်စောင်းအတိုင်း ဆင်းလာခဲ့၊ ငါပါဟဲ့ တာတေရဲ့၊ နင် ငါ့ကို မမှတ်မိဘူးလား"

ကျုပ် မမှတ်မိဘူးဗျ။ သိသလိုလိုတော့ ရှိတယ်။ ကျုပ်လည်း သူ့ကို စိုက်ကြည့်နေမိတယ်။

"တာတေ၊ ငါ မဖဲဝါလေ"

"ဗျာ၊ မဖဲဝါ ဟုတ်လား"

မဖဲဝါကို ဒီအရွယ်မျိုး၊ ဒီရုပ်ရည်မျိုးနဲ့ ကျုပ် တစ်ခါမှကို မတွေ့ဖူးဘူးဗျ။ ကျုပ် သစ်မလဲတောင်ကုန်းပေါ်ကနေ ခပ်သုတ်သုတ် ဆင်းလာပြီး သမုန်းအိုင်ဘေးကနေပတ်ပြီး လျှောက်သွားလိုက်တယ်။ ပျဉ်ထောင်အိမ်လေးရှေ့မှာ မဖဲဝါက ကျုပ်ကိုရပ်ပြီး စောင့်နေတယ်။

"လာ တာတေ၊ အိမ်ပေါ်တက်ခဲ့"

မဖဲဝါက ရှေ့ကတက်ပြီး ကျုပ်က နောက်က တက်ခဲ့တယ်။ အိမ်လေးက အထဲမှာလည်း သပ်သပ်ရပ်ရပ်ကလေးဗျ။ အိမ်ထဲမှာ ကုတင်နှစ်လုံး ချထားတယ်။ အဝတ်အစားထည့်တဲ့ ဘီရိုတစ်လုံးရှိတယ်။ အိုးခွက်ပန်းကန်တွေလည်း အစုံဗျ။ ကလေးကစားစရာတွေလည်း စုံလို့ပါဗျာ။ ကျုပ်က အိမ်ထဲကို အကဲခတ်ပြီး ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင် တာတေ၊ ဖျာပေါ်မှာထိုင်"

ကျုပ်က သင်ဖြူးဖျာလေးတစ်ချပ်ပေါ်မှာ ထိုင်လိုက်တယ်။ ကျုပ်နဲ့ ခပ်လှမ်းလှမ်းက ဖျာပေါ်မှာ မဖဲဝါက ထိုင်တယ်။ မဖဲဝါဆိုလို့သာ ယုံရတာပါဗျာ။ မိန်းမတစ်ယောက်ပါပဲ။ ကျုပ်တို့ ထနောင်းကုန်းက မဝိုင်းကြည်တို့၊ လုံးကြည်တို့လိုပါပဲဗျာ။

ဟာ…ကုတင်ပေါ်မှာ ကလေးတစ်ယောက် အိပ်နေပါလား။ ရှပ်အင်္ကျီဝါဝါလေး ဝတ်ပြီး၊ ပုဆိုးအစိမ်းကွက်ကလေးကို ဝတ်လို့ဗျ။ အသက်က ခြောက်နှစ် ခုနစ်နှစ် အရွယ်လေးဗျ။ အိမ်ထဲမှာ ထွန်းထားတဲ့ ရေနံဆီမှန်အိမ်လေးရဲ့ အလင်းရောင်နဲ့ ကျုပ် သေသေချာချာ မြင်နေရတာဗျ။ ကလေးက အသားဖြူဖြူလေးဗျ။ ချစ်စရာကောင်းလေးပဲလို့ ကျုပ် တွေးနေမိတယ်။ ကလေးကို ကျုပ်ကြည့်နေမှန်း မဖဲဝါက သိတယ်ဗျ။

"တာတေ အဲဒါ ငါ့သား ဖဲညို့လေ"

"ဗျာ မဖဲဝါရဲ့သား ဟုတ်လား"

ကျုပ်က တအံ့တသြနဲ့ မေးလိုက်မိတာဗျ။

"နင် တော်တော်အံ့သြသွားလား၊ ငါ့သားဆိုပေမယ့် သူက လူဟုတ် တာတေရဲ့၊ ငါ့သားနာမည်က မောင်ဖဲညိုတဲ့ မဖဲဝါ မွေးတဲ့သားဆိုတော့ မောင်ဖဲညိုပေါ့ဟယ်၊ ဖဲညို ဆိုပေမယ့် ငါ့သားက အသားသိပ်မညိုပါဘူး တာတေရဲ့၊ ဖြူဖြူလေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



နင် ဖဲညိုကို ချစ်လား”

“ချစ်စရာလေးဗျ၊ မဖဲဝါရဲ့ ဒီကလေးက မဖဲဝါရဲ့သား ဟုတ်လား”

“ဟုတ်တယ် တာတေ၊ နို့စို့ကလေးလေး အရွယ်ကတည်းက သစ်မလဲတောင်ပိုင်ဘိုးဘိုးကြီး တာဝန်ပေးလို့ ငါမွေးခဲ့ရတဲ့ ငါ့သားပဲ့၊ ဒီနေရာမှာ ဒီအိမ်လေးကို ဘိုးဘိုးကြီးရဲ့ တန်ခိုးနဲ့ ဆောက်ပေးထားတာ၊ အိမ်ထဲမှာလည်း အချိန်တန်ရင် ထမင်းဟင်းတွေကို ဘိုးဘိုးကြီးက အမြဲဖန်ဆင်းပေးထားတာ။ ငယ်ငယ်တုန်းကဆိုရင် ငါ့သားဖဲညိုမှာ နွားနို့တို့၊ ဆိတ်နို့တို့ မပြတ်ရအောင်ကို ဘိုးဘိုးကြီးက အဆင်သင့် ထည့်ပေးထားတာ။ ထမင်းစားတတ်တဲ့ အရွယ်ရောက်တော့လည်း ငါ့သားကြိုက်တဲ့ဟင်းကို မထပ်အောင်ကို ဘိုးဘိုးကြီးက စီမံပြီး အိုးတွေ၊ ပန်းကန်တွေထဲမှာ အချိန်မရွေး လှမ်းကြည့်လိုက် အမြဲရှိနေတာ တာတေရဲ့၊ ငါက ငါ့သားကို မွေးပေးရုံပဲ။ ထမင်းခွံ့ပေး၊ နို့တိုက်ပေး၊ ချေးကလူ၊ သေးကလူ လုပ်ကိုင်ပေးပေါ့ဟယ်၊ ငါ့သားဝတ်ဖို့ အဝတ်အစားဆိုတာ သူ့အရွယ်နဲ့သူ မနွမ်းစေရအောင် ဘိုးဘိုးကြီးက ဆင်တာဟော့”

“ဒီကလေးက ဘယ်လိုများ ရောက်လာတာတုံးဗျ”

ကျုပ်ကလည်း သိချင်တာဆိုရင် သိပ်အောင့်မထားတတ်ဘူးဗျ။ မဖဲဝါကို တန်းမေးလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးရဲ့ မိဘနှစ်ပါးကို ကားလမ်းဓားပြတွေက သတ်ပစ်ပြီး ပါလာတဲ့ ရွှေတွေ၊ ငွေတွေ အကုန်ယူကြတယ်။ ကလေးကိုတော့ မသတ်ရက်တာနဲ့ ခေါ်လာကြပြီး ဒီတောထဲမှာ ငှက်ပျောဖက်တွေခင်းပြီး ထားပစ်ခဲ့ကြတာ၊ တော်တော်ကို ရက်စက်တဲ့လူတွေပေါ့ဟယ်၊ ကလေးငိုသံကြားလို့ တောင်ပိုင်ဘိုးဘိုးကြီးက လာကြည့်တော့ အကျိုးအကြောင်း အားလုံးသိသွားပြီး ငါ့ကို ချက်ချင်းအမိန့်ပြန်ခေါ်လိုက်လို့ ငါရောက်လာပြီး ဒီကလေးကို မွေးနေရတာ၊ နင် ငါ့ကို ပင့်တဲ့အခါတိုင်း ငါ ဒီနေရာကနေ နင့်ဆီကို ကြွလာခဲ့ရတာ တာတေ"

"ဟင် ဒါဆိုရင် အဲဒီအချိန်မှာ ကလေးကို ဘယ်သူနဲ့ ထားခဲ့တုံးဗျ"

"မဖဲ၀ါတစ်ယောက် ထားခဲ့တာပေါ့ဟဲ့ တာတေရဲ့၊ ဒီလိုပဲ ငါက ခွဲသွားနေကျပဲဟာ"

"ဩော် ဒီလိုကိုး"

ဒီကိစ္စကိုတော့ ကျုပ် မအံ့ဩပါဘူး။ ဘာဖြစ်လို့တုံးဆိုတော့ ကျုပ်ဆီမှာတောင် မဖဲ၀ါရဲ့ ကိုယ်ခွဲ၊ ကလေး ရှိနေတာပဲလေဗျာ။

"နင့်ကို ငါ အခုခေါ်တွေ့တာက ကိစ္စရှိလို့ဟဲ့ တာတေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ဘာကိစ္စတုံး မဖဲဝါ"

"ငါ့သားဖဲညို ခုနစ်နှစ် ပြည့်သွားပြီ တာတေ၊ ဘိုးဘိုးကြီးက ဖဲညိုကို နင့်ဆရာတော်ဆီမှာ အပ်ခိုင်းတယ်၊ ဖဲညိုကို သာသနာ့ဘောင်သွင်းပြီး စာပေကျမ်းဂန်တွေ သင်ကြားပေးရမယ်လို့ မိန့်တယ်၊ ဒါကြောင့် နင့်ကို ခေါ်ရတာ"

"ဟင် ဟုတ်လား၊ ကျုပ်ဆရာတော်ဆီမှာ အပ်ပေးမယ် မဖဲဝါ၊ ဒါနဲ့ ဖဲညိုလေးကို ကျုပ် ဘယ်တော့ လာခေါ်ရမှာတုံးဗျ"

"မနက်ဖြန် မနက်စောစော လာခေါ် တာတေ၊ ငါ့သားကို ငါ အားလုံးပြောထားပြီးပြီ၊ သူ စောင့်နေလိမ့်မယ်"

"ကောင်းပါပြီ မဖဲဝါ၊ ကျုပ် မနက်ကို စောစောလာပြီး ဖဲညိုလေးကို ခေါ်ပါ့မယ်"

"ဟဲ့ တာတေ၊ ထစမ်း၊ ထစမ်း"

အမေက ကျုပ်ကို လှုပ်နှိုးနေတာဗျ။ ကျုပ် အိပ်မက်က နေ လန့်နိုးသွားတယ်။

"အမေ ဘာတုံး၊ ဘာဖြစ်လို့တုံး"

"နင့်မလဲ နှိုးလိုက်ရတာဟာယ်၊ ထပြီး နားလေးဘာလေး ထောင်စမ်း၊ ဘာသံကြီးတုံး မသိဘူး"

"ဝေါင်း၊ ဝေါင်း"

ကျုပ် အိပ်ရာထဲမှာ ငုတ်တုတ် ထထိုင်ပြီး နားထောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဟာ ကျားဟိန်းသံကြီးဗျ။ ကျုပ်တို့ဘက်က တောတွေမှာ ကျားမှမရှိတာ။ ဘယ်လိုဖြစ်တာတုံး။

"ကျားဟိန်းသံကြီးဗျ အမေရ"

"အေး ဟုတ်တယ်၊ နင့်အဘတော့ အိမ်ရှေ့ထွက်ကြည့်နေတယ်၊ ရွာထဲကလူတွေလည်း နိုးကုန်ပြီ၊ တစ်အိမ်နဲ့တစ်အိမ်လှမ်းပြီး စကားပြောနေကြတယ်"

အားလုံးနိုးနိုးကြားကြားရှိအောင် နေကြတဲ့ သဘောပေါ့ဗျာ။ ကျုပ်တို့ အညာရွာလေးရဲ့ ခလေ့လေးတွေပေါ့ဗျာ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ကျားသံက ရွာအနောက်ဘက်က ကြားရတာဗျ။ ကျုပ်စိတ်ထင်တော့ သချိုင်းကုန်းဘက်က ထင်တယ်။ ခဏနေတော့ အသံပျောက်သွားတယ်။ ကျုပ်တို့လည်း အိပ်လို့မပျော်ကြတော့ဘူးပေါ့ဗျာ။ အခြေအနေကို စောင့်ကြည့်နေကြရတာဗျ။ ရွာထဲများ ကျားဝင်လာမလားလို့ပေါ့ဗျာ။ ဒါပေမဲ့ ရွာထဲက ခွေးတွေရော၊ နွားတွေရော ငြိမ်နေကြတာဗျာ။ ရွာထဲမှာ ကျားဝင်လာရင် ဒီကောင်တွေ ဘယ်ငြိမ်နေပါ့မလဲဗျာ။

မနက်မိုးလင်းတော့ ယာထဲစောစောဆင်းမယ့်သူတွေ၊ ရွာပြင်ထွက်ပြီး သွားလာလုပ်ကိုင်မယ့်သူတွေ တစ်ယောက်မှ မထွက်ဝံ့တော့ဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီထဲမှာ ကျုပ်လည်း ပါတယ်ဗျ။

"ဟဲ့ တာတေ၊ နင်ကရော စောစောစီးစီး ဘယ်သွားမလို့ တုံး၊ ဖင်တကြွကြွနဲ့"

"ကျုပ် လူတစ်ယောက် သွားခေါ်ရမှာမို့လို့ အမေရ"

"ဘာ၊ ဘယ်ကလူတုံး"

"ကလေးပါ၊ ကလေးတစ်ယောက်ကို သွားခေါ်ပေးရမှာ"

"ဟော…ကလေး၊ ဘယ်က ကလေးတုံး"

"ဆရာတော့်ကျောင်းကို ပို့ပေးရမယ့်ကလေး အမေရ"

ဆရာတော်ဆိုတဲ့အသံ ကြားတော့မှ အမေ ငြိမ်သွားတာဗျ။

"ကြည့်လည်းသွား၊ ကျားက ခြုံတောထဲ ဝပ်ချင်ဝပ်နေမှာ"

"ဟုတ်ကဲ့ပါ အမေ"

လို့ ပြောပြီး ကျုပ် ဖွတ်ထွက်ခဲ့တာဗျ။ ကျုပ်က ဆေးလွယ်အိတ်ကို စလွယ်သိုင်း လွယ်ထားတာတွေ့တော့ အမေက ကျုပ်ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေတယ်ဗျ။

သမန်းအိုင်ကို ကျုပ်ရောက်တော့ သစ်ရွက်တွေပေါ်ကို နှင်းတွေ တပေါက်ပေါက် ကျနေတာဗျို့။ ညက အိပ်မ‌ပျော်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရောက်ခဲ့တဲ့ အိမ်ကလေးကို လိုက်ရှာနေတုန်းဗျ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟာ ဒါ ညက ကျုပ်တို့ရွာမှာ ကြားလိုက်ရတဲ့ ကျားဟိန်းသံကြီးပဲဗျ။ ကျုပ် ကပျာကယာပြေးပြီး တောင်ထန်းပင်နောက်ကို ပြေးကပ်လိုက်တယ်။ ကျားသံကြားတဲ့ဘက်ကို လှမ်းကြည့်လိုက်တော့ ဟာ တွေ့ပြီဗျို့၊ တွေ့ပြီ။ ညက ကျုပ် အိပ်မက်ထဲမှာ ရောက်ခဲ့တဲ့ အိမ်ကလေးဗျ။ မဖဲဝါတို့သားအမိ နေတဲ့အိမ်ဗျ။ ဟာ ကျား၊ ကျား ကိုးတောင်ကျားကြီးဗျ။ အိမ်ကလေးကိုပတ်ပြီး သွားနေတာ။ ခါးကြီးက တန့်နွဲ့နွဲ့နဲ့ဗျ။

ကျုပ်က ကျား အိမ်ဟိုဘက်ကို ရောက်သွားတဲ့အချိန်မှာ ရေအိုင်ဘေးကပတ်ပြေးပြီး အိမ်နားကို နီးအောင်ရွှေ့လိုက်တယ်။ အလို အိမ်ရှေ့မှာ မတ်တတ်ကြီးရပ်နေတာ မဖဲဝါပဲ။ ကျားကို သူ ဘာမှမလုပ်ဘူးလား။ ဖဲညိုရော၊ ဖဲညို၊ ကျုပ် လိုက်ကြည့်တယ်။ ဖဲညိုကို မတွေ့ဘူးဗျ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟော ကျားက အိမ်ကို တစ်ပတ်ပတ်ပြီး ဒီဘက် ပြန်ရောက်လာပြီဗျို့။ ကျုပ်က ပိတောက်ပင်ကြီးနောက်မှာ ကပ်ပြီး ငြိမ်နေလိုက်ရတယ်။

ကျားက အိမ်ကိုပတ်နေပုံထောက်ရင် ဖဲညို အိမ်ထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မယ်ဗျ။ ကျားက ကလေးကို ခြောက်နေတာပဲ ဖြစ်မယ်။

"ဟား၊ ဟား၊ ဟား၊ ဟား မဖဲဝါ နင် ဘာတတ်နိုင်သေးတုံး၊ နင် သားတစ်ယောက် မွေးနေတယ်ဆိုတဲ့သတင်း ကြားကတည်းက ငါလိုက်နေခဲ့တာ၊ နောက်ဆုံးနေ့မှပဲ လာပြီးမိတော့တာကိုး၊ ဒီနေ့ နင့်သားကို ထနောင်းကုန်းဆရာတော်ဆီအပ်ပြီး ဒီနေရာကနေ နင်အပြီးထွက်သွားတော့မှာကို ငါသိလို့ ညကတစ်ညလုံး ထနောင်းကုန်းက ကောင်တွေ အပြင်ထွက်မလာရဲအောင် ကျားသံပေးခဲ့ပြီးသား၊ ခုလောက်ရှိရင် ကလေး လာခေါ်မယ့်အကောင် ကြောက်ချီးပါပြီး အိမ်ပြင်ကိုတောင် ထွက်လာနိုင်မှာ မဟုတ်ဘူး ကြားလား၊ ကဲ နင့်သားကို အိမ်ထဲမှာ ငါဖမ်းထားလိုက်ပြီ၊ နင့်ဆီက ငါလိုချင်နေတဲ့ မြောက်ဘက်ရှင်မရဲ့ 'ပညာဖူး' အခုပေး၊ နင် စောင့်နေရတာမှန်း ငါအတတ်သိတယ်၊ မပေးရင် နင့်သားကို ငါခေါ်သွားမယ်၊ ငါလို ကဝေရာဇာဖြစ်အောင် ငါလုပ်ပေးမယ်"

"တောက်"

ဟာ မဖဲဝါက တောက်ခေါက်တယ်ဗျ။ လူကတော့ မလှုပ်နိုင်ဘူး။ ကျုပ် သေသေချာချာ ကြည့်လိုက်တော့မှ ဘြော်ကဝေက စက်တွေနဲ့ ဖမ်းထားတာကိုး၊ ကျုပ် ချက်ချင်းမျက်ကွင်းဆေးသွေးပြီး ကွင်းလိုက်တယ်။ ကျုပ်ဆေးလွယ်အိတ်မှာဒီ အစုံ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီးသားလေဗျာ။

ဒီတော့မှ ကဝေစက်တွေကို ကျုပ် သေသေချာချာ မြင်ရတာဗျ။ မဖဲဝါရဲ့ တစ်ကိုယ်လုံးမှာကို ကဝေစက်တွေ ပတ်ထားတာဗျို့။ ဒါကြောင့် မဖဲဝါ မလှုပ်နိုင်တာ။

"ဩော် သရဲမက တောက်တော့ ခေါက်နိုင်သေးတာကိုး၊ နင် ဘယ်လောက် ခေါင်းမာမလဲ သိရသေးတာပေါ့"

ပြောပြောဆိုဆိုနဲ့ ကဝေရာဇာက သူ့ပါးစပ်ထဲက စိမ်းစိမ်းပြာပြာစက်တွေကို ထပ်လွှတ်နေတယ်ဗျ။

ကျုပ်က ဆေးလွယ်အိတ်ထဲက သံကဝေရုပ်ကလေးကို ထုတ်ယူလိုက်ပြီး ဂါထာရွတ်လိုက်တယ်။ ကျုပ်ဆရာကြီးတွေ ကျုပ်ကို ချီးမြှင့်ခဲ့တဲ့ အရုပ်လေဗျာ။

သံကဝေနဲ့ တွေ့လို့ကတော့ ဘယ်ကဝေစက်မှ မခံနိုင်ဘူးဗျို့။ ကျုပ် အကြိမ်ကြိမ် မြင်ဖူးပြီးသားဗျ။ ကျုပ် လက်ဖဝါးပေါ်မှာ တင်ပြီး ဂါထာရွတ်နေတဲ့ သံကဝေရုပ်ကလေးက အရောင်တွေ တဝင်းဝင်းနဲ့ လက်လာတယ်ဗျို့။ ဟော ပျံသွားပြီ၊ ပျံသွားပြီ။ သံကဝေရုပ်ကလေး လေထဲကို ပျံထွက်သွားပြီ။

"ဝီ၊ ဝီ၊ ဝီ"

အလင်းဝိုင်းလေးတစ်ခု ထွက်သွားတဲ့ သံကဝေရုပ်ကို ကဝေရာဇာက မော့ကြည့်ပြီး မျက်လုံးကြီး ပြူးသွားတယ်။ မဖဲဝါ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကျုပ်ရောက်နေပြီ ဆိုတာကို သိသွားတာပေါ့ဗျာ။ သံကာဝေ ရုပ်ကလေးက ကဝေကြီးရဲ့ ခေါင်းအပေါ်မှာပတ်ပြီး ပျံနေတာဗျို့။ ဟော ဟော ကဝေကြီးရဲ့ ပါးစပ်က ထွက်နေတဲ့ စက်တွေ အရောင်မှိန်သွားပြီဗျ။ မဖဲဝါကို ပတ်ထားတဲ့စက်တွေလည်း အရောင်မှိန်မှိန်လာပြီး ပျောက်သွားပြီ။ ဟော မဖဲဝါရှေ့ကို တစ်လှမ်း လှမ်းထွက်လာပြီး ကျုပ်က ဂါထာရွတ်ပြီး သံကာဝေရုပ် ကလေးကို ပြန်သိမ်းလိုက်တယ်။

"ဘုန်း"

ရိုက်ပြီဗျာ။ မဖဲဝါရဲ့ သံလက်ဝါး ရိုက်ချက်လေဗျာ။ ကဝေရာဇာ ဆိုတဲ့လူ ရှေ့ကို ဟပ်ထိုးလဲကျသွားတယ်။

"ဝေါင်း"

ဟာ ကျားကြီးတစ်ကောင်ဗျို့။ သစ်မလဲတောင်ကုန်းက ပြေးဆင်းလာတာ။ ကိုးတောင်ကြီးကြီး သုံးကောင်စာလောက် ရှိမှာဗျ။

ဟာ ကဝေကောင် ပြေးပြီဗျို့။ မှောက်လျှားထိုး လဲကျ နေရာကနေ ချက်ချင်းကုန်းထပြီး ပြေးတာဗျို့။ ကျားကြီးက သမုန်းအိုင်ကြီးကို လွှားကနဲ ကျော်ခုန်လာတာဗျို့။ ကျုပ်ခြင့် ပိတောက်ပင်ကြီးနောက်မှာကပ်ပြီး အသားတဆတ်ဆတ် တုန်နေ တော့တာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

ကဝေကောင်ကြီး ပြေးလို့ လွတ်နိုင်မလားဗျာ။ မဖဲဝါတို့ အိမ်လေးအလွန်လောက်မှာ ကျားကြီးက ကဝေကို ခုန်အုပ်လိုက်တယ်။

"အား"

ကဝေရဲ့ အသံနက်ကြီးနဲ့ အော်သံက တစ်တောလုံး လွှမ်းသွားတယ်။ သွားပြီဗျာ။ တင်းတောင်းတစ်လုံးလောက်ရှိတဲ့ ခေါင်းကြီးနဲ့ ကျားက ကဝေကို ပါးစပ်ကြီးထဲမှာချီပြီး သစ်မလဲ တောင်ကုန်းပေါ်ကို တက်ပြေးသွားတာများဗျာ လွှားကနဲ လွှားကနဲ နေတာဗျ။ ကျုပ် ရိပ်စားမိပါတယ်။ ဒီကျားဟာ သစ်မလဲတောင် ဘိုးဘိုးကြီးရဲ့ နတ်ကျားကြီးပဲ ဖြစ်မှာပေါ့ဗျာ။

မဖဲဝါက အိမ်ထဲဝင်ပြီး ဖဲညိုလေးကို လက်ဆွဲပြီး ခေါ် ထုတ်လာတယ်။ ဖဲညိုကတော့ အပြင်မှာ ဖြစ်သွားတာတွေကို သိပ်သိပုံမပေါ်ဘူးဗျ။

"တာတေ၊ ဖဲညိုကို ဆရာတော့်ဆီမှာ အပ်လိုက်ပါ၊ ဖဲညိုက သာသနာ့ဘောင်မှာနေပြီး သာသနာပြုမယ့် ပုဂ္ဂိုလ်ပါ၊ ဒါကြောင့် ဘိုးဘိုးနဲ့ ငါ သူ့ကို စောင့်ရှောက်ပေးကြရတာ"

ဖဲညိုက အဝတ်အစား ထည့်ထားတဲ့ လွယ်အိတ်ကလေး စလွယ်သိုင်းပြီး ကျုပ်နဲ့ လိုက်လာတယ်။ ကျုပ်က ဖဲညိုကို



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးပြီး တောထဲကနေ အမြန်ဆုံး ထွက်ခဲ့တယ်။ ရွာတို့ လူတို့ကို တစ်ခါမှ မမြင်ဖူးတဲ့ ဖဲညိုလေးက ထနောင်းကုန်းကို ရောက်တော့ တအံ့တသြ ဖြစ်နေတာပေါ့ဗျာ။

ကျုပ် ဖဲညိုကို ဆရာတော် ဦးဂုဏဆီမှာ အပ်လိုက်တယ်။ ဆရာတော်ကလည်း ဖဲညိုကို မြင်မြင်ချင်း ကရုဏာဖြစ်ပြီး လက်ခံလိုက်တယ်ဗျ။ အဲဒီနေ့ကစပြီး ဖဲညိုဟာ ဆရာတော် မွေးစားတဲ့သား ဖြစ်သွားတာပေါ့ဗျာ။

ခုဆိုရင် ဖဲညို ကိုရင်ဝတ်ထားတာ နှစ်နှစ်တောင် ရှိပြီဗျ။ ကျုပ်တို့ရွာသားတွေက ကိုရင်ဖဲညိုရဲ့ လာရာကို မသိပေမယ့် ကိုရင်ဖဲညိုကို ခင်မင်ကြတယ်။ ကြည်ညိုကြတယ်။ ကိုရင်ဖဲညို ဆွမ်းခံထွက်ရင် အလှုအယက်ကို ဆွမ်းလောင်းကြတာဗျို့။

ကိုရင်ဖဲညိုက သူ့ကို တောထဲက ခေါ်လာခဲ့တဲ့ ကျုပ်ကို တော့ သံယောဇဉ်အရှိဆုံးပေါ့ဗျာ။ တစ်ခါ တစ်ခါတော့ သူ့အမေ မဖဲဝါကို ကိုရင်ဖဲညို သတိရနေတတ်တယ်ဗျ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# ကဝေသွေး

ကျုပ်ရေးခဲ့တဲ့ 'ကဝေဆယ့်နှစ်ကြိုး' စာအုပ်ကို ခင်ဗျား ဖတ်ဖူးမှာပါ။ အဲဒီစာအုပ်ထဲမှာ ကျုပ်ကို ဆရာစိုင်းနွံဖ လာခေါ်လို့

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဒေါက်တာဦးမင်းအောင်နဲ့ ကဝေလိုက်ခရီးတွေမှာ ပါခဲ့တာတွေကို ကျုပ်ရေးပြထားတာလေဗျာ။

အဲဒီခရီးတွေ သွားနေတုန်းက ဒီအကြောင်းကို ဆရာနွံဖ ပြောပြတာဗျ။ ဆရာနွံဖ ကျုပ်ကိုပြောပြတဲ့အတိုင်း ကျုပ်က ခင်ဗျားကို ပြန်ပြောလိုက်မယ်ဗျာ။

"တာတေ၊ ငါတို့ အထက်လမ်းပညာရှင်တွေဟာ အောက်လမ်းပညာသည်တွေ၊ ကဝေတွေ၊ စုန်းတွေကို အမြဲရှာဖွေပြီး နှိမ်နင်းနေကြရတာကွ၊ သူတို့တွေ ပညာနဲ့ လုပ်ထားလို့ ဒုက္ခရောက်နေတဲ့လူတွေကို အသက်ဘေးက ကယ်ပေးကြရတယ်။ ငါ ဒီပညာတွေကို စပြီးလိုက်စားတုန်းက ဆရာပွားကြီးဆီမှာကွ၊ အထက်လမ်းလောကမှာ ပွားနှစ်ပွား ရှိတယ်၊ ဆရာပွားကြီးနဲ့ ဆရာပွားလေးကွ၊ ငါ့ဆရာက ဆရာပွားကြီး၊ သျှောင်တစောင်းထုံးပြီး ပုဆိုးကွက်တုံးကြီး အမြဲဝတ်တယ်၊ ပုဝါပန်းရောင် အမြဲပေါင်းတယ်"

ဆရာစိုင်းနွံဖက သူသောက်နေကျ ဆေးတံမှာ ဆေးတစ်ဆုံ အသစ်ထည့်ပြီး မီးညှိဖွာလိုက်သေးတယ်။

"တစ်ရက်ကျတော့ ငါတို့ဆရာတပည့် ခရီးထွက်ကြရရောပေ့၊ ဒီတုန်းက ဆရာပွားကြီး နေတာ ပုံတောင်ပုံညာဘက်မှာကွ၊ အဲဒီကနေ ဆင်းလာပြီး စစ်ကိုင်းနယ်ထဲကို ဝင်ရတာ၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပွားကြီးက လူတစ်မျိုးကွ တာတေရ၊ သူခရီးထွက်ရင် တပည့်က မမေးရဘူးကွ၊ ဆရာကြီး ဘယ်သွားမှာတုံးတို့ ဘာတို့မေးရင် အားကြီးစိတ်ဆိုးတာကွ၊ ဒီတော့ ငါလည်း သူစီးတဲ့ကားစီး၊ သူ ကုန်းကြောင်းလျှောက်ရင်လျှောက်၊ သူလှည်းနဲ့သွားရင်သွား၊ သူ အိပ်တဲ့နေရာမှာ အိပ်ပေါ့ကွာ၊ ဒါပေမဲ့ ငါ့ဆရာ ဆရာပွားကြီးက တပည့်ကိုတော့ အားကြီးဂရုစိုက်တာကွ။ အစားအသောက်ဆိုရင် လည်း စိတ်တိုင်းကျ ကျွေးတာဟေ့၊ သူ့ပညာကလည်း ထက် လိုက်ပါဘိသနဲ့ကွာ၊ ဒါနဲ့ ငါက ဆရာ့ကို မေးကြည့်တယ်ကွ။

"ဆရာကြီးဟာ ဘယ်ကဝေ၊ ဘယ်စုန်းနဲ့တွေ့တွေ့ နိုင် တာချည်းပဲ ကျွန်တော် တွေ့ရတယ်၊ ဆရာကြီး ရှုံးတာမျိုး၊ ထွက်ပြေးခဲ့ရတာမျိုးရော ကြုံဖူးလားဗျာ"

"ဟဲ့ နွံဖ၊ နင်မှတ်ထား၊ ငါတို့ အထက်လမ်းဆရာတွေ ဟာ ကိုယ်နိုင်တဲ့ဝန်ကိုပဲ ထမ်းကြရတယ်၊ ငါ့ပညာအဆင့်နဲ့ နိုင်တဲ့ ကဝေတို့၊ စုန်းတို့၊ အောက်လမ်းတို့ကိုပဲ ငါ နှိမ်နင်းရတာ ဆိုတော့ ဘယ်မှာ ရှုံးမှာတုံး နွံဖရဲ့၊ အထက်ပုဂ္ဂိုလ်ကြီးတွေက လည်း ငါတို့ပညာနဲ့ တန်တာကိုပဲ ခိုင်းတာကွ"

"သြော်…ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး…အခုလည်း အထက်ပုဂ္ဂိုလ်ကြီးတွေ ခိုင်းလို့ ငါ လာခဲ့ရတာပဲ နွံဖရဲ့၊ ဟိုရှေ့မှာ မြင်နေရတဲ့ ဘုရားငုတ်တို



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ရွာကြီးကို သွားရမှာကွ၊ မကြာခင် ရောက်တော့မယ်၊ သတိ ဝီရိယထားတော့၊ ရန်သူနယ်ထဲ ဝင်လာပြီ နှံ့ဖ"

ဒီတုန်းကတော့ အဲဒီရွာကြီးကို ဘုရားငုတ်တိုလို့ ခေါ်တာပဲကွ။ အခုတော့ ဘာလို့ခေါ်လဲ မပြောတတ်ဘူး။ ဆရာကြီးက လွယ်အိတ်ကြီးတစ်လုံးလွယ်ပြီး ရှေ့ကသွား၊ ငါက နောက်က လိုက်ပေါ့ကွာ။ ငါ့မှာလည်း လွယ်အိတ်တစ်လုံး ပါတယ်ကွ။ လွယ်အိတ်ဆိုပေမယ့် ငါလွယ်ထားတာက ပိတ်အိတ်ကြီးကွ။ ဆရာကြီး အဝတ်အစား တစ်စုံနဲ့ ငါ့အဝတ်တစ်စုံ ပါတယ်။ စားဖို့ သောက်ဖို့တွေလည်း ပါတယ်ကွ။ တို့ဆရာတပည့် နှစ်ယောက် လှည်းလမ်းကြောင်းအတိုင်း လျှောက်လာကြတာပေါ့။ ယာခင်းထဲမှာ စိုက်ထားတဲ့ ထန်းတောလေးအောက်လည်း ရောက်ရော ဆရာကြီးက တုန့်ကနဲရပ်လိုက်တယ်။ ငါလည်း ရပ်ရတာပေါ့ကွာ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ယင်ကောင်ကွ။ မဲမဲကျားကျားကြီး၊ ခေါင်းနီနီကြီးနဲ့ ဆရာကြီး မျက်နှာနားမှာ ပတ်ပြီး ပျံနေတာ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဆရာကြီးက သူ့ခေါင်းမှာ ပေါင်းထားတဲ့ ပန်းရောင်ပုဝါကို ဖြုတ်ယူလိုက်ပြီး ဖြန့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ယင်မဲကြီးက ဆရာကြီးမျက်နှာနားကို ကပ်အလာမှာ ပုဝါလေးနဲ့အုပ်ပြီး ဖမ်းလိုက်တယ်။

"ကဝေကြီးရဲ့ လက်ကသုံး တောင်ဇေး မောင်စံခွေး၊ မင်း နဂိုရုပ် အခုလုပ်လိုက်စမ်း"

လို့ အသံခပ်ထန်ထန်နဲ့ ဆရာကြီးက အမိန့်ပြန်လိုက်ပြီး တော့ လက်ထဲက ပုဝါကို ခပ်နာနာ ခါထုတ်လိုက်တယ်။ ငါ သေသေချာချာ မြင်လိုက်တာကွ။ ယင်မဲရိုင်းကြီးက လွင့်ထွက် သွားပြီး ထန်းပင်နောက်ကို ရောက်သွားတယ်။ ချက်ချင်းပဲ ထန်းပင်နောက်က ကောင်လေးတစ်ယောက် ထွက်လာတယ်။ အသက်ဆယ့်ငါးနှစ်လောက်ပဲ ရှိဦးမယ်ကွ။ ဆရာကြီးနဲ့ ဆယ်ပေ အကွာလောက်မှာ ရပ်ပြီး ဆရာကြီးကို ခပ်စိမ်းစိမ်း ကြည့်နေတာ ဟေ့။

"ဟဲ့ စံခွေး၊ နင့်ဆရာကဝေစုတ်က နင့်ကို စုံစမ်းဖို့ ယင်ကောင်လုပ်ပြီး လွှတ်လိုက်တာမို့လား၊ သွားပြောလိုက် စံခွေး၊ ငါရောက်ပြီလို့၊ ဒီညပဲ တွေ့ကြမယ်လို့ ပြောလိုက်၊ မင်းလည်း မသေချင်ရင် ပြေးတော့၊ နေစမ်းဦး စံခွေး၊ မင်းဆရာကဝေစုတ် က မယား ဘယ်နှယောက်ရှိတုံး"

စံခွေးဆိုတဲ့ကောင်က မပြောဘူး ပေနေတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ စံခွေး စောစောက နင့်အသက်ကို ငါလွှတ်ပေးလိုက်တာကိုတောင် နင်မထောက်ဘူးလား"

လို့ ဆရာပွားကြီးက ခပ်ငေါက်ငေါက် ပြောလိုက်တော့မှ စံခွေးက ပျာပျာသလဲ ဖြစ်သွားရောကွ။

"လေးယောက်ဗျ၊ လေးယောက်"

"ဟား၊ ဟား၊ ဟား သူ့ဆီမှာ စုန်းပညာသင်တဲ့ တပည့်တွေကို ယူထားတာနေမှာပေါ့၊ မင်းဆရာကတော်တွေက စုန်းမတွေ မဟုတ်လားကွ"

"ဟုတ်တယ်"

"နေပါဦး စံခွေးရ၊ ကဝေနဲ့စုန်း ညားရင် ဘယ်တော့မှ သားသမီး မရဘူးကွ၊ ခုဟာက ဆန်းတော့ ဆန်းသားပဲကွ၊ မင်းရဲ့ ဆရာကတော် လေးယောက်မှာ ဘယ်စုန်းမက ကလေးမွေးတာတုံး စံခွေးရဲ့"

"အငယ်ဆုံးမဖန်မွေးတာ၊ ယောကျ်ားလေးဗျ"

"ဟေ ခု ဘယ်အရွယ်တုံးကွ"

"အခါလည်သားရှိပြီ"

"မင်းရော ကဝေတပည့်လုပ်ရတာ ပညာတော်တော်ရနေပြီလားကွ"

"ကျုပ်က ပညာယူတာ မဟုတ်ဘူးဗျ၊ သူတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တောက်တိုမယ်ရလုပ်ဖို့၊ လှည်းမောင်းဖို့ ခေါ်ထားတာပါ၊ ဆရာဘုရှိကို ကဝေမှန်း ကျုပ်မသိလို့ လိုက်လာပြီး အလုပ်လုပ်တာပါဗျာ၊ နောက်တော့မှ ကဝေမှန်း သိတာပါ၊ အခုတော့ ကျုပ်မှာ ထွက်မပြေးဝံ့လို့ ကြိတ်မှိတ်နေရတာပါ ဆရာကြီးရယ်"

"ဟေ ဒီလိုလား၊ ဒါဆိုရင် မင်းကို ငါကယ်ရင် မင်းခံမလား"

"ဟာ ကျုပ်ကို ကယ်နိုင်ရင် ကယ်ပါ ဆရာကြီးရယ်"

"အေး ကောင်းပြီ၊ ဒါဆိုရင် ပြောစမ်း စံခွေး၊ စုန်းမတွေ အကုန်လုံး အိမ်ကြီးထဲမှာ စုနေသလား"

"မနေဘူး ဆရာကြီး ဝိုင်းထဲမှာ အိမ်တစ်လုံးစီနဲ့ နေကြတယ်၊ အငယ်ဆုံးမိန်းမ မဖန်နဲ့ ကလေးနဲ့ပဲ အိမ်ကြီးထဲမှာ ဆရာဘုရှိနဲ့အတူ နေတာပါ"

"ကလေးကို ဘယ်သူထိန်းတုံး"

"ကျုပ်ထိန်းတာပါ ဆရာကြီး"

"ဟာ နေရာကျပြီပေါ့ကွာ၊ ကျုပ်နဲ့ ကဝေနဲ့ တိုက်ခိုက်နေတဲ့အချိန် မင်းက ကလေးကိုခေါ်ပြီး အဝ[illegible]မှာ ဝိုင်းနောက်ဘက်ကနေ ပြေးထွက်ခဲ့၊ ပြီးရင် ရွာထဲကို ခေါ်သွား၊ ရွာတံခါးမှာ ငါ့လူတွေ ချထားမယ်၊ မင်း ဘာမှမပူနဲ့၊ ဒီလူတွေက မင်းကို တွေ့ရင် စံခွေးလားလို့ မေးလိမ့်မယ်။ မင်းက ဟုတ်တယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ပြော၊ ကလေး ပါလားလို့မေးရင် မင်းက ပါတယ် ဒီမှာဆိုပြီး ကလေးကို ပြလိုက်။ မင်းကို သူတို့ရွာထဲ ခေါ်သွားလိမ့်မယ်၊ ကြားလား စံခွေး၊ မင်း အဲဒီလို ထွက်မလာလို့ကတော့ မင်းကို ကဝေက အသုံးချလိမ့်မယ်။ မင်းကို ကျားဖြစ်အောင်လုပ်ပြီး ကျုပ်ကို တိုက်တာတို့ ဘာတို့ပေါ့။ ဒီလိုဆိုရင်တော့ ကျုပ်က မင်းကို ညှာလို့ရမှာ မဟုတ်တော့ဘူး၊ မင်းကိုပါ သတ်ပစ်ရလိမ့်မယ်''

''ဟုတ်၊ ဟုတ်ကဲ့ပါ ဆရာကြီး''

''ကဲ ဒီရှေ့ကို တိုးခဲ့၊ ဒီအတိုင်း ပြန်သွားရင် ကဝေဘရုံက မင်းကို သတ်ပစ်မှာ သေချာတယ်၊ စောစောက ယင်ကောင်အနေနဲ့ပဲ ပြန်သွား''

ပြောပြောဆိုဆိုနဲ့ ဆရာကြီးက ပုဝါနဲ့ စံခွေးခေါင်းကို ရိုက်လိုက်တာ ဖြုတ်ကနဲ ပျောက်သွားပြီး...

''ဝီ၊ ဝီ၊ ဝီ၊ ဝီ''

လို့ မြည်ပြီး ကွေ့ဝိုက်ပျံသွားလေရဲ့၊ ဆရာကြီးနဲ့လည်း ဘုရားငုတ်တိုရွာကြီးထဲကို ဝင်လာခဲ့တယ်။ စောစောကပြောတဲ့ ကဝေနဲ့ စုန်းမတွေ နေတာက ရွာထဲမှာ မဟုတ်ဘူးကွ၊ ရွာပြင်မှာ နေတာ။ ရွာရဲ့မြောက်ဘက်မှာ ဝိုင်းအကျယ်ကြီးနဲ့နေတာ။ သူ့ဝိုင်းထဲမှာ မန်ကျည်းပင်တွေ၊ သရက်ပင်တွေ၊ မရမ်းပင်တွေနဲ့ စိမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာကွ၊ ရွာထဲက လူတွေ သိထားတာကတော့ သူ့ကို ဆေးဆရာ ဦးဘရှုံလို့ပဲ သိထားကြတာပေါ့။ ရွာထဲမဝင်ခင် ဆရာကြီးနဲ့ ငါနဲ့ ရွာမြောက်ဘက်ကိုသွားပြီး အသာအကဲခတ်ပြီး ကြည့်ကြတာကွ။

ဘုရားငုတ်တိုရွာထဲမှာ ဆရာကြီးကို စောင့်နေတဲ့လူ တစ်ယောက် ရှိတယ်ကွ။ ဆရာကြီးတို့လို အထက်လမ်းဆရာပဲ။ ဒါပေမဲ့ ဆရာကြီးလောက်တော့ ပညာမြင့်ပုံ မပေါ်ဘူး။ နာမည်က ကိုမောက်တဲ့။ သူ့ကို ဆရာကြီးက ကြိုလွှတ်ထားတာကွ။ ဒီလူက ဆရာကြီးနဲ့ ငါနဲ့ ရောက်လာရင် နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ အားလုံး စီစဉ်ထားတာ။

"ကိုမောက် အခြေအနေ ဘယ်လိုတုံး"

တည်းမယ့်အိမ်ကြီးကိုရောက်တော့ ဆရာကြီးက ဆရာ ကိုမောက်ကို မေးတာကွ။ ငါတို့တည်းဖို့၊ လူမနေတဲ့အိမ်ကြီး တစ်လုံး သပ်သပ်ကို စီစဉ်ထားကြတာပေါ့။ ထမင်းဟင်း ဆိုတာ လည်း အဆင်သင့်ကွ။ ချိုးရေ၊ သုံးရေလည်း အဆင်သင့် ဖြည့် ထားတယ်။ ဆရာကိုမောက်က ကြိုရောက်နေပြီး ဒါတွေ စီစဉ် ထားတာလေကွာ။ ဆရာကြီး မေးတာကို ကိုမောက်က ဖြေတယ်။

"ဆရာကြီး ခုတော့ ရှိကြသေးတယ်၊ ဒါပေမဲ့ အျပ် စိတ်ထင်တော့ ဒီရက်ထဲမှာ တစ်နေရာကို ရှောင်ထွက်သွားကြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်တယ်ဗျ၊ ကဝေဘရိုက ရွာထဲက လှည်းသုံးစီးနဲ့ မောင်းတဲ့လူသုံးယောက် ငှားနေတယ်''

''အင်း…ဒါဆိုရင်တော့ ကျုပ်ရောက်လာတာ မှီရုံပဲရှိတာပေါ့၊ ဒီလိုဖြစ်ရင်တော့ အချိန်ဆွဲလို့ မရတော့ဘူး ကိုမောက်ရဲ့၊ ဒီညပဲ လုပ်ရမှာပဲ''

''ဆရာကြီးသဘောပါ ဆရာကြီး''

ဆရာကိုမောက်က ပြန်ပြောတယ်ကွ။ ပြီးတော့ ငါတို့ကို ထမင်းကျွေးတယ်။ ဆရာကြီးကတော့ တစ်အောင့်နားပြီး ရေမိုးချိုးတယ်။ ပြီးတော့ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဘုရားခန်း ဝင်သွားတယ်။ အမိဋ္ဌာန်လုပ်၊ ပုတီးစိပ်တော့တာပေါ့ကွာ။ ငါလည်း ဆရာကြီးလိုပဲ ရေမိုးချိုး၊ သန့်သန့်ရှင်းရှင်းလုပ်ပြီး ဘုရားရှိခိုး ပုတီးစိပ်ရတယ်။ ဆရာကြီးကတော့ ဂါထာရွတ်ပြီး အင်းတွေနှိုးတယ်။ တချို့အင်းတွေကို အသက်သွင်းနေတယ်ကွ။

ညစာ စားပြီး ဆရာကြီးက ပုတီးပြန်စိပ်တယ်။ ငါလည်း ဂါထာတွေရွတ်တယ်။ ဆရာမောက်ကလည်း ငါတို့လိုပဲ လုပ်စရာရှိတာလုပ်တယ်။ ညကိုးနာရီလောက်ရောက်တော့ အိမ်ပေါ်ကို လူသုံးယောက် တက်လာတယ်။

''ဘယ်သူတွေတုံး ကိုမောက်''

လို့ ဆရာကြီးက မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်လူတွေပါ ဆရာကြီး၊ ဒီရွာသားတွေပါ"

"ဪ...အေး အေး၊ စောစောက ကျုပ်ပြောသလိုပေါ့ ကိုမောက်၊ ခင်ဗျားက ရွာတံခါးပေါက်ကစောင့်နေ၊ ဒီကဝေပဲ ဖြစ်ဖြစ်၊ သူ့မယား စုန်းမတွေပဲဖြစ်ဖြစ် ရွာထဲ ပြေးဝင်လာလို့က တော့ ဘာမှစဉ်းစားမနေနဲ့၊ ကျုပ်ပေးထားတဲ့ သက်ဖြတ်အင်းနဲ့သာ မိမိရရ ပေါက်ချလိုက် ကြားလား၊ ဟိုအကောင် စံခွေး ကလေး ခေါ်လာရင်တော့ ဒီအိမ်မှာ ခေါ်ထားလိုက်၊ သူတို့ထဲက နှစ်ယောက် အစောင့်ချထား၊ ဒီအိမ်ကို ကျုပ် စည်းချထားပြီးပြီ၊ ဘာမှမစိုးရိမ် နဲ့၊ ဒီကောင်မတွေ လိုက်လာရင်တောင် အိမ်ထဲကို မဝင်နိုင်ဘူး သိလား၊ နို့ ရွာထဲဝင်တဲ့ တခြားတံခါးတွေ ပိတ်ခိုင်းလိုက်တော့၊ မြောက်တံခါးတစ်ပေါက်ပဲ ပိတ်ပြီး ကိုမောက် စောင့်နေ"

"အားလုံးပိတ်ပြီးပါပြီ ဆရာကြီး၊ သူတို့ အဲဒါကို လာပြောကြတာပါ"

ကိုမောက်က အိမ်ပေါ်တက်လာတဲ့ ရွာသားတွေကိုပြပြီး ပြောတာကွ။

"အေး...ဒါဆို သွားစို့ နွံဖ၊ အင်းလွယ်အိတ်လွယ်ခဲ့၊ အင်းတွေ အစီအစဉ်တကျ ရှိရဲ့မို့လား"

"ရှိပါတယ် ဆရာကြီး"

ဆရာပွားကြီးကလည်း အဲဒီလို စေ့စပ်သေချာတဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကွ။ ဆရာကြီးနဲ့ ငါနဲ့ မြောက်ဘက်တံခါးက ထွက်လာခဲ့တယ်။ ကဝေဘုရ်ရဲ့ အိမ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ သရက်ပင်ကြီးနောက်ကပ်ပြီး အခြေအနေကို ဆရာတပည့်နှစ်ယောက် ကြည့်နေကြတာကွ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

"ဟာ ဆရာကြီး၊ ဟိုမှာ ဟိုမှာ မီးလုံးကြီးနှစ်လုံး ပျံတက်လာပြီဗျ"

"အဲဒါ ကဝေ့မယား စုန်းမတွေလေ နှံ့ဖ"

"အသာလေးသာ ငြိမ်နေ၊ ဒီကောင်မတွေ ကင်းလှည့်နေတာကွ"

"ဟာ ဆရာကြီး နောက်ထပ် မီးလုံးကြီးနှစ်လုံး တက်လာပြန်ပြီဗျို့၊ အားလုံးလေးလုံး ဖြစ်သွားပြီဗျ"

"ဒီကဝေမှာ မယားလေးယောက် ရှိတယ်လို့ စံခွေးပြောသွားတယ်လေ နှံ့ဖ၊ အကုန်ထွက်လာကြပြီပေါ့ကွာ၊ ကဝေကတော့ အိမ်ထဲမှာပဲ ရှိဦးမှာကွ၊ ကဲ ငါတို့ ထွက်ကြစို့ဟေ့"

ငါနဲ့ ဆရာကြီးနဲ့ သရက်ပင်ကြီးနောက်က ထွက်လိုက်တယ်။ ကဝေအိမ်ဝိုင်းကြီးရှေ့က မြေကွက်လပ်ကြီးမှာ ဆရာကြီးနဲ့ ငါနဲ့ ရပ်နေလိုက်တယ်။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ···စုန်းမတွေ ကျွန်တော်တို့ဘက်ကို လာနေကြပြီဗျို့"

"လာပစေလေ နွံဖရယ်၊ လာအောင် တမင်ခေါ်လိုက်တာပဲ"

မီးလုံးကြီးလေးလုံးက ငါတို့နဲ့ နီးလာတော့မှ ငါ သေသေချာချာ မြင်ရတာပေါ့။ လက်စသတ်တော့ ဌင်းတကြီးတွေကွ။ ဘေးမှာ မီးတောက်တွေ ထွက်နေတာပေါ့။ လေးကောင်လုံး မြေပြင်ပေါ်ကို ဆင်းလာကြတာကွ။ ဟာ မြေကြီးပေါ်ကိုရောက်တော့ မိန်းမတွေ ဖြစ်သွားရောပေါ့။ ဆံပင်ဖားလျားကြီးတွေနဲ့ကွ။ လေးယောက်ထဲမှာ တစ်ယောက်က ခပ်ငယ်ငယ်ပဲ ရှိသေးတာပေါ့။ မနက်က စံခွေးပြောသွားတဲ့ မဖန်ဆိုတာ သူပဲ ဖြစ်မယ်ကွ။ သူကလည်း ငယ်ပေမယ့် ပညာကတော့ သိပ်သေးပုံ မရဘူးပေါ့။

စုန်းမလေးယောက်က ဆရာကြီးနဲ့ ငါနဲ့ ရပ်နေတဲ့ဘက်ကို ဝက်ခေါင်းထိုး ဝင်လာတာက ထမီအနက်၊ အင်္ကျီအနက်တွေနဲ့ကွ။

ရှေ့ဆုံးက တစ်ယောက်၊ သူ့နောက်က သုံးယောက်ဖြန့်ပြီး တက်လာတာကွ။ ဆရာကြီးနဲ့ မလှမ်းမကမ်း ရောက်တော့ စုန်းမတွေ ရပ်လိုက်ကြတယ်။

"ဟဲ့အကောင်ကြီး၊ အသက်ကြီးသလောက် အရှိန်မစီးမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာကြီး၊ နင့်အသက်ကို နှမြောရင် အခုလှည့်ပြန်လို့ မှီသေးတယ်၊ မပြန်ရင်တော့ ဒီည နင် အသက်နဲ့ကိုယ် အိုးစားကွဲမယ့်ညပဲ ကြားလား အကောင်ကြီး၊ နင်နဲ့ ငါတို့နဲ့ ဘာရန်ငြိုးရန်စရှိလို့တုံးဟဲ့ သေနာ ပြောစမ်း၊ နင် ငါတို့ဆီက ဘာလိုချင်လို့ လာတာတုံး ပြောစမ်း"

"ကဝေသား"

"ဘာ၊ ဘာပြောတယ်၊ ငါ့သား ဟုတ်လား၊ သေပေတော့ မသာ၊ ငါ့သားတော့ မရဘူး၊ ဒါပဲ ရမယ်ဟေ့"

မဖန်ဆိုတဲ့ အငယ်ဆုံးမက ရှေ့ကို တစ်လှမ်းတိုးပြီး ပါးစပ်ထဲက စိမ်းပြာပြာ အရောင်စက်တွေ ထိုးလွှတ်လိုက်တယ်။ စက်တန်းကြီးက ဆရာကြီးရင်ဝကို တန်းဝင်လာပေမယ့် နှစ်တောင်လောက်အကွာမှာ တုံ့ကနဲ ရပ်သွားတယ်။ ဆရာကြီးက မဖန်ရဲ့ စက်တွေကို လက်ဝါးနဲ့ပြန်ပြီး တွန်းလွှတ်လိုက်ရောဟေ့။

"ဝုန်း"

မဖန် နောက်ကို တစ်လံလောက် လွင့်ထွက်သွားတယ်။ ဟာ ကျန်တဲ့သုံးယောက်က စက်တွေ ဝိုင်းလွှတ်ကြပြီဗျို့။ ဆရာကြီးဆီကို စက်တွေ တန်းဝင်လာတာ။ ဆရာကြီးက သူ့လက်ဝါး နှစ်ဖက်ကို ပွတ်ပြီး ဖွင့်လိုက်ရောဟေ့။

ဝင်းကနဲ အရောင်တစ်ခု လက်သွားတယ်။ ပြော စုန်းမ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ရဲ့ စက်တွေ တန့်သွားရောပေ့ါ။ ဆရာကြီးက သူ့လက်ဝါးနှစ်ဖက်နဲ့ ရှေ့ကို တွန်းလိုက်တော့ စုန်းမတွေရဲ့စက်တွေက နောက်ကို ပြန်ရွေ့သွားပြီး စုန်းမတွေပါ နောက်ကို ရွေ့သွားကြရောပေ့ါ။

"ဝုန်း"

ဆရာကြီးက သူ့လက်ဝါးတွေကို ဖြည်းဖြည်းတွန်းနေရာကနေ ရုတ်တရက် ဆောင့်တွန်းပစ်လိုက်တာ 'ဝုန်း'ကနဲ မြည်သွားပြီး စုန်းမသုံးယောက်လုံး မြေကြီးပေါ်မှာ ဖင်ထိုင်လျက် ကျသွားရောပေ့ါ။

"ဩော် နင်က သာမန်ကောင်မှ မဟုတ်ဘဲကိုး"

စုန်းမတွေ မြေကြီးပေါ်ကနေ ချက်ချင်းပြန်ထလာကြတယ်။ ပြီးတော့ အကြီးဆုံးစုန်းမက ရှေ့ဆုံးကနေပြီး နောက်က သုံးယောက်က ရှေ့ကစုန်းမရဲ့ ကျောကုန်းကို သူတို့လက်ဝါးတွေနဲ့ ဖိကပ်ထားကြတယ်ပေ့ါ။ သူတို့စက်တွေ လေးဆပြင်းလာအောင် လေးယောက်ပေါင်းပြီး စက်လွှတ်တော့မှာကွ။

"နွံဖ ကဝေစက်ဖြတ်အင်း ပေးစမ်း"

ငါက အိတ်ထဲက ကဝေစက်ဖြတ်အင်းကို ထုတ်ယူပြီး ဆရာကြီးလက်ထဲကို ထည့်ပေးလိုက်တယ်။

"ကဲ ဆရာစုတ်၊ ဆရာယုတ်၊ ဒီစက်ကို နင်ခံနိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခံကြည့်ပေတော့။ ဒီစက်မျိုးကို ဘယ်လိုကောင်မှ မခံနိုင်ဘူးဟေ့”

ဟော့ စက်လွှတ်ပြီဟေ့။ ဒီတစ်ခါစက်က လိမ္မော်ရောင်စက်က ရှေ့ဆုံးက စုန်းမရဲ့ ပါးစပ်ထဲကရော နှာခေါင်းထဲကရော နားထဲကပါ ထွက်လာတာဟေ့။ စက်တွေက အားလုံးပေါင်းသွားပြီး ကြိုးတစ်ချောင်း ကျစ်သလို လိမ်သွားတာဟေ့။ နဲနဲနောနော အပူရှိန် မဟုတ်ဘူးကွ။ ဟိန်းဟိန်းထအောင်ပူတဲ့ မီးလျှံစက်ကွ။ စက်က ရှေ့ကို တဖြည်းဖြည်း တိုးလာတယ်။ ဆရာကြီးက သူ့လက်ထဲက ကဝေစက်ဖြတ်အင်းနဲ့ မိမိရရကို ပစ်ချလိုက်တာဟေ့။

“ဝုန်း၊ ဝုန်း”

ဆိုတဲ့ အသံကြီးနှစ်ချက် ဆင့်ပေါ်လာပြီး စုန်းမတွေရဲ့ မီးလျှံစက်ကြီး ‘ဝုန်း’ကနဲ ပျောက်သွားတာဟေ့။ စုန်းမလေးယောက်စလုံး နောက်ကို တစ်လံလောက်လွင့်ပြီး မြေကြီးပေါ်မှာ ဆန့်ငင် ဆန့်ငင် ဖြစ်နေရောဟေ့။

“ဝေါ့၊ ဝေါ့”

ဟာ ဝမ်းလျှားထိုးပြီး သွေးတွေ အန်နေတာဟေ့။ စုန်းမလေးယောက်စလုံး အန်နေတာကွ။ ဟာ ထိုးကျသွားကြပြီဟေ့။ တစ်ယောက်မှ မလှုပ်တော့ဘူးကွ။ မြေကြီးပေါ်မှာ မှောက်လျှားထိုးကြီးတွေ။ ဆန့်ဆန့်ကြီးတွေ ဖြစ်ကုန်ရောဟေ့။



www.burmeseclassic.com

www.burmeseclassic.com



"ခွ"

"ဟာ ထွက်လာပြီဟေ့ နှံ့ဖ သတိထားနေ"

"ဟုတ်ကဲ့ ဆရာကြီး"

ကဝေမီးလုံးကြီးက ကောင်းကင်မှာ ပျံနေတာကွ။ ဆရာကြီးအနားတော့ ကပ်မလာဘူးကွ။ အပေါ်မှာပဲ ပျံနေတာ။ ဟာ စက်နဲ့ လှမ်းပစ်ပြီဟေ့။ စက်တန်းလေးက သေးသေးလေးကွ။ ငါတို့ကို ပစ်တာ မဟုတ်ဘူး။ ငါတို့ဘေးက ခြုံပုတ်ကို ပစ်တာကွ။

"ဟုန်း"

ဟာ ပြင်းလိုက်တဲ့ စက်ကွာ၊ တို့ဘေးက ခြုံပုတ်တွေ လောင်မီးကျသလိုဖြစ်ပြီး မီးတွေ ဟုန်းကနဲ ထတောက်တာဟေ့။ ဟော…ကဝေက အပေါ်မှာ ပျံနေရာကနေ ထပ်ပစ်ပြန်ပြီဟေ့။ စောစောကလိုပဲ စက်တန်းကလေးက သေးသေးလေးကွ။ လက်ကနဲဖြစ်ပြီး တို့နောက်က ခြုံပုတ်တွေ မီးထလောင်ပြန်ရောဟေ့။ ပြီးတော့ တို့မြောက်ဘက် ခြုံပုတ်တွေ။

"ဒီကောင်စက်က တော်တော်ပြင်းတာပဲ၊ ကဝေလည်ပြတ် စကြာအင်း ပေးစမ်းဟေ့ နှံ့ဖ"

ငါက ကဝေလည်ပြတ် စကြာအင်းကို ထုတ်ပေးလိုက်တယ်။ ဆရာပွားကြီးအကြောင်းကို ငါသိတယ်ကွ။ ဆရာပွားက



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကို ဘယ်တော့မှ အကြာမခံဘူး။ တစ်ဖက်ရန်သူရဲ့ ပညာအဆင့်ကို တိတိကျကျသိအောင်လုပ်တယ်။ ပြီးရင် သူ့ကိုနိုင်မယ့်လက်နက်ကို ဆုံးဖြတ်တယ်။ ဒီကဝေက ကဝေပျံကြီး၊ အချိန်ကြာကြာဆွဲပြီး တိုက်ဖို့ မသင့်ဘူးကွ။ သုံးမယ့်အင်းကလည်း အဆင့်မြင့်ဆုံးအင်းပဲ။ ဒီအင်းသုံးတာ ငါ တစ်ခါမှ မတွေ့ဖူးသေးဘူးကွ။

ကဝေက မီးတောက်ကြီးတွေထွက်ပြီး အပေါ်မှာပဲ ဝဲနေတာကွ။ ငါတို့ဘေးပတ်လည်က ခြုံတွေက မီးတောက်ကြီးတွေထပြီး လောင်နေပြီဟော့။ မီးတွေက တဖြည်းဖြည်း ငါတို့နဲ့ နီးလာပြီ။

မီးတွေ နီးလာတော့ ဆရာကြီးက ရှေ့ကို ခြေလှမ်းသုံးလေးလှမ်း လှမ်းထွက်လိုက်တယ်။ ဒါကို စောင့်နေတဲ့ ကဝေက ချက်ချင်း နိမ့်ဆင်းလာပြီး စက်လွှတ်မလို့ လုပ်တာဟော့။

"ဝှီး"

ဆရာကြီးလက်ထဲက ကဝေလည်ပြတ်အင်းကြီး အသက်ဝင်ပြီး ပျံထွက်သွားပြီဟော့။ စကြာအင်းက စက်လည်သလိုလည်တာ။ ကြည့်လိုက်ရင်တော့ မီးကွင်းလေးတစ်ခု လည်သွားနေတာကိုပဲ တွေ့ရတာကွ။

ဟာ အင်းက ကဝေရဲ့ မီးတောက်လို ထွက်နေတဲ့ စက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်တွေထဲကို ထိုးဝင်သွားတာပေါ့။ ဟာ ဟာ ကဝေကြီး အောက်ကို ထိုးကျသွားပြီပေါ့။

"ဘုန်း"

"ကဝေပျံ ဘုရှံတော့ သွားပြီပေါ့ နှံဖ"

ဆရာပွားကြီးက ပြောရင်း ရှေ့ကို ထွက်သွားတယ်။ ခြုံတွေကို လောင်နေတဲ့ မီးတောက်ကြီးက အလင်းရောင်က လင်းထိန်နေတော့ အားလုံးကို မြင်နေရတာပေါ့။

ကဝေပျံ ဘုရှံရဲ့ခေါင်းက သုံးလံလောက်မှာ ကိုယ်က ခြုံပုတ်ကြီးပေါ်မှာ။

"ဝုန်း"

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟာ ကဝေရဲ့အလောင်းက မီးတွေ ထတောက်တာပေါ့။ ကဝေကြီး ကိုယ်ရော၊ ခေါင်းပြတ်ကြီးကရော မီးတွေ ထတောက်ပြီး မီးတန်းတွေ ပန်းထွက်လာတယ်။ အဲဒီမီးတန်းတွေက စုန်းမတွေဆီကို ရောက်သွားပြီး 'ဝုန်းကနဲ' 'ဝုန်းကနဲ' မီးတွေ ထတောက်တော့တာပေါ့။

"နှံဖ၊ ဒါ ငရဲမီးတောက်လို့ ခေါ်တယ်၊ ကဝေတိုင်း စုန်းတိုင်းမှာ မတောက်ဘူး၊ အဝိစိငရဲကို ကျမယ့် ကဝေတွေ၊ စုန်းတွေမှပဲ ဒါမျိုး ထတောက်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီတော့မှ ငါ နားလည်သွားတာပေါ့။ ငရဲမီးတောက်ဆိုတာကို အခုမှ ငါ စမြင်ဖူးတာကွ။

ကဝေကြီးရော၊ သူ့မယား စုန်းမတွေရော ချက်ချင်းလောင်သွားတာပေါ့။ ပြာတောင် မကျန်ဘူးကွ။ ခြုံပုတ်တွေလည်းကုန်ရော မီးတွေလည်း တဖြည်းဖြည်းနဲ့ ငြိမ်းကုန်ရောကွ။ ငါနဲ့ဆရာကြီးနဲ့ ရွာထဲကို ပြန်ဝင်တော့ မြောက်ဘက်တံခါးဝမှာ ရွာသားတွေစုပြီး ရေပုံးတွေနဲ့ စောင့်နေကြတာကွ။ မီးတွေ ရွာဘက်ကို ကူးလာမှာစိုးလို့တဲ့ပေါ့။ တော်တော်ကို တော်တဲ့ လူတွေပါကွာ။

"ကိုမောက် စံခွေး ရောက်လာလား"

ဆရာကြီးက ရွာဝမှာ မားမားကြီးရပ်နေတဲ့ ဆရာကိုမောက်ကို မေးလိုက်တယ်။

"ရောက်တယ် ဆရာကြီး၊ ဆရာကြီးပြောတဲ့အတိုင်း ဟိုအိမ်ကြီးကို ခေါ်သွားပြီး အစောင့်နှစ်ယောက် ချထားလိုက်တယ်"

"အေး…ဒါဆိုရင် သွားကြရအောင်"

ရွာသားတွေကတော့ ရေပုံးတွေနဲ့ ထွက်သွားပြီး မီးကြွင်းမီးကျန် မရှိအောင် သွားငြိမ်းကြတယ်။

တည်းတဲ့အိမ်ကြီးကို ဆရာကြီးနဲ့ ငါနဲ့ ပြန်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်သား ကလေးလေးတစ်ယောက်ကို ပွေ့ထားတဲ့ စံခွေးက ဆရာကြီးကို ထိုင်ကန်တော့ပြီး သူ့ကိုယ်သူရော ကလေးကိုရော ဆရာကြီးဆီမှာ အပ်လိုက်တယ်။

"စံခွေး၊ ဒီကလေးနာမည်က ဘာတဲ့တုံး"

"မောင်လူပေလို့ ခေါ်ပါတယ် ဆရာကြီး"

"ဩော်…ကဝေပျံဘရှုံက သူ့သားကို ချစ်စနိုးခေါ်တဲ့ နာမည်နဲ့တူတယ်"

လို့ပြောပြီး ကလေးရဲ့ ခေါင်းလေးကို ပွတ်ပြီး ချော့နေတယ်။ ကလေးကတော့ မျက်လုံးပြူးလေးနဲ့ ဟိုကြည့် သည်ကြည့် လုပ်နေတယ်ကွ။ သူ့ကို အမြဲထိန်းတဲ့ စံခွေးက ရှိနေတော့လည်း သူ ငြိမ်နေတာပေါ့ကွာ။

ဆရာစိုင်းနွံဖတို့ ဆရာတပည့်နှစ်ယောက် အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့ ညွှန်ကြားချက်အရ လုပ်ရဟာဗျ။ ဘုရားငုတ်တိုမှာ ကဝေနဲ့ စုန်းမမွေးတဲ့ ကလေးရှိတယ်။ အဲဒီကလေးကို ရအောင် ယူခဲ့ မောင်ပွားလို့ ညွှန်ကြားတာတဲ့ဗျို့။

ကျုပ် နားမလည်တာက ကဝေပျံဘရှုံနဲ့ စုန်းမ မဖန် မွေးတဲ့ ဒီကလေး မောင်လူပေလေးကို ဘာအတွက်များ ရအောင် ယူနိုင်းရတာတုံး ဆိုတာပဲဗျ။ တာတေဆိုတဲ့ အကောင်ကလည်း ငယ်ငယ်ကလေးတည်းက လွှတ်စပ်စုတဲ့ကောင်လေဗျာ။ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့ ကြာကြာအောင့်မထားနိုင်ဘူးပေါ့ဗျာ။

"ဆရာနွံဖ၊ ကျုပ် တွေးလို့မရတာ တစ်ခုရှိတယ်ဗျ"

"ဘာများတုံး တာတေရဲ့၊ ပြောလေကွာ"

"အထက်ပုဂ္ဂိုလ်ကြီးတွေက ကဝေပျံ့ဘရှုံရဲ့သားကို ဘာအတွက် လိုချင်နေကြတာတုံး ဆိုတာကို တွေးလို့မရတာ ဆရာရဲ့"

"ဒီလိုကွ တာတေရ၊ စုန်းမတွေက ကဝေကြီးတွေဆီမှာ ပညာစခန်း တက်ကြရတယ်၊ အဲဒီအခါမျိုးမှာ ကဝေနဲ့ စုန်းမနဲ့ ရကြတာပေါ့ကွာ၊ အေး အဲဒီလိုရရင် ဘယ်တော့မှ သားသမီး မမွေးဘူးကွ၊ တကယ်လို့ မွေးခဲ့ရင်လည်း အဲဒီကလေးက မွေးကတည်းက ဝမ်းတွင်းကဝေလေး ဖြစ်လာရောကွ၊ အဲဒီလိုကောင်မျိုးကို နှိမ်နင်းဖို့ တော်တော်ခက်တာကွ၊ ဒီကြားထဲ ဒီကောင်က ကဝေကျင့်စဉ်တွေကိုသာ ထိထိမိမိ ကျင့်လိုက်ရင်တော့ သွားရောပေါ့ကွာ"

"ဟာ ဒါဆိုရင် ဒီကလေးမျိုးကို ငယ်ငယ်လေးကတည်းက ရှာဖွေပြီး သတ်ပစ်ရတာပေါ့ ဟုတ်လား ဆရာနွံဖ၊ မောင်လူပေလေးကို သတ်ပစ်လိုက်ရောလား ဆရာ"

"ဟာ တာတေကလည်း တော်ရော် တွေးရော့မယ်၊ အထက်ဆရာကြီးတွေက ကလေးကို သတ်မတဲ့လားကွ၊ အဲဒီကလေးကို သေသေချာချာ မွေးမြူပြီး သူ့အစွမ်းကို လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပေးရတာကွ”

“ဗျာ…ဘယ်လိုလမ်းကြောင်းပြောင်းရတာတုံး ဆရာ”

“သူ့ အရွယ်လေး ရလာတာနဲ့ အထက်လမ်းပညာတွေ သူ့ကို သင်ပေးရတာကွ၊ ပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် တက်ပေးရတယ်၊ နောက်ဆုံး အထက်ပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင် သူ့ကို ဆေးတော်အစစ်၊ အင်းတော်အစစ်တွေ အပ်ကြတယ်၊ အဲဒီအချိန် ကစပြီး သူက ကဝေတွေ၊ စုန်းတွေကို နှိမ်နင်းနိုင်ရောပေါ့ကွာ”

“ဩော် ဒီလိုလား”

“အေးကွ တာတေရ၊ စောစောက မင်းကို ပြောခဲ့တဲ့ ဝမ်းတွင်းကဝေတွေကို သာမန်ဆရာကြီးတွေ မနှိမ်နင်းနိုင်ဘူးကွ၊ အခုလို လမ်းကြောင်းပြောင်းထားတဲ့ ဝမ်းတွင်းကဝေကနေ ဖြစ်လာတဲ့ ဆရာမျိုးကမှ နိုင်တာကွ တာတေရ၊ ဒါကြောင့် မောင်လူပေလို ကလေးမျိုးကို ရအောင်ယူပြီး မွေးကြရတာ”

“ဟာ ဆရာနဲ့ဖရယ်၊ အခုမှပဲ ကျုပ် သဘောပေါက်တော့တယ်ဗျာ”

“ဒါနဲ့ မောင်လူပေလေးကို ဆရာပွားကြီးက မွေးရောလား”

“ဟ တာတေရ၊ မွေးရတာပေါ့ကွ၊ အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့ ညွှန်ကြားချက်ပဲ၊ ဘယ်ငြင်းလို့ရမှာတုံး”



www.burmeseclassic.com

www.burmeseclassic.com



"ခုဆိုရင် အဲဒီမောင်လူပေလေး ဘယ်အရွယ်လောက် ရောက်ပြီတုံး ဆရာ"

"ငါ ဆရာပွားကြီးဆီက ပညာယူပြီး ထွက်လာခဲ့တော့ လူပေက ဆယ်နှစ်သားလောက် ရှိပြီကွ၊ အခုဆိုရင်တော့ အသက် လေးဆယ်လောက် ရှိရောပေါ့၊ ဘာဖြစ်လို့တုံးဆိုတော့ ငါ့အသက် က ခြောက်ဆယ်ကိုးကွ တာတေရ"

ဒီတော့မှ အထက်လမ်းပညာရှင်တွေနဲ့ အောက်လမ်း ပညာရှင်တွေကြားက လျှို့ဝှက်ချက်တစ်ခုကို ကျုပ် သိလိုက်ခွင့် ရလိုက်တာပေါ့ဗျာ။

အခုတော့ ကျုပ် ဆရာနွံဖနဲ့ မတွေ့တာတောင် အတော် ကြာပြီဗျ။ တစ်ခါ တစ်ခါတော့ ကျုပ် ဆရာစိုင်းနွံဖကို ကျုပ် တော်တော်သတိရမိတယ်ဗျာ။

မန်ကျည်းသီးတို့ မန်ကျည်းရွက်တို့မှ ဝမ်းတွင်းအေးတာ မဟုတ်ဘူးဗျ။ မန်ကျည်းပင်အရိပ်အာဝါသကလည်း တော်တော် ကို အအေးဓာတ်ရှိတာ။ ကျုပ်ဖြင့် ဒီလိုနွေရာသီဆိုရင် ကျုပ် စံမြန်းနေကျ မန်ကျည်းပင်ရိပ်မြုံကို လွှတ်သဘောကျတာဗျ။

အခုလို ပူပြင်းနေတဲ့ အချိန်မျိုး သဲပေါ်ကို ဖိနပ်မပါဘဲ များ နင်းလိုက်မိရင် မီးခဲတက်နင်းမိသလိုကို ဆွေ့ဆွေ့ခုန်ရတော့ တာဗျို့။ ဒီအချိန်မှာမှ ကျုပ် မန်ကျည်းပင်ကြီးက တန်ဖိုးပိုတက်



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ နဂါးဆေးပေါ့လိပ်ကလေး ခပ်မျှင်းမျှင်းဖွာပြီး မျက်စိလေး စဉ်းနေလိုက်ရရင် တော်ရုံတန်ရုံ စည်းစိမ်နဲ့တော့ ဘယ်လဲလိမ့်မတုံးဗျာ။

ကျုပ်က မီးသေနေတဲ့ နဂါးဆေးပေါ့လိပ်ကို လက်ကြားမှာညှပ်ရင်း အိပ်ပျော်နေတာဗျ။ လေလေးကလည်း တစ်ချက်တစ်ချက် ဖြူးနေတော့ ကျုပ်ဖြင့် ဟောက်များတောင် ဟောက်နေသေးရော့ဗျာ။

"ဟာ ငါထင်တဲ့အတိုင်းပဲကွာ၊ ငါ့ကောင် တာတေ ဒီအချိန် စည်းစိမ်ယစ်နေမှာလို့ တွေးနေတာ"

ကျုပ်နားထဲမှာ အသံကြားလိုက်တာဗျ။ ဒါပေမဲ့ မျက်လုံးက ဖွင့်လို့ကို မရဘူးဗျ။

"ဟဲ့ စံအေးကြီးလား၊ လာလေ၊ နင့်ညီ အိပ်နေတာပေါ့"

"လာပြီ၊ အရီး လာပြီ၊ ဘိုးညဏ်ရော ရှိလား"

"နင့်ဘိုးညဏ် မရှိဘူးဟဲ့ စံအေးရဲ့၊ အရှေ့ပိုင်းက ကိုသိန်းအောင်တို့ဝိုင်း သွားလို့ဟဲ့"

"ဟာ ဘိုးကဗျာ နေပူရတဲ့အထဲ လရောင်အောက် သွားတယ်များ ထင်ရော့လား"

"ဟဲ့ စံအေးရဲ့၊ နင့်ဘိုးသာ နင်ကပြောနေတာ၊ နင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရော ဒီအချိန်ကြီး ဘန့်ဘွေးကုန်းကနေ ဘယ်လိုရောက်လာတာတုံး"

"ကျုပ်က မလာမဖြစ်လို့ လာရတာ အရီးရဲ့၊ အရီးသား ဆရာတာတေကို တွေ့ပြီး အကျိုးအကြောင်း ပြောပြပြီးရင် ဆရာကို ပင့်ရမှာဗျ၊ ကျုပ်တာဝန်က"

"ဟော ဟုတ်လား စံအေးရဲ့၊ ဟား၊ ဟား၊ ဟား၊ ဟား"

အမေက ကိုစံအေး ပြောတာကို သဘောကျပြီး ရယ်လို့ ပေါ့ဗျာ။ ကျုပ်လည်း ကိုစံအေး ပြောတာကို ရယ်ချင်သွားရောဗျို့။ ကိုစံအေးဆိုတာ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်းနဲ့ ဂလန့်ဂလားကြီးဗျ။ စကားပြောရင် အော်ကျယ် အော်ကျယ်နဲ့ ပြောတာ၊ ဘန့်ဘွေးကုန်းမှာ စံအေးနှစ်ယောက်ရှိတော့ သူ့ကို အာကျယ်စံအေးလို့ ခေါ်ကြတာဗျ။

"ဗျို့ ကိုကြီးစံအေး၊ ဘာတွေ မဟုတ်က ဟုတ်က ပြောနေတာတုံး"

"ဟော အရီးရေ ကျုပ်ဆရာတာတေ နိုးလာပြီဗျို့၊ ကဲ ကျုပ်ကို ခွင့်ပြုဦး၊ ဆရာကို လျှောက်စရာတွေ လျှောက်လိုက်ဦးမယ်"

"ကိုကြီးစံအေး လာဗျ၊ ဒီကို"

ကျုပ်က လှမ်းခေါ်လိုက်တော့ ကိုစံအေးကြီး ဒွပ်ပျစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်တယ်။ ကျုပ်က ကိုစံအေးကို နဂါးဆေးပေါ့လိပ်တစ်လိပ် မီးညှိပြီး ကမ်းပေးလိုက်တယ်။

အမေက အိမ်ပေါ်က ဆင်းလာပြီး ရေနွေးခရားအိုးနဲ့ လက်ဖက်အုပ် လာချပေးတယ်။

"ကဲ ကိုကြီးစံအေး၊ အကြမ်းသောက်၊ လက်ဖက်စားဗျို၊ နေပူရတဲ့အထဲဗျာ၊ ညနေစောင်းလေး ဘာလေးကျမှ လာရော ပေါ့"

"ဟာ တာတေရာ၊ မင်းလည်း ငါ့အဘအကြောင်း သိသားနဲ့ကွာ၊ ငါ့အဘက လွတ်စိတ်မြန်တာကွ၊ နေပူတာတွေ၊ နှင်းကျတာတွေ၊ မိုးရွာတာတွေ၊ ရေကြီးတာတွေ လာမပြောနဲ့၊ အခုချက်ချင်း သွားဆိုရင် ငါတို့က ပိုင်းဝရောက်နေရတာကွ"

"ကဲ ဒါဆိုရင်လည်း ပြောပါဦး၊ ကိုကြီးစံအေးရဲ့၊ လာ ရင်းကိစ္စက ဘာများတုံးဗျ"

"ငါတို့အိမ်မှာ ဩည့်သည်ဆရာတစ်ယောက် ရောက်နေ တယ်ကွ"

"ဟင် ဟုတ်လား ကိုကြီးစံအေး၊ ဘယ်က ကြွလာတဲ့ ဆရာတုံး"

"ငါတို့အဘရဲ့ မိတ်ဆွေတစ်ယောက်က ဆက်ပေးလိုက် တာကွ၊ ပယောဂတို့၊ မြွေကိုက်တာတို့ဆိုရင် လွတ်နိုင်တာချည်းကွ



www.burmeseclassic.com

www.burmeseclassic.com



တာတေရ၊ ဒါပေမဲ့ ဒီနယ်ကို သူရောက်လာတာ ဆေးကုဖို့တော့ ဟုတ်ပုံမပေါ်ဘူးကွ၊ ဆေးကုတာက ခရီးသွားဟန်လွှဲ လုပ်ပုံရတယ်၊ သူ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေပုံပဲ"

"ဘာကိစ္စများတုံးဗျ"

"အဲဒါတော့ ငါလည်း မသိဘူးကွ တာတေရ"

"နို့ နေပါဦးဗျ၊ ကိုကြီးစံအေး ကျုပ်ဆီကို အခုလာတဲ့ကိစ္စက ဘာများတုံး"

"သြော် ဒီလိုကွ၊ အဲဒီဆရာကြီးက သူ့ကိစ္စကို ကူညီဖို့နဲ့ သူ့ကို လမ်းလေးဘာလေး ပြပေးဖို့ သတ္တိကောင်းတဲ့ လူငယ်တစ်ယောက်လောက် ရှာပေးပါလို့ပြောလို့ မင်းကို လာခေါ်တာကွ တာတေရ"

"ခက်တာပဲ ကိုကြီးစံအေးရာ၊ ဘာကိစ္စမှန်းလည်း မသိ၊ ဘယ်ကိုသွားရမှာမှန်းလည်း မသိနဲ့ ကျုပ်က ဘာကူရမှာတုံးဗျာ"

"ဒါတော့ မင်းနဲ့ အဲဒီဆရာကြီးနဲ့ တွေ့ပြီးမှ ပြောကြဆိုကြပေါ့ကွာ၊ ခုတော့ ငါနဲ့ ဘန့်ဘွေးကုန်းကို တစ်ပါတည်း လိုက်ခဲ့ပါကွာ၊ မင်း မပါဘဲ ပြန်သွားရင် ငါ့အဘက ငါ့ကို ထောင်းမှာကွ တာတေရ"

"လိုက်မှာပေါ့ဗျာ၊ နို့ နေပါဦး ကိုကြီးစံအေးရ၊ အဲဒီဆရာက အောက်လမ်းတွေ ဘာတွေတော့ မဟုတ်ပါဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဘယ်သူတဲ့တုံးဗျ"

"ဟာ ကြံကြီးစည်ရာကွာ၊ အထက်လမ်းဆရာကြီးပါကွ၊ နေတာထိုင်တာ ပြောတာဆိုတာ ကြည့်တာနဲ့ အသိသာကြီးပါကွ၊ ဆရာကြီးနာမည်က ဦးလူပေတဲ့ကွ၊ သူ့ကို ဘိုးလူပေလို့ ခေါ်ကြတယ်၊ ဘိုးလူပေ ဆိုပေမယ့် အသက်က ငါးဆယ်လောက်ပဲ ရှိသေးတာပါကွာ"

"ဗျာ...ဘိုးလူပေ ဟုတ်လား ကိုကြီးစံအေး"

"အေး...ဟုတ်တယ်၊ ဘာတုံး မင်းနဲ့ သိလို့လား"

"ဟာ မဟုတ်ပါဘူးဗျ၊ ဒီနာမည်မျိုး ကျုပ် ကြားဖူး သလားလို့ပါ"

"သြော် တာတေရယ်၊ မင်းက ဆရာသမားတွေနဲ့ မကြာမကြာ လိုက်နေတာဆိုတော့ ကြားဖူးချင်လည်း ကြားဖူးမှာပေါ့ ကွာ"

"ကျုပ် အခုချက်ချင်း လိုက်ခဲ့မယ် ကိုကြီးစံအေး"

နေပူကြီးထဲမှာပဲ ကျုပ် ထလိုက်ခဲ့တာဗျ။ ကိုကြီးစံအေး တို့ ဝိုင်းထဲကို ရောက်တော့မှပဲ သစ်ရိပ်ဝါးရိပ်တွေနဲ့ အမောပြေ သွားတော့တယ်။

ကျုပ်တို့ အိမ်ထဲ ဝင်လိုက်တော့...

"တာတေ လာကွ၊ ဘိုးက မင်းကို မျှော်နေတာ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



သာ ပါမလာရင် ဟိုကောင်စံအေးကို အတွယ်ပဲ”

ကိုကြီးစံအေးရဲ့အဘ ဘိုးစံမောင်က ကျုပ်ကိုဆီးပြီး ပြောတာဗျို့။ ဘန့်ဘွေးကုန်းကကောင်တွေက ဘိုးစံမောင်ကို ဘိုးစိတ်တိုလို့ ခေါ်ကြတာ၊ လွတ်စိတ်မြန်ပြီး စိတ်ကလည်း လွတ်တိုတာဗျ။ ကျုပ်ကတော့ ဘိုးစံမောင် ပြောတာကို စိတ်မဝင်စားဘူး။ ဘိုးလူပေကို မျက်စိက လိုက်ရှာနေတာ။ ဘုရားစင်ရှေ့မှာ တင်ပလ္လင်ခွေ ထိုင်နေတဲ့ သျှောင်တစောင်းနဲ့ လူတစ်ယောက်ကို တွေ့တယ်။ နှုတ်ခမ်းမွေးကလေးသဲ့သဲ့ပါတယ်။ မျက်နှာက ကြည်လင်အေးချမ်းပြီး လောဘ၊ ဒေါသ၊ မောဟ ဆိုတာတွေ တော်တော်ကို နည်းပါးတဲ့ ပုံပဲဗျ။ ကျုပ် ဘိုးလူပေကို တွေ့တွေ့ချင်း ကြည်ညိုသွားမိတယ်။

ဒါပေမဲ့ လောကမှာ လူတူမရှား နာမည်တူမရှားလို့ ဆိုတယ်လေဗျာ။ ဆရာစိုင်းနွံဖ ပြောတဲ့ ကဝေပျံဘရှံရဲ့သား ဟုတ်ချင်မှ ဟုတ်မှာလေ”

“မောင်တာတေတဲ့လား”

ကျုပ်က ဘုရားကို ဦးတိုက်ပြီး ဆရာကြီးကိုပါ ဦးတိုက်လိုက်တယ်။

“ဟုတ်ပါတယ် ဆရာ”

“အေး အေး သာခုကွယ် သာခု၊ ခုလို ဆရာကို လာတွေ့



www.burmeseclassic.com

www.burmeseclassic.com



တာကိုပဲ ဆရာက ကျေးဇူးတင်လှပါပြီ၊ ဒီလိုကွဲ့ မောင်တာတေရဲ့၊ ဆရာ့မှာ ကိစ္စတစ်ခုက တော်တော်လေး အရေးကြီးနေလို့ကွဲ့၊ ဆရာ့နောက်မှာ တကောက်ကောက်လိုက်နေကျ တပည့်ကျော် မောင်လွန်းဆိုတာက ဒီခရီးထွက်ကာနီးမှ သူ့မိခင် ကွယ်လွန်သွားလို့ လိုက်မလာနိုင်ရှာဘူးလေ၊ ဆရာ့ကိစ္စကလည်း အချိန်ရွှေ့လို့ မရလေတော့ တပည့်မပါဘဲ ထွက်ခဲ့ရတာကွဲ့ မောင်တာတေရဲ့၊ အဲဒါ ဒီခရီးမှာ မောင်တာတေက ဆရာ့တပည့် မောင်လွန်းနေရာမှာ ခဏဝင်ပြီး ကူပေးနိုင်မလားလို့ပါကွယ်''

ဆရာကြီးရဲ့ ရုပ်ရည်နဲ့ ပြောပုံဆိုပုံက လိုက်ဖက်လှပေတယ်။ အတော်ကို ရည်မွန်တာဗျ။

''ဟုတ်ကဲ့ ဆရာ၊ မေးခွင့်ရှိရင် မေးပါရစေဗျာ''

''မေးပါ မောင်တာတေ၊ မေးနိုင်ပါတယ်''

''ကျုပ်က ဆရာနဲ့ ဘယ်ခရီးကို လိုက်ပြီး ဘာကို ကူညီပေးရမှာတုံး ဆရာ''

''တောင်တစ်တောင်ပေါ်ကိုကွဲ့ မောင်တာတေရဲ့၊ အဲဒီ တောင်ပေါ်က ဂူကြီးထဲမှာ 'ကဝေဖိုးဆူ၊ ဂူကိုးဂူ' ဆိုတဲ့ ကဝေကြီးတစ်ယောက်နေတယ်၊ သူ့ကို နှိမ်နင်းပစ်ဖို့ အထက်ပုဂ္ဂိုလ်ကြီးတွေက ဆရာ့ကို တာဝန်ပေးလိုက်လို့ပါကွယ်၊ ဒီမှာ စုံစမ်းကြည့်တော့ မောင်တာတေက ဆရာတွေနဲ့ လိုက်ဖူးတဲ့ အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံ့ရှိတယ်လို့ ပြောကြလို့ပါ၊ ဘယ်ဆရာတွေနဲ့ လိုက်ဖူးတာတုံး ကွဲ့ မောင်တာတေရဲ့"

"ဆရာကြီး ဒေါက်တာဦးမင်းအောင်တို့၊ ဆရာစိုင်းနွံဖ တို့နဲ့ လိုက်ဖူးတာပါ ဆရာကြီး"

"ဟော...မောင်တာတေ၊ မင်းက ခေသူမှ မဟုတ်တာ၊ ဒေါက်တာမင်းအောင်ကို ဆရာ ရင်းရင်းနှီးနှီးသိတယ်၊ ပြီးတော့ မင်းရဲ့ဆရာ စိုင်းနွံဖဆိုတာ ဆရာ့အစ်ကိုလို့တောင် ပြောလို့ရ သကွဲ့၊ ဆရာ့ကို ငယ်ငယ်လေးကတည်းက ထိန်းခဲ့တဲ့ အစ်ကိုပေါ့၊ ဆရာ့ရဲ့ အထိန်းတော် ကိုစံခွေးက တစ်လှည့်၊ ဆရာစိုင်းနွံဖက တစ်လှည့် ထိန်းကြရတာ၊ စိုင်းနွံဖ ဆိုတာက ဆရာ့ရဲ့အဖေ ဆရာပွားရဲ့ တပည့်ရင်းပေါ့ကွယ်"

ဟာ သေချာပြီပေါ့ဗျာ။ ကျုပ်ဆရာစိုင်းနွံဖ တစ်ခါက ပြောခဲ့ဖူးတဲ့ ကဝေပျံဘရှုံရဲ့သားကို လမ်းကြောင်းပြောင်းပေး တယ်ဆိုတာ ဆရာကြီး ဘိုးလူပေပဲပေါ့။

"စိတ်ချပါ ဆရာ၊ ကျုပ် ဆရာနဲ့ လိုက်ခဲ့ပါမယ်၊ ဘယ်ခရီးပဲဖြစ်ဖြစ်၊ ဘာနဲ့ပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ ကျုပ် ကူညီဖို့ အသင့်ပါပဲ ဆရာ"

ကျုပ်နဲ့ ဘိုးလူပေ ခရီးထွက်ဖို့ စီစဉ်ကြတယ်။ သူ့ဘသား မှာ အလယ်ရိုးမပေါ်ကိုဗျ။ သန်ဘက်ခါ လဆန်းဆယ့်သုံးရက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်မယ်။ တပေါင်းလပြည့်ညမှာ ကဝေကြီးကို စီရင်မယ်။

"မှတ်ထား မောင်တာတေရဲ့၊ ကဝေတွေထဲမှာ ကိုးသချိုင်းအောင်တဲ့ ကဝေ၊ ကိုးကျင်းအောင်တဲ့ ကဝေ၊ နတ်ရဲ့ ညောင်ပင်ကိုးပင်အောင်တဲ့ ကဝေ၊ အဲဒါတွေပြီးရင် နောက်ဆုံး အမြင့်ဆုံးက ဂူကြီးကိုးဂူအောင်းတဲ့ ကဝေကွဲ့။ အင်မတန်မှ အောင်ခဲတယ်၊ အခု ဆရာသွားပြီး နှိမ်နင်းမယ့်ကဝေက ဂူကြီးကိုးဂူ အောင်ပြီးသားကွဲ့၊ လူသတ်တာလောက်များတော့ အဲဒီကဝေက ပုရွက်ဆိတ် သတ်တာလောက်ပဲ ထင်တာကွ၊ ကဝေအချင်းချင်း တောင် သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရတာကွဲ့၊ ဒါကြောင့် လည်း 'ကဝေဖိုးဆူ၊ ဂူကိုးဂူ' လို့ တွင်ပေတာပေါ့ကွယ်၊ သက်တမ်းကလည်း ရာကျော်နေပြီကွဲ့ မောင်တာတေရဲ့"

ကျုပ် ရွာပြန်ရောက်တော့ ခရီးထွက်မယ့်အကြောင်း အဘနဲ့ အမေဆီမှာ ခွင့်တောင်းတယ်။ ညအိပ်တော့ မဖဲဝါက အိပ်မက်ထဲမှာ ကျုပ်ကို ပြောတယ်။

"တာတေ နင် လူပေနဲ့ လိုက်ဖြစ်အောင် လိုက်သွား၊ ဗဟုသုတတွေ အများကြီး ရလိမ့်မယ်"

လို့ ပြောသဗျ။ ကျုပ်လည်း ဆုံးဖြတ်ပြီးပြီလေဗျာ။ တပေါင်းလဆန်း ဆယ့်သုံးရက်မှာ ကျုပ်နဲ့ ဘိုးလူပေ ခရီးစထွက်တယ်။ ရိုးမပေါ်မှာ ပထမညအိပ်တော့ ကျားကြီးတစ်ကောင်

www.burmeseclassic.com



ကျူပ်တို့ကို ပတ်သွားနေတယ်။

'ဟဲ့ ဟင်းမျိုး မလောက်လေးမလောက်စားနဲ့ သွား၊ ကြီးကြီးတစ်ကောင် ခေါ်ခဲ့''

လို့ ပြောလိုက်တော့ ကိုးတောင်ကျားကြီးက နောက်ကျွမ်း ပစ်လိုက်တာ ကျူပ်ဖြင့် ကြက်သီးတွေတောင် ဖျန်းကနဲ ထသွားတယ်ဗျို့။ ကျားကြီးမှဗျာ နည်းတာကြီး မဟုတ်ဘူးဗျို့။ ခေါင်းက တင် တင်းတောင်းလောက် ရှိတာဗျ။ အစွယ်ကြီးတွေမှ တစ်ထွာ လောက်ကို ရှိတာဗျ။ ရှေ့ကို တိုးလာပြီး ကျူပ်တို့ကို ခုန်အုပ်မယ် လုပ်တာဗျ။ ကျူပ်လည်း ဘေးက တမာပင်ကြီးနောက် ကပ်နေ ရတာပေါ့ဗျာ။

''ဝေါင်း''

ကျားက အသံနက်ကြီးနဲ့ ဟိန်းတယ်။ ဆရာကြီး ဘိုးလူ ပေက သူ့လက်ဝါးမှာ ပေါ်လာတဲ့ အလင်းစက်ကလေးနဲ့ ကျားကို လှမ်းပစ်လိုက်တယ်။

''ဝေါင်း''

ရောမကျားကြီး နောက်ကျွမ်းပစ်ပြီး တချိုးတည်း ပြေး တော့တာဗျို့။

''ကဝေဖိုးဆူက တို့လာတာကို သိနေပြီကွ မောင်ဘော တေရဲ့၊ ခရီးကြိုတွေ ဘာတွေတောင် လွှတ်နေပေါ့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် ကျုပ်တို့ သတိတော်တော်ထားရတော့မှာပဲ ဆရာကြီးရေ"

"မပူပါနဲ့ကွာ၊ သူ့အကောင်တွေ အနားမကပ်ရဲပါဘူး"

အဲဒီညက ကျုပ်ဖြင့် ကောင်းကောင်းအိပ်မပျော်တော့ဘူးပေါ့ဗျာ။

နောက်တစ်နေ့ တပေါင်းလဆန်း ဆယ့်လေးရက်မှာ ဘိုးလူပေနဲ့ ကျုပ်နဲ့ ခရီးဆက်ခဲ့ကြတယ်။ ရိုးမပေါ်မှာ သွားနေတာဗျ။ ပါလာတဲ့ ရိက္ခာခြောက်ကိုပဲ ကျုပ်တို့ ဆရာတပည့် စားကြတာ။

"ရှိုး"

ဟာ မြွေကြီးဗျာ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျို့။ ကျုပ်က ခပ်ဝေးဝေးက လှမ်းမြင်တော့ ထန်းပင်ငုတ်ကြီး ထောင်နေတယ်ထင်တာ။ တစ်ကိုယ်လုံး မည်းနက်နေတဲ့ မြွေကြီးဗျ။ ငန်းမြွေကြီးထင်တယ်။ ကိုယ်လုံးက ထန်းပင်လုံးလောက် ရှိတယ်ဗျ။ ဘိုးလူပေက တုံ့ကနဲ ရပ်လိုက်တယ်။ သူ့ စလွယ်သိုင်းလွယ်ထားတဲ့ လွယ်အိတ်ကြီးထဲကို လက်နှိုက်ပြီး ထုတ်ယူလိုက်တာ မြွေရုပ်ကလေးဗျ။ ခွေပြီး ပါးပြင်းခွက်နေတဲ့ မြွေရုပ်ကလေးဗျ။ အလုံးက ခဲတံလုံးလောက်ပဲ ရှိတာ။ ဘိုးလူပေက တိုးတိုး၊ တိုးတိုးနဲ့ ဂါထာရွတ်ပြီး မြွေရုပ်ကလေးနဲ့ လှမ်းပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဟာ သဲမှုန်တွေ လွင့်ထွက်သွားတာဗျို့။ ဘာမှကို မမြင်ရတော့ဘူး။ ဖုန်တွေ ပျောက်သွားတော့ ဟာ မြွေကြီးနှစ်ကောင်ဖြစ်နေပြီဗျ။ ထန်းပင်လုံးလောက်ရှိတဲ့ မြွေကြီးပေါ်ကို ထန်းပင်နှစ်ပင်စာလောက်ရှိတဲ့ ဘိုးလူပေရဲ့ မြွေကြီး လျှောတက်သွားပြီးပတ်တော့တာဗျို့။ နှစ်ကောင် လိမ်ပြီးတော့ တစ်ကောင်နဲ့တစ်ကောင် ညှစ်နေတဲ့ပုံဗျ။

"ခွီး၊ ခွီး"

ပါးစပ်ကြီးတွေဟပြီး မာန်ဖီတဲ့အသံကြီးတွေက အသည်းတုန် အူတုံ ဖြစ်လောက်အောင်ပါပဲဗျာ။ ဟာ သွားပြီဗျို့။ ကျုပ်တို့သွားမယ့်လမ်းကို ပိတ်ထားတဲ့ မြွေမည်းကြီးတော့ ပျော့ခွေပြီးကျသွားပြီဗျို့။ ဘိုးလူပေရဲ့ မြွေကြီးက လျှောပြီးဆင်းသွားတယ်။ သူ့ကိစ္စ ပြီးပြီဆိုတဲ့ သဘောပေါ့ဗျာ။ ဘိုးလူပေက ဂါထာရွတ်လိုက်တယ်။ ဟော မြွေကြီး ပျောက်သွားပြီး ဘိုးလူပေရဲ့လက်ထဲမှာ သူ့ရဲ့ မြွေရုပ်ကလေး ပြန်ရောက်နေပြီဗျ။ ဘိုးလူပေက မြွေရုပ်ကလေးကို သူ့လွယ်အိတ်ထဲ ပြန်ထည့်လိုက်တယ်။

"လာ တာတေ၊ သွားကြစို့"

သေနေတဲ့ ထန်းလုံးလောက် မြွေကြီးကို ဘိုးလူပေက ကျော်ပြီး လျှောက်သွားတယ်။ ကျုပ်လည်း ကြောက်ကြောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



*ကျော်လိုက်ရတာပေါ့ဗျာ။*

ညနေစောင်းလောက်ရောက်တော့ ဘိုးလူပေက သွားနေရာကနေ တုံ့ကနဲ ရပ်လိုက်တယ်။

"လှမ်းတော့ မြင်နေရပြီကွ၊ မောင်တာတေရ ဟိုမှာ"

ဘိုးလူပေက ခပ်လှမ်းလှမ်းက ကောင်းကင်ကို ပြတာဗျ။ အဲဒီနေရာမှာ တောင်ထွတ်ကြီးရှိတယ်။ အဲဒီတောင်ထွတ်ကြီးရဲ့ အပေါ်မှာ ငှက်ကြီးတွေ ဝဲနေတာဗျ။

"ဘာငှက်ကြီးတွေတုံး ဆရာကြီး"

"ဟာ မောင်တာတေရဲ့ ဌေးတတွေလေကွယ်၊ အဲဒီ တောင်ထွတ်ကြီးထဲမှာ ကဝေအောင်းတဲ့ဂူရှိတာ သေချာတာပေါ့ ကွ၊ အဲဒီဌေးတတွေက ဒီကဝေရဲ့မယား စုန်းမတွေလေကွာ၊ ငါတို့ နီးလာပြီဆိုတာသိလို့ သူတို့လင် ကဝေကို ကင်းစောင့်နေ ကြတာလေကွာ၊ မိုးမချုပ်ခင် ရောက်သလောက် သွားကြတာပေါ့ မောင်တာတေ၊ ပြီးရင် စည်းတားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ကြ တာပေါ့ကွာ၊ ကျုပ် စည်းတားထားရင် ဘာကောင်မှ ဖောက်မဝင် နိုင်ပါဘူး မောင်တာတေ၊ နှစ်နှစ်ခြိုက်ခြိုက်သာ အိပ်ပါကွယ်၊ မင်းလည်း ပင်ပန်းနေပြီပဲ"

ညရောက်တော့ တောင်ပူစာလေးတစ်ခုဘေးမှာ ကပ်ပြီး ကိုယ်ယောက်ဖျောက် အိပ်လိုက်ကြတယ်။ ကျုပ်လည်း မြဖျင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဆိုပြီး ဘာမှမတွေးဘဲ အိပ်လိုက်တာ တစ်ရေးပဲဗျာ။

"မောင်တာတေ ထတော့၊ မိုးလင်းပြီ၊ မျက်နှာသစ်၊ ဗိုက်ကလေး ဖြည့်လိုက်ဦး၊ ပြီးရင် ခရီးဆက်ကြမယ်"

ကျုပ်နိုးတော့ နေတောင်ထွက်နေပြီဗျ။ ညကတော့ ဘာမှ မဖြစ်ဘူး ထင်တာပဲ။ ဖြစ်လည်း ကျုပ် သိမှာမဟုတ်ဘူးဗျ။ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်သွားတာ။

'အမြင့်နီးပေမယ့် ခရီးဝေးတဲ့တောင်' ဆိုတဲ့ စကားက တော်တော်ကို မှန်တာဗျ။ ဋ္ဌင်းတတွေ ဝဲနေတဲ့တောင်ထွတ်ကြီး ဆီကို လာရတာ ညနေသုံးနာရီလောက်မှ ရောက်တာဗျ။ ဘိုးလူ ပေက တောင်ထွတ်ကြီးမှာရှိတဲ့ ဂူပေါက်ကို ရှာနေတာဗျ။ ခဏ နေတော့ တောင်ထွတ်ပေါ်မှာနေတဲ့ ငှင်းတကြီးတွေထဲက သုံး ကောင်က နိမ့်ဆင်းလာပြီး တောင်ထွတ်ကြီးနံရံထဲကို တိုးဝင်ပြီး ပျောက်သွားတယ်။

"ဟာ အဲဒါဂူပေါက်ပေါ့ မောင်တာတေရဲ့၊ စုန်းမတွေ ပျံဝင်သွားတာ တွေ့တယ်မို့လား၊ ဟိုမှာ ဝဲနေတာက ခြောက် ကောင်၊ ဂူထဲဝင်သွားတာက သုံးကောင်ဆိုတော့ အားလုံး ကိုးကောင်ကွ၊ ဒီကဝေဖိုးဆူ ဆိုတဲ့ကောင်ကြီးက မယားကိုး ယောက်တောင် ရှိပါရောလားဟေ့၊ ကဲ မောင်တာတေ၊ ဒီနေရာမှာ ငြိမ်ငြိမ်နားနေကြရအောင်၊ ဝမ်းလေးဖြည့်ပြီး ရေတွေဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



သောက်။ ညကျမှ ဂူထဲကို ကျုပ်ဝင်မယ်၊ ခဏလောက် မှေးချင်လည်းမှေး၊ ဆေးလိပ်တော့ မသောက်နဲ့တော့ကွဲ့၊ စုန်းဆိုတာ ဆေးလိပ်နံ့ကို အဝေးကြီးတည်းက ရတယ်"

ကျုပ်လည်း မြားဆိပ်ပင်ကြီးမှာမှီပြီး ခဏမှေးနေလိုက်တယ်။ အအေးဓာတ်က စိမ့်ကနဲ ဝင်လာတယ်။ ကျုပ်တို့ရောက်နေတဲ့တောင်က မြင့်တော့ စောစောအအေးဓာတ် ဝင်တာပေါ့ဗျာ။

ညမိုးချုပ်တာနဲ့ လထွက်လာတယ်။ တပေါင်းလပြည့်ညဗျာ။ ဋ္ဌင်းတတွေက ဂူထဲက ထွက်လာပြီး ပျံနေကြပြန်ပြီဗျို့။

ဆရာကြီးဘိုးလူပေက ဘုရားရှိခိုးတယ်။ အထက်ပုဂ္ဂိုလ်တွေကို အသိပေးတယ်။ တောင်ပိုင်နတ်ကြီးတွေကို တိုင်တည်တယ်။ ဒီမှာတင် ကျုပ် အံ့ဩသွားရောဗျို့။

"ကဝေပျံဘရှုံနဲ့ မောက်ကတော် မယ်ဖန်တို့ရဲ့သား ပထမံဆရာပွားကြီးရဲ့ သားတပည့်၊ ကျုပ် အထက်ဆရာ ဘိုးလူပေ သစ္စာပြုပါတယ်၊ ကျုပ်သည် ကဝေ့သွေး မှန်သော်ငြားလည်း အထက်ပုဂ္ဂိုလ်တို့ ချီးမြှင့်တဲ့ အထက်လမ်းပညာတို့ကို ကမ်းခတ်နှံ့စပ်အောင် သင်ယူလေ့ကျင့်ခဲ့ပါတယ်။ ဒီပညာနဲ့ လူလောကကို ဒုက္ခအမျိုးမျိုး ပေးတတ်ကြတဲ့ သာသနာဖျက်၊ မိစ္ဆာဝါဒီ၊ ကဝေ၊ စုန်း၊ မောက်လုံး၊ မောက်ပြား၊ သရဲ၊ တစ္ဆေ၊ ဘုတ်၊ ပြိတ္တာ၊ ရက္ခိုမကျန် နှိမ်နင်းဖယ်ရှားပေးနေတာဟာ ဒီကနေ့အထိပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီသစ္စာ မှန်ကန်ပါက ကိုးဂူအောင် ကဝေကြီး ဖိုးဆူကို လွယ်လင့်တကူ နိုင်ရပါစေဘုရား"

"ဟီး၊ ဟီး၊ ဟီး"

ဟာ ဘိုးလူပေရဲ့ သစ္စာလည်းဆုံးရော တောကြီးတစ်ခုလုံး ဟီပြီး တောင်ကြီးတစ်ခုလုံး တုန်သွားရောဗျို့။ ဋ္ဌင်းတလို ဝဲနေတဲ့ စုန်းမကြီးတွေလည်း လန့်ဖျတ်ပြီး ဂူထဲကို ဝင်ပြေးပြီး ပျောက်သွားကြရောဗျ။

ဘိုးလူပေက ဂူကြီးဆီကို တန်းထွက်သွားတယ်။ ကျုပ်လည်း နောက်က ကပ်လိုက်ခဲ့ရတာပေါ့ဗျာ။

"ဟဲ့ ဆရာစုတ် ရပ်လိုက်စမ်း၊ ရာရာစစ နင်က ဒီဂူကြီးအထိ ရောက်လာရတယ်လို့၊ နင့်သေတွင်းကိုနင် တူးနေတာဟဲ့ ဆရာစုတ်ရဲ့"

စုန်းမလေးယောက်ဗျ။ ထမီအနက်၊ အင်္ကျီအနက်တွေနဲ့ ဆံပင်ဖားလျားကြီးချလို့။ ထမီတွေကို ဖောက်ထိုးဝတ်ထားကြတာဗျ။

ဟော စက်တွေ လွှတ်ကြပြီဗျို့။ ဒါပေမဲ့ သူတို့လွှတ်တဲ့ စက်တွေက ရှေ့ကို တိုးမလာဘဲ သူတို့မျက်နှာရှေ့အထိပဲ ရောက်တာဗျ။

"ဖျန်း"



www.burmeseclassic.com

www.burmeseclassic.com



စက်တွေထုတ်လို့မရတော့ စုန်းမတွေက စိတ်ဆိုးပြီး လက်နှစ်ဖက်ကို ဖျန်းကနဲ ရိုက်လိုက်တာဗျ။ ဟာ လက်ထဲက ဝင်းကနဲ ထွက်လာတဲ့ အလင်းတွေနဲ့ ဘိုးလူပေကို လှမ်းပစ်လိုက်တာဗျ။ ဒါပေမဲ့ အဲဒီအလင်းတွေက ဘိုးလူပေဆီ ရောက်မလာဘူးဗျ။ စုန်းမလေးယောက် လက်ဝါးတွေစုပြီး ကပ်လိုက်ကြတယ်။ ဟော စက်တွေထွက်လာပြီဗျို့။ လေးယောက်ပေါင်း ပညာကြောင့် ထင်တယ်ဗျ။ စက်တွေက အစိမ်းတွေ၊ အနီတွေ၊ အပြာတွေဗျ။ ဟော စက်တန်းက အပေါ်ကို ထောင်တက်သွားတယ်၊ ပြီးတော့မှ ဘိုးလူပေဘက်ကို ဝင်လာတာဗျ။

"အို...ရှုပ်လိုက်ကြတာ၊ ကဲဟာ"

ဘိုးလူပေက လက်ထဲမှ အသင့်ကိုင်ထားတဲ့ အင်းချပ်နဲ့ တအားလွှဲပေါက်ချလိုက်တယ်။

"ဝုန်း"

ဟာ သွားပြီဗျို့။ စုန်းမတွေ ပိုးလို့ပက်လက်တွေလန်ပြီး ဆန့်ငင် ဆန့်ငင်ဖြစ်ပြီး ငြိမ်သွားရောဗျ။

"လာ မောင်တာတေ၊ မကြောက်နဲ့"

ဘိုးလူပေက ဆေးလွယ်အိတ်ကြီး စလွယ်သိုင်းလို့ဗျ။ ကျုပ်က ရိက္ခာအိတ်ကြီး စလွယ်သိုင်းလို့ပေါ့ဗျာ။ မီးတွေ လင်းထိန်နေအောင် ထွန်းထားတဲ့ ဂူကြီးထဲကို ဘိုးလူပေ ဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်လည်း နောက်က လိုက်ခဲ့တာပေါ့ဗျာ။

ဟာ ပစ်ပြီဗျို့။ ဂူထဲအဝင်မှာ စက်တန်းကြီးနဲ့ ပစ်လိုက်တာဗျို့။

"ရှီ"

ဆိုတဲ့ အသံကြီးနဲ့ ဘိုးလူပေရဲ့ ရင်ဘတ်တည့်တည့်ကို တန်းဝင်လာတဲ့ စက်တန်းကြီးကို ဘိုးလူပေက လက်နဲ့ဆီးပြီး ကာလိုက်တာ စက်က ရှေ့မတိုးတော့ဘဲ တံ့ကနဲ ရပ်သွားရောဗျို့။

စုန်းမ သုံးယောက်ဗျ။ တစ်ယောက်က သူလွှတ်တဲ့စက်က ရှေ့ကို မတိုးနိုင်မှန်းသိတဲ့အခါ ဘေးကနှစ်ယောက်ကို အမူအရာ ပြလိုက်တယ်။ ဘေးက ရပ်ကြည့်နေတဲ့ စုန်းမနှစ်ယောက်က စက်လွှတ်ထားတဲ့ စုန်းမရဲ့ကျောကုန်းကို သူတို့လက်ဝါးတွေနဲ့ ကပ်လိုက်ကြတယ်။

ဟာ စက်က အရောင်တွေ တဝင်းဝင်းတောက်ပြီး ရှေ့ကို တိုးလာတယ်။ ဟော ဘိုးလူပေက လက်ထဲမှာ အသင့်ကိုင်ထားတဲ့ အင်းကို ဂါထာရွတ်ပြီး လွှတ်လိုက်တယ်။ အင်းက မီးရောင် လက်ကနဲဖြစ်ပြီး ပျံသွားတာဗျို့။

"ဝုန်း"

ဟာ စုန်းမရဲ့ စက်ရောင်လည်းပျောက်။ သုံးယောက်စလုံး လှုပ်တောင် မလှုပ်ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းဆရာ စည်းမရှိပါလား၊ ပညာပြိုင်တဲ့ နေရာမှာ အဆင့်ဆင့် သွားရမယ်ဆိုတာ နားမလည်ဘူးလား၊ မင်းက လူသတ်သမားပဲ၊ ဆရာ မဟုတ်ဘူး"

ကျုပ် လှမ်းကြည့်လိုက်တော့ ရွှေချထားတဲ့ နောက်မှီ ကုလားထိုင်ကြီးဗျ။

"ဟာ"

ကျုပ်ပါးစပ်က ယောင်တောင် အော်လိုက်မိတယ်ဗျာ။ ကဝေထိုင်တဲ့ ကုလားထိုင်ကြီးရဲ့ ခြေထောက်လေးချောင်းမှာ ဘုရားပုံတွေ ထုထားတာဗျ။ ဘုရားလေးဆူက သူထိုင်နေတဲ့ ကုလားထိုင်ကြီးကို ထမ်းထားတဲ့ပုံ ထုထားတာဗျ။ ကျုပ်ဖြင့်ဗျာ ကြက်သီးတွေတောင် တဖြန်းဖြန်း ထသွားတယ်။

"အလို"

ကဝေကြီးခြေထောက် တင်ထားတာကိုကြည့်တော့ မုဆိုးဒူးထောက် ထိုင်နေတဲ့ ဘုရားနှစ်ဆူဗျ။ ဘုရားတစ်ဆူစီရဲ့ ပခုံးတစ်ဖက်စီမှာ ကဝေက ခြေထောက်တင်ထားတာ။ ဘုရားတွေက ဒူးထောက်ထိုင်ပြီး သူ့ခြေထောက်ကို ထမ်းထားရတဲ့ပုံဗျာ။

သူ့ဘေးတစ်ဖက်တစ်ချက်စီမှာ နောက်ဆုံးကျန်တဲ့ စုန်းမ နှစ်ယောက်က ရပ်လို့ဗျ။

"ဟဲ့ကောင်မတွေ ဒီအကောင်စုတ်ကို ငါ့လက်နဲ့ မတန်

www.burmeseclassic.com

www.burmeseclassic.com



လို့ မသတ်ချင်ဘူး၊ ကျားနဲ့ တိုက်သတ်လိုက်စမ်း”

ကဝေရဲ့အမိန့် ဆုံးတာနဲ့ ညာဘက်မှာ ရပ်နေတဲ့ စုန်းမက ကျွမ်းပစ်ပြီး ထွက်လိုက်တာ။

“ဝေါင်း”

ဟာ ကျားဖြူကြီး ဖြစ်သွားရောဗျို့။ ကျားဖြစ်သွားတာနဲ့ ဘိုးလူပေကို ခုန်အုပ်တော့မလို့ လုပ်တာဗျို့။ ဘိုးလူပေက သူ့လက် ဝါးကြီးကိုဖြန့်ပြီး လေထဲမှ ရိုက်ချလိုက်တယ်ဗျ။

“ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း”

ဘိုးလူပေက လေထဲကို လေးချက်ဆက်တိုက် ရိုက်လိုက် တာ ကျားဖြူကြီး ခါးကြီးကော့ပြီး အော်တော့တာပဲဗျ။

“ဝေါင်း၊ ဝေါင်း”

“အောင်မယ်လေး၊ သေပါပြီ သခင်ကြီးရဲ့”

‘ဝေါင်း၊ ဝေါင်း’လို့ အော်တဲ့အထိက ကျားဖြူကြီးဗျ။

‘အောင်မယ်လေး သေပါပြီ သခင်ကြီးရဲ့’လို့ အော်တဲ့ အချိန်မှာ စုန်းမကြီး ပြန်ဖြစ်နေပြီဗျ။ ဟာ စုန်းမကြီး ဂူကြမ်းပြင် မှာ နှစ်ပတ်လောက် လိမ့်ပြီး သွေးတွေထိုးအန်ပြီး ငြိမ်သွားရော ဗျို့။

“ဟဲ့ မယ်ညွန့်၊ နင့်အလှည့်၊ အသေသတ်လိုက်စမ်း”

ဟာ စုန်းမကြီး ဟိုဘက်ကို လှည့်လိုက်တယ်ဗျ။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ နောက်ကျွမ်းပစ်ဝင်တာဗျို့။

"ဝေါင်း"

ဟာ ကျားနက်ကြီးဗျ။ စောစောက ကျားဖြူကြီးထက် ပိုကြီးသဗျ။ ဘိုးလူပေက ကဝေနဲ့ မတိုက်ရဘဲ စုန်းမတွေနဲ့ တိုက်နေရလို့ စိတ်တိုနေပုံရတယ်ဗျ။

"ကဲ လာခဲ့စမ်း ကဝေ့မယား၊ ငါ စိတ်မရှည်တော့ဘူး"

ကျုပ်ကြည့်လိုက်တော့ ဘိုးလူပေက လက်ထဲမှာ အင်း တစ်ချပ်ကိုင်ပြီး အဆင်သင့် စောင့်နေတာဗျ။

"ဝေါင်း"

ဟာ အုပ်ပြီဗျို့။ ခုန်အုပ်ပြီ။ ကျားနက်ကြီးက ခုန်အုပ် ပြီ။ ကျုပ်တောင် လန့်ပြီး ထိုင်ချလိုက်မိတယ်ဗျို့။

"ကဲဟာ သေစမ်း"

ဘိုးလူပေက ကျားကို အင်းနဲ့ ဆီးပစ်လိုက်တာဗျ။

"ဝေါင်း၊ ဝေါင်း"

"အောင်မယ်လေးတော့ သေပါပြီတော့"

ကျားနက်ကနေ စုန်းမပြန်ဖြစ်ပြီး ဂူကြမ်းပြင်မှာ လိမ့်နေ တာဗျို့။

"ဝေါ့"

ဟော ထိုးအန်လိုက်တဲ့ သွေးတွေဗျာ။ ကဝေကြီး ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကုလားထိုင်အောက်ကိုတောင် ရောက်သွားတာဗျို့။ ကဝေက သူ့မယားကြီး နောက်ဆုံးအန်သွားတဲ့ သွေးတွေကို ငုံ့ကြည့်လိုက်တယ်ဗျ။

ဟော ကဝေကြီး ထရပ်ပြီဗျို့။ ဟာ ကျွမ်းပစ်ပြီဗျို့။ ဟာ ကျားကြီး ဖြစ်သွားပြီဗျို့။ ကျားကြီးမှဗျာ နက်မှောင်နေတာ ဗျို့။ မျက်လုံးကြီးတွေမှ ရဲတောက်နေတာပါပဲဗျာ။ အစွယ်တွေ လည်း ဖွေးနေတာဗျို့။

"တာတေ ဂူပြင်ထွက်နေ၊ မြန်မြန်သွား"

ဘိုးလူပေအသံက အတော်ကို ခက်ထန်တာဗျ။

"ရော့ ဒီလွယ်အိတ်ပါ ယူသွား"

သူ့ဆေးလွယ်အိတ်ကိုဖြုတ်ပြီး ကျုပ်ကို ပေးတယ်။

"ဒီအကောင်မျိုးက အင်းတွေ ဆေးတွေ မနိုင်ဘူးကွ"

ကျုပ်လည်း ဂူပြင်ကိုထွက်ပြီး ကျောက်နံရံကြီးမှာကပ် ချောင်းကြည့်နေလိုက်ရတာပေါ့ဗျာ။

ဟာ ဘိုးလူပေကိုယ်တိုင် ကျွမ်းပစ်လိုက်ပြီဗျို့။ ဟာ ဘိုးလူပေ ကျားဖြူကြီး ဖြစ်သွားပြီဗျို့။ ကျားနက်ကြီးထက် အရွယ်သုံးဆလောက် ကြီးတာဗျ။

"ဝေါင်း"

"ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျားဖြူကြီးက စပြီးခုန်အုပ်တာဗျို့။ ဟာ နှစ်ကောင်သား ဂူကြမ်းပြင်မှာ လုံးထွေးနေကြတာဗျို့။

"ဝေါင်း၊ ဝေါင်း၊ ဂူး၊ ဂူး"

တကယ့်တိရစ္ဆာန်ရိုင်းကြီး နှစ်ကောင်ရဲ့ တိုက်ပွဲပါပဲဗျာ။ ကျုပ်လည်း ဘာလုပ်ရမှန်း မသိတော့ဘူးဗျ။ ကျုပ်နားထဲမှာတော့ ဆရာနွံဖ ပြောခဲ့ဖူးတာကိုပဲ ကြားနေတာဗျို့။

"ကဝေ့သွေးစစ်စစ် ကဝေကြီးတွေကို အထက်လမ်းဆရာကြီးတွေတောင် မနိုင်ကြဘူးကွ တာတေရ၊ ကဝေ့သွေးကို လမ်းကြောင်းပြောင်းထားတဲ့ ဆရာမျိုးကမှ နိုင်တာကွ"

"ဝေါင်း၊ ဂူး၊ ဂူး၊ ဝေါင်း"

အထဲမှာတော့ ဗြောင်းဆန်အောင်ကို တိုက်နေကြတာဗျို့။

"ဂီး၊ ဂီး၊ ဟီး၊ ဟီး၊ ဂီး"

ဟာ ဒါ သေကာနီး ကျားတစ်ကောင်ရဲ့ ဝမ်းခေါင်းသံကြီးဗျ။ ကျုပ် ဂူထဲကို လှမ်းကြည့်လိုက်တယ်။

"ဟာ ဘိုးလူပေ"

ကျားနက်ကြီးက ဂူကြမ်းပြင်မှာ ပါးစပ်ကြီးဟပြီး အသက် ဖုတ်လှိုက် ဖုတ်လှိုက် ဖုတ်လှိုက်နဲ့ ရှူနေတာဗျ။

ဘိုးလူပေက နောက်ကို လှည့်ကြည့်တယ်။ ကျုပ်က ဂူကြီးထဲကို ပြေးဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေ လွယ်အိတ်ပေးစမ်း"

ကျုပ်က ဘိုးလူပေရဲ့ ဆေးလွယ်အိတ်ကို ပြေးပြီး ပေးလိုက်တယ်။ ဘိုးလူပေက လွယ်အိတ်ထဲက အင်းတစ်ချပ်ကိုထုတ်ပြီး ဂါထာရွတ်တယ်။

"ကဝေဖိုးဆူ၊ ဂူကိုးဂူကြီးတော့ အသက်ငင်နေပြီကွ မောင်တာတေရ၊ ဒါကဝေသက်ဖြတ်အင်းတဲ့ မောင်တာတေရဲ့၊ နောက်နည်းနည်းဆုတ်နေ"

ဘိုးလူပေက ကဝေသက်ဖြတ်အင်းနဲ့ ကျားနက်ကြီးကို ပစ်ပေါက်လိုက်တယ်။

"ဝုန်း"

မီးခိုးတွေထပြီး ကျားနက်ကြီး ငြိမ်ကျသွားပြီဗျို့။ ဟာ ကဝေကြီး ပြန်ဖြစ်သွားပြီဗျ။ ဟာ ကဝေကြီးကိုယ်က မီးတွေ ထတောက်ပြီဗျို့။ အို စုန်းမကြီးတွေလည်း မီးတွေ ထတောက်ကုန်ပြီဗျာ။

"လာ မောင်တာတေ၊ ဂူထဲက မြန်မြန်ထွက်မှဖြစ်မယ်၊ ဒါ ငရဲမီးတောက်တွေ တောက်တာ၊ မဟာအဝီစိငရဲကိုကျမယ့် ကဝေတွေ၊ စုန်းတွေပဲကွဲ့၊ ဆရာ့ကိုလည်း အဖေကြီး ပထမံဆရာပွားနဲ့ ဆရာစိုင်းနွံဖတို့ ကယ်ခဲ့ပေလို့ ကဝေဖိုးဆူလို ဘဝမျိုးကို မရောက်တာပေါ့ မောင်တာတေရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ကြာတော့ ကျူပ် ထနောင်းကုန်းကို ပြန်ရောက်ခဲ့တယ်။


တာတေ

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# သချိုင်းထဲကဗုံသံ

"ဟဲ့နွား ဘယ်ကို ဆွဲနေတုံး"

"တောက်၊ အော်"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့နွား အဖြောင့်ဆွဲလေ၊ ဟား၊ ဖြန်း"

"နွားဖြူကြီး ရှန်းဟ"

ကျုပ်ကို ကျုပ်သူငယ်ချင်း လာခေါ်တာဗျ။ မြို့ကျောင်းမှာ တက်တုန်းက ဒီကောင်နဲ့ တစ်ခန်းတည်းလေဗျာ။ ဒီကောင့်နာမည်က 'စံဘော်' တဲ့။ လူပုံက ညိုညိုတုတ်တုတ်၊ ဂင်တိုတိုဗျ။ ဒီကောင်က ကျောင်းတုန်းက ကျုပ်နဲ့ လွတ်ခင်တဲ့ အကောင်။ ဘချစ်ရယ်၊ ဒီကောင်ရယ်၊ ကျုပ်ရယ် တတွဲတွဲ နေခဲ့တာဗျ။ ဘချစ်က သုဿာန်ကျောင်းကိုယ်တော်ရဲ့ မွေးစားသားလေဗျာ။ ကျုပ်က ထနောင်းကုန်းသား၊ စံဘော်က ရွာတော်ကြီးသားဗျ။

ရွာတော်ကြီးဆိုတာ ထီးဂလိုင်ဘက်မှာဗျ။ ထီးဂလိုင်ဘက်ကိုသွားရင် တောင်ကျချောင်းတစ်ချောင်းကို ကူးရသေးတယ်ဗျ။ အဲဒီချောင်းရဲ့ ဒီဘက်က ရွာက ရွာတော်ကြီးပဲ။ ချောင်းက နွေမှာတောင် ရေရှိတဲ့ ချောင်းလေဗျာ။ ဒါပေမဲ့ နွေဆိုရင် လှည်းဖြတ်မောင်းလို့ရတယ်။ ရွာတော်ကြီးက ချောင်းနဲ့ အနီးလေးဗျ။

ကျုပ်ဆီကို စံဘော်နဲ့ သူ့အဘ ရောက်လာတာဗျ။ စံဘော်အဘရဲ့ နာမည်က 'ဦးစိန်ထော်' တဲ့ဗျ။ ကျုပ်တို့ ဘချစ်တို့ကတော့ ဦးစိန်ထော်ကို ဘိုးထော်လို့ပဲ ခေါ်ကြတာ။

စံဘော် မြို့မှာ ကျောင်းနေတုန်းက ဘိုးထော်က မကြာမကြာ ရောက်လာတတ်တာဗျ။ ဒါကြောင့်လည်း ကျုပ်တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



စံဘော့်အဘ ဘိုးထော်တို့က တော်တော်ကို ခင်ကြတာဗျ။

"ဟာ…စံဘော်၊ ဟင်…ဘိုးထော်လည်း ပါတာကိုး၊ လာကြ၊ လာကြ"

ကျုပ်က ခရီးဦးကြိုလိုက်တယ်။ ကျုပ်တို့ဝိုင်းထဲကို အရောက် လာပို့ပေးတာက ကျုပ်အကောင် ကျောက်ခဲဗျ။

"တာတေရေ…ရွာအဝင်မှာ ဒီညီလေး မောင်ကျော်တုံးနဲ့ တွေ့လို့ အဆင်ပြေသွားတာပေါ့၊ နို့မဟုတ်ရင် မင်းတို့ဝိုင်းကို တော်တော်ရှာယူရမှာ"

"ဟာ…စံဘော်ကတော့ လုပ်တော့မယ်၊ မောင်ကျောက်တုံး မဟုတ်ပါဘူးကွ၊ ကျောက်ခဲပါ"

စံဘော်တို့သားအဖကို အိမ်ပေါ်ကိုခေါ်ပြီး နေရာထိုင်ခင်း ပေးရတာပေါ့ဗျာ။ ကျုပ်အဘနဲ့ အမေကိုလည်း စံဘော်တို့သားအဖ နဲ့ မိတ်ဆက်ပေးရတာပေါ့။

အဘနဲ့ ဘိုးထော်က နှမ်းအကြောင်း၊ ပဲအကြောင်းတွေ ပြောကြတာပေါ့ဗျာ။ ကျုပ်ကတော့ စံဘော်ကို ကျောင်းတုန်းက အကြောင်းတွေ ပြန်ပြော၊ ပြန်မေးနဲ့ စကားဝိုင်းလေးက စိုစိုပြေပြေ ကို ဖြစ်လို့ဗျ။

"နေပါဦး စံဘော်ရဲ့၊ ဘိုးထော်နဲ့ မင်းနဲ့ ငါ့ဆီကို လာကြ တာ အကြောင်းထူးများ ရှိသေးလား၊ အလည်သက်သက်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က စံဘော်ကို မေးလိုက်တော့မှ စကားဝိုင်းက တိတ်သွားရောဗျ။

"အေး…ဟုတ်သားပဲ၊ စံဘော် မင်းသူငယ်ချင်းတာတေကို အဘတို့ လာရတဲ့ကိစ္စ ပြောလိုက်ဦးလေကွာ"

စံဘော်က နဂါးဆေးပေါ့လိပ်ကလေးကို ဆက်တိုက်ဖွာလိုက်သေးတယ်။ ပြီးတော့မှ…

"ဒီလိုကွ တာတေရ၊ ငါတို့ရွာမှာ မကောင်းဆိုးရွားကြီးတစ်ကောင် ဝင်နေလို့ကွ"

"ဟေ…ဟုတ်လား၊ ဘာတွေလုပ်လို့တုံး"

"ပထမတော့ ရွာထဲကလူတွေ ဟင်းချက်ထားရင် ဟင်းတွေ ပျောက် ပျောက်သွားတာကွ"

"ဟေ…ဘယ်လိုကွ စံဘော်ရ"

"ဒီလိုကွာ၊ ဘုန်းကြီးကျောင်း ဆွမ်းလှည့်ကျလို့ ဆွမ်းဟင်းအတွက် ဝက်သားတို့ ဘာတို့ နှစ်ပိဿာလောက် ချက်ထားတာမျိုးဆိုရင် ဟင်းတစ်တုံးမှ မကျန်အောင် စားသွားတာကွ"

"ဟေ…ဟုတ်လား၊ ဒါဆိုရင် ဒီအကောင်က အိမ်ထဲဝင်နိုင်လို့ပေါ့ကွ"

"အား…ဝင်နိုင်တယ်၊ ဝင်နိုင်တယ်၊ မီးဖိုချောင်ထဲအထိကို ဝင်ပြီး စားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဟင်းတွေ ဝင်စားနေထာ မကောင်းဆိုးရွားကြီး မှန်း မင်းတို့ ဘယ်လိုလုပ်သိတုံး စံဘော်"

ကျုပ်မေးလိုက်တော့ စံဘော်က ခေါင်းညိတ်လိုက်ပြီး...

"ဒီလိုဟေ့၊ ငါတို့ရွာမှာ အရီးမြတင်ဆိုတာ ရှိတယ်၊ ရွာမြောက်ပိုင်းမှာ နေတာကွ၊ တစ်ရက်ကျတော့ အရီးမြတင် ဆွမ်းလှူညီ့ကျရောဟေ့၊ ဒီမှာတင် အရီးမြတင်က ဝက်သား နှစ်ပိဿာ ဆွမ်းဟင်းချက်တယ်၊ ညဘက်ရောက်တော့ ဝက်သား ဟင်းအိုးကို မီးဖိုပေါ်မှာပဲ တင်ထားပြီး မီးဖိုခန်းကို တံခါးလုံအောင် ပိတ်တယ်၊ မီးဖိုခန်းရှေ့မှာ သေသေချာချာ အိပ်ပြီးတော့ကို စောင့် တာတဲ့ဟေ့၊ ညသန်းခေါင်ကျော်လောက်ရောက်တော့ မီးဖိုခန်းထဲ က အိုးသံခွက်သံတွေကြားလို့ တံခါးဖွင့်ကြည့်လိုက်တယ်တဲ့ဟေ့"

"ဟင်...ဘာမြင်လို့တုံးကွ စံဘော်ရ"

"အကောင်ကြီးတဲ့ကွာ၊ နဲတာကြီး မဟုတ်ဘူးဆိုပဲ၊ အရီး မြတင် ပြောတာကတော့ ဆင်ကြီးတစ်ကောင် မတ်တတ်ရပ်နေ သလိုပဲတဲ့ဟေ့၊ တစ်ကိုယ်လုံး အမွေးအမျှင်တွေ ဖုံးနေတာတဲ့ကွ၊ လက်သည်း ခြေသည်းတွေက သံကောက်ကြီးတွေ တပ်ထားသလို ကို ဖြစ်နေတာတဲ့ဟေ့၊ မျက်လုံးကြီးတွေဆိုတာ ရဲတောက်နေတာ ဆိုပဲ၊ ပါးစပ်ကြီးဖြဲပြီး ဝက်သားတုံးတွေကို လက်ခုပ်ကြီးနဲ့ ကျုံး ကျုံးပြီး ထည့်နေတာတဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…အရီးမြတင်က ဘာလုပ်လိုက်တုံး"

"ဟာ တာတေရာ၊ အရီးမြတင်က လုပ်ဖို့နေနေသာကွာ၊ အောင်မယ်လေး သရဲကြီးတော့လို့ ငယ်သံပါအောင် အော်ပြီး လဲကျသွားလိုက်တာ သတိကို မရတော့တာဟော့"

"သူ့အိမ်သားတွေလည်း အိပ်ရာက နိုးလာပြီး အပြေးအလွှား ရောက်လာကြတာပေါ့ကွာ၊ သူတို့အိမ်သားတွေတင် မကဘူး၊ တောင်ဘက်ဝိုင်း၊ မြောက်ဘက်ဝိုင်းက လူတွေပါ အရီးမြတင်ရဲ့ အသံကိုကြားပြီး ပြေးလာကြတာကွ၊ ဒီရောက်တော့ ဘာမှ မတွေ့တော့ဘူးကွ၊ ဒါပေမဲ့ ဝက်သားဟင်းအိုးထဲက ဆီတွေက ကြမ်းပြင်မှာ မှောက်လို့ဟော့၊ အဲဒီဆီကို တက်နင်းပြီး ထွက်သွားတော့ ကြမ်းပြင်မှာ ခြေရာကြီးတွေ ကျန်ခဲ့တာ အလျား နှစ်တောင်လောက်ရှိပြီး ဗျက်က တစ်တောင်လောက် ရှိတယ်ကွ"

"ဟာ နဲတဲ့အကောင်ကြီးမှ မဟုတ်တာကွာ"

"အေး…အေး…နေဦး တာတေ၊ မင်းကို ဆုံးအောင် ဆက်ပြောရဦးမယ်၊ ဟင်းအိုးထဲမှာ ဝက်သားနှစ်တုံး သုံးတုံး ကျန်နေခဲ့တယ်တဲ့ကွ၊ အဲဒါကို အရီးမြတင်ရဲ့သား ကိုဘိုတိုးက သူတို့အိမ်က ခွေးနှစ်ကောင်ကို ကျွေးလိုက်တာ ဝက်သားလည်း စားပြီးရော ခွေးနှစ်ကောင် သေပါရောလား တာတေရာ"

"ဟော…ဟုတ်လား၊ ဒါဆိုရင်တော့ မလွယ်ဘူးကွ



www.burmeseclassic.com

www.burmeseclassic.com



စံဘော်ရေ၊ ဒီအကောင်ကြီးက သက်တမ်းရာကျော်နေပြီ ထင်တယ်ကွ''

''ပြီးခဲ့တဲ့ညကရော ဘယ်သူ့အိမ်ကို တက်စားသေးလဲ''

''နေဦး တာတေ၊ ငါ မင်းကို ပြောပြဖို့ ကျန်သေးတယ်၊ အဲဒီလိုဖြစ်တော့ ငါတို့ရွာသားတွေ ဆွမ်းလှည့် မချက်တော့ဘဲ ဘုန်းကြီးကျောင်းကို အလှူငွေပဲ ထည့်ကြတယ်၊ ဒီမှာတင် ဒီအကောင်ကြီးက ဟင်းမချက်ကောင်းလားဆိုပြီး တို့ရွာက မွေးကင်းစ ကလေးတစ်ယောက်ကို အူတွေ၊ အသည်းတွေ နှုတ်ပြီး စားရောပေါ့၊ သေတဲ့ကလေးက သုံးလသားလောက်ပဲ ရှိသေးတာ၊ သေတော့ ဗိုက်ကလေးက ပြားချပ်နေတာနဲ့ ရွာထဲကလူကြီးတွေက ဗိုက်ကို ခွဲကြည့်ကြတော့ ကလေးမှာ အူတွေ၊ အသည်းတွေ မရှိတော့ဘူးကွ''

''ဟာ နေပါဦးကွ စံဘော်ရ၊ ကလေးက ဘာဖြစ်လို့ သေတာတဲ့တုံး''

''ဘာမှမဖြစ်ဘူးကွ၊ အကောင်းကြီးကနေ အိပ်နေတုန်း လန့်အော်ပြီး သေသွားတာကွ၊ ဒါနဲ့ ငါတို့ရွာက လူကြီးတွေက မဖြစ်တော့ဘူးဆိုပြီး ဝက်သား တစ်နေ့ သုံးပိဿာချက် ချက်ပြီး အိုးကြီးနဲ့ကို သွားသွားချကျွေးနေရတယ်''

''ဟော…ဟုတ်လား၊ ဘယ်နားမှာ သွားပြီးကျွေးရတာ



www.burmeseclassic.com

www.burmeseclassic.com



တုံးကွ"

"ငါတို့ရွာထိပ်မှာ အသက်ဘယ်လောက်ရှိနေမှန်း မသိတဲ့ တမာပင်လေးတစ်ပင် ရှိတယ်ကွ၊ အပင်အမြင့်က လူခါးစောင်းလောက်ပဲရှိတယ်၊ ဒါပေမဲ့ သက်ရင့်တမာပင်ကြီးတွေလိုပဲ အကိုင်းနဲ့ အခက်နဲ့၊ အပင်တွေ အကိုင်းတွေကလည်း သက်ရင့်ပင်ကြီးတွေလိုပဲ၊ အမွေတွေတက်၊ ကြီးပေါင်းတွေတက်နဲ့ကွ၊ လူကြီးတွေ ပြောတာကတော့ ငါတို့နေတဲ့ ရွာတော်ကြီးကို တည်တဲ့ သူကြီးဦးမာ ဆိုတဲ့လူကြီးက အဓိဋ္ဌာန်ပြီး စိုက်ခဲ့တာလို့ ပြောတာပဲကွ၊ ဘာတွေအဓိဋ္ဌာန်ခဲ့တယ် ဆိုတာတော့ ဘယ်သူမှ မသိပါဘူးကွာ၊ လူကြီးတွေ ပြောတာကတော့ ဒီတမာပင်က ဘုရင်တွေ ရှိတဲ့အခါကတည်းက စိုက်ထားတာလို့ ပြောကြတာပဲ၊ အဲဒီတမာပင်လေးကို ခြံနဲ့ ဝိုင်းထားတာကွ၊ တို့ရွာသားတွေက တင်ဖို့ မြှောက်ဖို့ ကိစ္စဆိုရင် အဲဒီရွာထိပ်က တမာပင်ပုလေးမှာပဲ သွားပြီးလုပ်ကြတာကွ တာတေရ"

"ဪ...ဒါဆိုရင် ဟိုအကောင်ကြီးကို ဝက်သားကျွေးတာလည်း အဲဒီနေရာမှာပဲပေါ့"

"အေး...ဟုတ်တယ်ကွ"

ကျုပ်လည်း စံဘော် ပြောတာကို တွေးကြည့်နေတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေရေ..ဘိုးထော်တို့ အခုလာတာ မောင်တာတေကို ခေါ်ဖို့ပဲကွ၊ ဒီကိစ္စကို မောင်တာတေ လိုက်လာပြီး အကဲခတ်ပေးပါကွာ၊ ပြီးတော့ ရှင်းနိုင်ရင်လည်း ရှင်းပေးပါ မောင်တာတေ၊ ဘိုးထော်တို့နဲ့တော့ တစ်ပါတည်း လိုက်ခဲ့ပါ"

ဘိုးထော်က ကျုပ်ကို အရအမိကို ခေါ်တော့တာပေါ့ဗျာ။ ကျုပ်လည်း ဘယ်လိုလုပ် ငြင်းလို့ကောင်းမှာတုံးဗျာ။ စံဘော်ဆိုတာက လွတ်ခင်ကြတဲ့ ငယ်သူငယ်ချင်းလေးဗျာ။

နောက်ဆုံးတော့ ယူစရာရှိတာတွေယူပြီး စံဘော်တို့ သားအဖလှည်းနဲ့ ကျုပ် ရွာတော်ကြီးကို လိုက်ခဲ့ရတော့တာပေါ့ဗျာ။

"ဟ...ဘယ်လိုတုံး၊ ဟာ ငနိုကြီး၊ တောက် ဘာလို့ တွန်းနေတာတုံးဟ၊ အဖြောင့်ဆွဲလေ"

"ဟာ ဒီနွား၊ အေး အဲဒီလိုသွားလေ"

စံဘော်အဘ ဘိုးထော်က လှည်းမောင်းတာဗျ။ ကျုပ်နဲ့ စံဘော်ကတော့ ဘချစ်အကြောင်းကို ပြောလာကြတာ။ ဘချစ် ဘယ်ရောက်နေမှန်း ကျုပ်ရော၊ စံဘော်ရော မသိကြဘူးဗျ။ ကျုပ်တို့နှစ်ယောက်စလုံး ဘချစ်ကို သတိရနေကြတာ။ သုသာန်ကျောင်း ဘုန်းကြီး မွေးစားထားတဲ့ အကောင်လေဗျာ။ ဘချစ်က စကား ပြောရင် အ,ထစ် အ,ထစ်နဲ့ ပြောတဲ့ကောင်၊ စကားသာထစ်တာ လွတ်ခင်ဖို့ကောင်းတဲ့ကောင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထော် လှည်းမောင်းတဲ့အသံကို နားထောင်ရင်း စံဘော်နဲ့ ကျုပ် စကားကောင်းလာလိုက်တာ ညနေစောင်းသွားတာတောင် သတိမထားမိဘူးဗျို့။

“မောင်တာတေ ဟိုရှေ့ကဟာ ဘိုးထော်တို့ရွာပဲကွ၊ ရောက်ပြီ”

လို့ ပြောတော့မှ ကျုပ်က လှမ်းကြည့်လိုက်မိတာ။

“ဟ စံဘော်၊ ရွာတော်ကြီးဆိုလို့ ငါ့စိတ်ထဲမှာ ရွာကြီး အကြီးကြီး ထင်နေတာကွ၊ ခု သေသေချာချာ ကြည့်တော့မှ မင်းတို့ရွာက သိပ်မကြီးဘဲကိုး”

“ဟာ မဟုတ်ဘူးကွ မောင်တာတေရဲ့၊ ဒီရွာကြီးကို ဘုရင်တွေလက်ထက်တွေကတည်းက တည်ခဲ့တာ၊ ဘုရင် တိုက်ရိုက်အုပ်ချုပ်တဲ့ရွာလို့ ပြောတယ်၊ ဘုရင်ရဲ့ စစ်ကဲကြီး ဦးမာဆိုတာက သူကြီးလုပ်ရတာကွ၊ သူပဲ ရွာတည်ခဲ့တယ်လို့ ပြောတယ်။ တကယ်က ရိုးရိုးသူကြီး မဟုတ်ဘူးကွ၊ ဘုရင်၊ ဘဏ္ဍာတိုက်ထဲကို သွင်းရတာတဲ့ကွ၊ ဒီတုန်းက အိမ်ခြေတစ်ထောင်ကျော်လောက်ရှိတယ်ဆိုပဲ။ နှစ်တွေကြာလာတော့ ရွာက တဖြည်းဖြည်း သောင်လာတာပေါ့ကွာ၊ ခုဆိုရင် အိမ်ခြေတစ်ရာကျော်လောက်ပဲ ရှိတော့တာ မောင်တာတေရဲ့”

“ဪ…ဒီလိုလား ဘိုးထော်ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ရွာထဲဝင်တော့ နေဝင်ကာနီးနေပြီဗျ။ စံဘော်တို့ ဝိုင်းက ကျယ်ပါတယ်။

"စံဘော် ဒီည ဝက်သား သွားကျွေးရင် ငါလိုက်မယ်"

ကျုပ်က လှည်းပေါ်က ဆင်းတာနဲ့ တန်းပြောလိုက်တာ။

"ဟာ…ဒါဆိုရင် တောင်ဘက်ဝိုင်းက ဘိုးဆင်ကို အကျိုးအကြောင်း သွားပြောလိုက် စံဘော်ရေ"

"ဟုတ်ကဲ့ အဘ"

အဲဒီညက ကျုပ် ထမင်းစားပြီးဘာနဲ့ နဂါးဆေးပေါ့လိပ် ကလေးဖွာတယ်။ စကားလေး ဘာလေး ခဏတဖြုတ်ပြောပြီး မျက်ကွင်းဆေး ကွင်းထားလိုက်တယ်။

"စံဘော်ရေ…မင်းသူငယ်ချင်းကို ခေါ်ကွာ၊ သွားကြရ အောင်ဟေ့"

"ဟော…ဘိုးဆင် ခေါ်နေပြီဟေ့၊ သွားစို့"

ကျုပ်က ဆေးလွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး ထလိုက်ခဲ့တယ်။ စံဘော် ပြောတဲ့အတိုင်းပါပဲဗျာ။ ရွာထိပ်က တမာပင်လေးက ပုပုလေးဗျ။ မြို့မှာ ပန်းအိုးနဲ့ ထည့်ရောင်းတဲ့ ဘွန်ဇိုင်းလို့ခေါ်တဲ့ သက်ကြီးပုပင်မျိုး ဖြစ်နေတာဗျ။

ဘိုးဆင်က ဝက်သားဟင်းအိုးကြီးကို အဖုံးဖွင့်ပြီး ပါးစပ် က ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သင် ဘယ်လိုပုဂ္ဂိုလ်မျိုးပဲဖြစ်ဖြစ် ဒီဝက်သားဟင်းကို စားပါ၊ ကျုပ်တို့ ရွာတော်ကြီးသားတွေ ကျွေးမွေးတာပါ၊ ကျုပ်တို့ ရွာကို မနှောင့်ယှက်ပါနဲ့၊ စောင့်ရှောက်ပါဗျာ၊ စားပါ၊ စားပါ"

ဘိုးဆင်က ပြောပြီး ခပ်သုတ်သုတ် ထွက်သွားတယ်။ ကျုပ်နဲ့ စံဘော်က ရောက်တည်းက မလှမ်းမကမ်းက မန်ကျည်း ပင်ကြီးနောက်မှာကွယ်ပြီး နေကြတာဗျ။

ဘိုးဆင် ပြန်သွားတော့ ကျုပ်တို့နှစ်ယောက် ကျန်ခဲ့တာ ပေါ့ဗျာ။ စံဘော်က မြို့ကျောင်းမှာ တက်ကတည်းက ဘချစ် နောက်ကို ကျုပ်နဲ့အတူတူ လိုက်နေကြလေဗျာ။

အခုလည်း စံဘော်က ကျုပ်နဲ့ လိုက်ခဲ့ရတာကို ပျော်နေ တာဗျ။

"ဝေါ၊ ဖလပ်၊ ဖလပ်"

ဟာ လေအေးကြီးတိုက်လိုက်တာဗျို့။ သစ်ပင်တွေဆိုတာ ယိမ်းထိုးပြီး သစ်ရွက်ခတ်သံတွေ မြည်နေတာဗျ။

"အာ၊ အာ၊ အာ၊ အာ"

ဟော ကျီးကန်းတွေတောင် လန့်ပြီးအော်နေပြီဗျို့။

"ဟိုမှာ ဟိုမှာ တာတေ၊ တမာပင်ပုလေးကိုကြည့်"

ဟုတ်တယ်ဗျ။ တမာပင်ပုလေးက လေတိုက်သလို ယိမ်းနေတာဗျ။ ဟာ ဘာကြီးတုံးဗျ။ တမာပင်ကလေးဆီက



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ။ မဲမဲအတန်းကြီးဗျ။ မီးခိုးလိုလို ဘာလိုလိုနဲ့။ မဲမဲအခိုးလုံးက ကြီးကြီးလာတာဗျို့။ တမာပင်ပုလေးကို ကာထားတဲ့ ခြံစည်းရိုးကိုကျော်ပြီး ထွက်လာပြီဗျို့။

ဟာ သရဲကြီးဗျာ။ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ။ ဟုတ်ပါ့ဗျာ။ အရီးမြတင် ပြောတဲ့အတိုင်းပဲဗျ။ ဆင်ကြီးတစ်ကောင် မတ်တတ်ရပ်နေသလားလို့ကို ထင်ရတာဗျ။ နည်းတဲ့ကိုယ်လုံးကြီး မဟုတ်ပါဘူးဗျာ။ အမွေးကြီးတွေမှ တစ်တောင်လောက်ကို ရှည်တာဗျို့။ မျက်လုံးနီနီကြီးတွေနဲ့ ပါးစပ်ပြဲပြဲကြီးထဲမှာ အစွယ်ဖွေးဖွေးကြီးတွေက တစ်ထွာလောက်ကို ရှည်မယ်ထင်တယ်။ နားရွက်ကြီးတွေက စကောကြီးတွေလောက် ရှိတာဗျ။

ဟာ··ဒူးကြီးထောက်ပြီး ထိုင်ချလိုက်ပြီဗျို့။ ဟာ··စားပြီဗျာ။ ဝက်သားဟင်းတွေကို လက်ခုပ်ကြီးတွေနဲ့ ကျုံးကျုံးပြီး ပါးစပ်ကြီးထဲကို ထည့်နေလိုက်တာဗျာ။

ဒီကောင်ကြီးကို ကြည့်ရင်း ကျုပ်တောင် ဝက်သားစားချင်လာရောဗျို့။ အမေချက်တဲ့ ဝက်သနီချက်ကို သတိရလိုက်တာ မပြောပါနဲ့တော့ဗျာ။

ဝက်သားဟင်းကို တစ်အိုးလုံး ကုန်အောင်စားပြီးတော့ တမာပင်ပုလေးကို ဝိုင်းထားတဲ့ ခြံဝင်းထဲကို လှမ်းကျော်ပြီး ဝင်လိုက်တယ်။ ဟာ···ပျောက်သွားပြီဗျို့၊ အကောင်ကြီးပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။

ကျုပ်တောင် ပါးစပ်အဟောင်းသား ဖြစ်ကျန်ရစ်ခဲ့တာဗျ။ ကျုပ်ကို ကြည့်ပြီး အကဲခတ်နေရတဲ့ စံဘော်က ကျုပ်ကို လေသံလေးနဲ့ မေးတယ်။

"တာတေ မင်း ဘာမြင်လို့တုံး"

"စံဘော် ငါက ဆရာကြီးတွေ ချီးမြှင့်ထားတဲ့ မျက်ကွင်းဆေး ကွင်းထားတာကွ၊ ဒီလိုဟာတွေကို မြင်ရတယ်၊ မင်းတို့ရွာက အရီးမြတင် ပြောတဲ့အတိုင်းပဲကွ၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူးကွ၊ ဒါကြီးကို နှင်ထုတ်ဖို့ဆိုတာ တော်ရုံတန်ရုံဆရာလုပ်နိုင်မယ် မထင်ဘူးကွ"

"ဒါဆိုရင် အစွမ်းထက်တဲ့ ဆရာတွေ ဘာတွေ မင်းသိတာ ရှိသလား၊ မင်းနဲ့ငါ သွားခေါ်မယ်ကွာ"

"နေပါဦး စံဘော်ရဲ့၊ ငါ လုပ်ကြည့်ပါဦးမယ်"

"မင်းက ဘယ်လိုလုပ်မှာတုံး တာတေ"

"ငါ မဖဲ၀ါကို အကူအညီ တောင်းကြည့်ပါဦးမယ်ကွာ"

"ဟာ မဖဲ၀ါ ဟုတ်လား၊ သင်္ချိုင်းစောင့် မဖဲ၀ါဆိုတာလား"

"အေး…ဟုတ်တယ်လေ"

"မဖဲ၀ါဆီက အကူအညီတောင်းမယ်ဆိုတော့ မင်းက



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါကို သိလို့လား”

“အေးပေါ့ကွ စံဘော်ရ”

“ဟော…ဟုတ်လား”

ကျုပ် အဲဒီညက စံဘော်တို့အိမ်မှာ အိပ်တယ်။ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးကို ထုတ်ယူပြီး မဖဲဝါကို ပင့်လိုက်တယ်။

“သချိုင်းရှင်မ မဖဲဝါဗျာ၊ ကျုပ်က ရွာတော်ကြီးမှာ ရောက်နေတာပါ၊ ရွာတော်ကြီးမှာ သရဲကြီးတစ်ကောင်ကို ရွာသားတွေက တစ်ရက်မပျက် ဝက်သားဟင်း ချက်ပြီး ကျွေးနေရပါတယ်၊ အဲဒီလိုမကျွေးရင် ဒီသရဲကြီးက ရွာထဲက ကလေး တစ်ယောက်ကို သတ်ပြီး အူအသည်းတွေကို နှုတ်ပြီး စားပစ်တယ်ဗျ မဖဲဝါရဲ့၊ အဲဒီကိစ္စကို ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပြပါ၊ သချိုင်းရှင်မကြီးဗျာ”

မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ခေါင်းအုံးအောက်မှာ ထားပြီး ကျုပ် အိပ်လိုက်တယ်။

လေတွေ တဝုန်းဝုန်း တိုက်နေတဲ့ကြားမှာ ဆယ့်နှစ်ရာသီ ပင်ကြီးက ယိမ်းထိုးနေတာဗျ။ တစ်ပင်လုံး ဝါနေအောင် ပွင့်တဲ့ ဆယ့်နှစ်ရာသီပန်းတွေကတော့ တစ်ပွင့်မှကို ကြွေကျတာ မတွေ့ရဘူးဗျို့။ ကျုပ်နဲ့ ရွယ်တူလောက်အရွယ် ဖန်ဆင်းထားတဲ့ မဖဲဝါက ဆယ့်နှစ်ရာသီပင်ကြီးအောက်မှာ ရပ်လို့။ လေတွေ တဝုန်းဝုန်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်နေပေမယ့် မဖဲဝါရဲ့ ဆံပင်တွေ၊ အဝတ်အစားတွေက မလွင့်ဘူးဗျ။

"တာတေ နင် နားထောင်၊ နင် အခုတွေ့နေတဲ့ သရဲကြီးက ကုန်းဘောင်မင်းတွေ အင်းဝကနေ အမရပူရကို ပြောင်းပြီး နန်းစိုက်တဲ့ အချိန်ကတည်းက ရှိနေတာ၊ ဒီတုန်းက ဘကြီးတော်မင်းရဲ့ အမိန့်နဲ့ စစ်ကဲကြီး ဦးမာက ရွာတော်ကြီးကို စနစ်တကျ တည်ခဲ့တာ။ အိမ်ခြေထောင်ကျော် ရှိတယ်၊ မင်းကြီးရဲ့ ကျေးလက်စံအိမ်တော်ရှိတယ်၊ မင်းကြီးက ကျေးလက်မှာ စံချင်တဲ့အခါ အခြွေအရံ အပြည့်အစုံနဲ့ ရွာတော်ကြီးကို ကြွလေ့ရှိတယ်။ ဒီတော့ ရွာတော်ကြီးက မင်းစံရွာကြီးပေါ့ တာတေ၊ ဒါကြောင့်လည်း ရွာတည်တဲ့ စစ်ကဲကြီး ဦးမာက ရွာစည်းရိုးကို သစ်လုံးတွေနဲ့ ကျကျနန အခိုင်အမာ ကာရံရတယ်။ ပြီးတာနဲ့ အင်မတန်ဆိုးတဲ့ မားပြဗိုလ်ကြီး ငထုံးကို သတ်ပြီး ရွာစတေးခဲ့တယ်၊ ခေါင်းကို ရွာဝင်ဝမှာ မြှုပ်တယ်၊ ကိုယ်ကိုတော့ လေးဘက်လေးပေါင်ဖွဲ့ပြီး ရွာထောင့်လေးရပ်မှာ မြှုပ်ပြီး မင်းမိန့်ပြန်တမ်းနဲ့ ရွာတော်ကြီးကို အစောင့်ထားတယ်။ အဲဒီသရဲကြီးက ငထုံးပဲ တာတေ၊ ဦးမာ သစ္စာဆိုပြီး စိုက်ခဲ့တဲ့ တမာပင်ပုလေးကို နင်တွေ့တယ်မို့လား၊ သက်တမ်း ရာချီနေပြီ၊ အဲဒီတမာပင်ကလွဲရင် သရဲငထုံး ဘယ်မှာမှ မနေရဘူးလို့ အမိန့်ထားခဲ့တယ်၊ အဲဒီတမာပင်ပုလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



သရဲကြီး ငထုံးရဲ့ ဗိမာန်ပဲ"

"အို…ရှေးတုန်းက ဘုရင်တွေရဲ့ အမိန့်ဟာ တယ်လည်း ပြင်းထန်တာပါလား"

ကျုပ်က အတွေးနဲ့ ပြောလိုက်မိတာဗျ။

"နင် ငထုံးရဲ့ အရိုးတွေကို ရှာပြီး တူးလိုက်လေ၊ ပြီးရင် မီးသင်္ဂြိုဟ်ပေးလိုက်၊ ဒါဆိုရင် ငထုံး ဒီနေရာက ထွက်သွားလိမ့်မယ်၊ သူလည်း ဒီနေရာက သွားချင်လှပြီပေါ့ တာတေ၊ မင်းမိန့်နဲ့ မို့လို့ ခများ ခံနေရတာပါ"

"အရိုးတွေကို စစ်ကဲကြီးဦးမာ ဘယ်နေရာတွေ မြှုပ်ခဲ့တယ်ဆိုတာ ကျုပ်မှ မသိတာ မဖဲဝါရဲ့"

"မနက်ဖြန် လကွယ်ည သန်းခေါင်ယံမှာ နင်တို့ ရွာပြင် ထွက်ခဲ့၊ ငါ ခွေးနက်ကြီးကို လွှတ်လိုက်မယ်၊ ငထုံးရဲ့ ခေါင်းနဲ့ ကိုယ် မြှုပ်ထားတဲ့ နေရာတွေကို ခွေးနက်ကြီးက ပြလိမ့်မယ်"

"ကောင်းပါပြီ မဖဲဝါ"

နောက်နေ့ရောက်တော့ အစီအစဉ်အားလုံး လုပ်ရတာပေါ့ ဗျာ။ ရွာထဲက လူတွေစုပြီး ညသန်းခေါင် မတိုင်ခင်ကတည်းက ကျုပ်တို့လူစု ရွာတော်ကြီး အပြင်ကို ထွက်ခဲ့တယ်။ မူလရွာကြီး ဟာ ဘယ်လောက်ကြီးတယ်၊ ဘယ်နေရာမှာ ရွာဝင်ပေါက်တံခါး ရှိတယ်၊ ရွာက ဘယ်ဘက်လှည့်တယ်ဆိုတာ ဘယ်သူမှ မသိကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလေဗျာ။ နဂိုရွာကြီးနဲ့ ပတ်သက်တာဆိုလို့ ရွာတော်ကြီး ဆိုတဲ့ နာမည်ပဲ ကျန်တော့တာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

လက္ခယ်ညဆိုတော့ ကြယ်ရောင်လေးပဲ ရှိတာပေါ့ဗျာ။ မဖဲဝါရဲ့ ခွေးကြီး လာနေပြီဗျို့။ ဟော ဟော သွားပြီ၊ သွားပြီ။ ခွေးနက်ကြီး သွားပြီဗျို့။ ကျုပ်တို့လူစုလည်း ခွေးနက်ကြီးနောက်က လိုက်ရတာပေါ့ဗျာ။

ဟော...တူးပြီဗျို့၊ တူးပြီ။ ခွေးနက်ကြီးက နေရာတစ်နေရာကို တူးပြတယ်။ ကျုပ်တို့ထဲက နှစ်ယောက် နေခဲ့ပြီး အဲဒီနေရာမှာ တူးကြတယ်။ ခွေးနက်ကြီးက ဆက်သွားပြီး တစ်နေရာမှာ တူးပြန်တယ်။ ကျုပ်တို့ထဲက နှစ်ယောက်နေခဲ့ပြီး တူးကျန်ရစ်တယ်။ နောက်ထပ် ဆက်သွား၊ ဆက်တူး။ နောက်ထပ် ဆက်သွား၊ ထပ်တူး။ အားလုံးပေါင်း ငါးနေရာဗျ။ ပြီးတော့ ခွေးနက်ကြီး ပြေးထွက်ပြီး ပျောက်သွားတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ခွေးအူသံကြီးက တဖြည်းဖြည်း ဝေးဝေးသွားရောဗျို့။ ဟာ...တွေ့ပြီဗျို့၊ တွေ့ပြီ။ သရဲငထုံးကြီးရဲ့ လူ့ဘဝက ခေါင်းခွံ၊ လက်၊ ခြေထောက်၊ ကိုယ် အားလုံးဆက်လိုက်တော့ လူတစ်ယောက်ရဲ့ အရိုးစုကြီး ဖြစ်လာတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှပဲ မူလရွာတော်ကြီးရဲ့ အကျယ်အဝန်းကို ရွာသားတွေ တွေ့ရတော့တာဗျို့။ စစ်ကဲဦးမာ တည်ခဲ့တဲ့ ဒီရွာကြီးက နည်းတဲ့ရွာကြီးမှ မဟုတ်တာဗျာ။ ဘုရင်တောင် ကြွပြီး ကျေးလက်စံတဲ့ရွာဆိုတော့ ရွာစည်းရိုးကို အခိုင်အမာ ဆောက်ထားတာတဲ့ဗျ။ ပြီးတော့ ရွာစတေးပြီး အစောင့်ချထားသေးတာ။

မားပြကြီး ငထုံး ဒီနေရာမှာ ဘယ်မှမသွားဘဲ စောင့်နေရတာ။ ခမျာကြီးလည်း တော်တော်ကို သနားဖို့ကောင်းပါတယ်ဗျာ။

နောက်တစ်နေ့မှာပဲ ရွာတော်ဆရာတော်ကျောင်းမှာ ရွာတော်သူကြီးနဲ့ ရွာထဲက လူကြီးတွေ တိုင်ပင်ကြတာပေါ့ဗျာ။ တိုင်ပင်ပြီးတာနဲ့ ချက်ချင်းဆုံးဖြတ်ကြတာဗျို့။

ယင်းချောင်းတစ်ဖက်ကမ်းက တောင်ချွန်းဆရာတော်နဲ့ ရွာတော်ဆရာတော် အပါအဝင် သံဃာဆယ်ပါးကို ဆွမ်းကပ်မယ်။ သရဲကြီး ငထုံးကို ဒီည ဝက်သားကျွေးပြီးတာနဲ့ ကျုပ်က အားလုံး အကျိုးအကြောင်းပြောပြီး မနက်အရုဏ်တက်မှာ တရားနာ ဖိတ်ရမယ်။ သရဲကြီး ငထုံး တရားနာတုန်းမှာ သူ့ရဲ့အရိုးတွေကို မီးသင်္ဂြိုဟ်ကြရမယ်။ ဒါဆိုရင် ရွာတော်စောင့် သရဲကြီး ကျွတ်နိုင်တယ်လို့ ယူဆကြတာပေါ့ဗျာ။

ရွာတော်သားတွေလည်း သူတို့ ဆုံးဖြတ်တဲ့အတိုင်း ချက်ချင်းထပြီး လုပ်ကြ ကိုင်ကြတာဗျို့။ တမာပင်ပုလေးအားမှာ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ကနဖျင်းထိုးပြီး အလှူအတွက် ခင်းကြကျင်းကြတာ ပေါ့ဗျာ။ ကျုပ်လည်း အဲဒီည ရွာတော်စောင့်ကြီးကို ဝက်သားကျွေးရင်း မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးနဲ့ပြပြီး မနက်တရားနာဖို့ ဖိတ်လိုက်တယ်။

ကျုပ်ကတော့ မျက်ကွင်းဆေးကွင်းပြီး ကြည့်နေရတာ ပေါ့ဗျာ။ မနက်လေးနာရီခွဲမှာ ဆရာတော်တွေကို ဆွမ်းကပ် ကတည်းက သရဲကြီး ငထုံးကို ကျုပ် ခေါ်လိုက်တယ်ဗျ။

သရဲကြီးလည်း ကျွတ်လွတ်ချင်ရှာလွန်းလို့ လာပါတယ် ဗျာ။ သူ့အတွက် ကျုပ်လုပ်ပေးထားတဲ့ နေရာမှာ ကြဲ့ကြဲ့ကြီး ထိုင်နေတာ။ တကယ့်ကို ဆင်ကြီးတစ်ကောင် ထိုင်နေသလိုပါပဲ ဗျာ။ ဆရာတော်တွေက ဆွမ်းစားပြီးတော့ ဒါယာ ဒကာကြီး ငထုံးရဲ့ အလှူဖြစ်တဲ့အကြောင်း ရရှိတဲ့ ကုသိုလ်အဖို့ဘာဂကို ငထုံးကြီး အပြည့်အဝ ရပါစေလို့ အမျှပေးဝေကြတယ်။ ငထုံး ကြီးက သာဓုခေါ်တယ်။ ဒီအချိန်မှာပဲ ငထုံးကြီးရဲ့ အရိုးစုကို မီးသင်္ဂြိုဟ်လိုက်ကြတာပေါ့ဗျာ။

တစ်ပြိုင်နက်တည်း လုပ်တာဗျ။ ငထုံးကြီးလည်း သာဓု ခေါ်တဲ့အချိန်၊ သူ့အရိုးတွေလည်း ပြာကျတဲ့အချိန် တစ်ထပ်တည်း ဗျ။

ဟာ…သာဓုလည်း ခေါ်ပြီးရော ဆင်ကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိတဲ့ သရဲကြီး ဖြုတ်ကနဲ ပျောက်သွားရောဗျာ။

ကျုပ်က အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း အသင့်စောင့်နေတဲ့ ရှာတော်သားတွေက တမာပင်ပုလေးရဲ့ ခြံဝင်းကို ဖျက်ကြပြီး တမာပင်ပုလေးကိုပါ ဝိုင်းခုတ်ကြ ထစ်ကြ။ အမြစ်တူးတဲ့လူက တူးပေါ့ဗျာ။

ရှာတော်ဆရာတော်က ကျုပ်ကို ခေါ်ပြီး မေးတယ်။

"ဒကာလေး မောင်တာတေ၊ သရဲကြီး ဦးထုံး ကျွတ်လွတ်သွားတာကို မြင်ရသလားကွဲ့"

"မှန်လှပါဘုရား၊ သရဲကြီး ကျွတ်လွတ်သွားပါပြီဘုရား၊ တပည့်တော် သေသေချာချာ မြင်ရပါတယ်ဘုရား"

"အင်း…ဝမ်းမြောက်ဖွယ်ကောင်းလှပါဘိတော့တယ်"

လို့ ပြုံးပြီး ဆရာတော်က မိန့်တယ်။ တောင်ချွန်းဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာ ရှိတာပေါ့ဗျာ။

ကိစ္စပြီးတာနဲ့ ကျုပ် ထနောင်းကုန်းကို ပြန်တယ်။ ဘိုးထော်နဲ့ စံဘော်က ကျုပ်ကို အိမ်အရောက် ပြန်ပို့ကြပါတယ်။ အဘနဲ့ အမေအတွက် မြေပဲ၊ မောင်မခေါ်ပဲ၊ ပဲကြီး၊ ပုန်းရည်ကြီး၊ နှမ်း၊ ရှာတော်သူတွေ ယက်ကန်းခတ်ပြီး ရက်ထားတဲ့ အညာတဘက်နှစ်ထည်။

ထနောင်းကုန်းရောက်လို့ ဝိုင်းထဲဝင်လိုက်တာနဲ့…



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...တာတေ ပြန်လာပဟာ၊ ငါ့ကောင်ကြီးကွာ၊ မင်းကို လာပြီးစောင့်လိုက်ရတာ နှစ်ရက်ရှိပြီကွ တာတေရ"

ဆပ်သမြောင်က ကိုကြီးသာဒွန်းပါလား၊ ဘာကိစ္စများရှိလို့ပါလိမ့်။

ကျုပ်အဘနဲ့ အမေကလည်း လွတ်ဧည့်ဝတ်ကျေတာဗျို့။ အိမ်မှာ ထမင်းဟင်းချက်ထားပြီးသား။ ဘိုးထော်နဲ့ စံဘော်ရော၊ ကိုကြီးသာဒွန်းရော ကျကျနန ထမင်းကျွေးတာဗျ။

ကျုပ်တို့ အညာဓလေ့ဆိုတာ ဒီလိုပဲဗျ။ ဧည့်သည်လာရင် ကျုပ်တို့ အညာသူ၊ အညာသားက သိပ်ပျော်ကြတာ။ သူများအိမ်လာတဲ့ ဧည့်သည်ကိုတောင် သွားမိတ်ဖွဲ့ပြီး ထမင်းဖိတ်ကျွေးကြတာဗျ။

ခုလည်း ဧည့်သည်တွေလာလို့ အဘနဲ့ အမေမှာ ပျော်နေကြတာဗျ။ ထမင်းစားသောက်ပြီးတော့မှ ကိုကြီးသာဒွန်းက ကျုပ်ကို ပြောပြတာဗျာ။

"တာတေ ရွာကလူတွေ လွှတ်လိုက်လို့ မင်းဆီကို ငါလာခဲ့တာကွ"

"ဘာများဖြစ်လို့တုံး ကိုကြီးသာဒွန်းရဲ့"

"ငါတို့ ဆပ်သမြောင်မှာ တစ်နေ့ကို လူတစ်ယောက်သေနေလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟင်"

ကျုပ်က အံ့သြပြီး 'ဗျာ'လို့ အော်လိုက်မိတာ။ စံဘော်အာဘ ဘိုးထော်ကလည်း အံ့သြပြီး 'ဟင်'လို့ အော်လိုက်တာဗျ။

"ဘာရောဂါနဲ့ သေကြတာတုံးဗျ၊ ကိုကြီးသာဒွန်းရဲ့"

"သေရင် ဝမ်းရောဂါပဲကွ၊ သိပ်များများလည်း မဟုတ်ဘူး၊ အကောင်းသားကနေ မှိုင်လာပြီး ဝမ်းသုံးလေးခါသွားပြီး ကြွက်တက်တော့တာပဲ၊ ကြွက်တက်ပြီး ခဏကြာရင် ဇက်ကျိုးကျသွားတော့တာပါပဲကွာ"

"ရွာထဲမှာ ကူးကုန်မှာ ကြောက်ရတယ် ကိုကြီးသာဒွန်းရ"

"ဟ...တာတေရ ဒီလိုတော့လည်း မကူးဘူးကွ၊ သေတာကလည်း တောင်ပိုင်းက တစ်ယောက်၊ မြောက်ပိုင်းက တစ်ယောက်၊ အရှေ့ပိုင်းက တစ်ယောက် သေတာ၊ သုံးယောက်ရှိပြီကွ"

"ရက်ဆက်ကို သေတာပဲလား"

"ဟာ...မဟုတ်ဘူးကွ၊ တစ်ရက်ခြား နှစ်ရက်ခြား ဖြစ်တာ"

"ဟင်...ဆန်းတော့ ဆန်းသားဗျ ကိုကြီးသာဒွန်းရဲ့"

စံဘော်နဲ့ ဘိုးထော်က အဘနဲ့ အမေရော ကျုပ်ကိုရော



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးသာဒွန်းကိုပါ နှုတ်ဆက်ပြီး ပြန်သွားကြတယ်။

ကျုပ်ကတော့ ဆပ်သမြောင်က ကိစ္စကို အာရုံရောက်နေတော့တာပေါ့ဗျာ။

"နေပါဦး ကိုကြီးသာဒွန်းရဲ့၊ ထူးထူးခြားခြား ဘာတွေဖြစ်သေးတုံး"

"အေး…အဲဒါကို ပြောမလို့ကွ၊ ဒီကိစ္စက မင်းနဲ့တွေ့မှ ပြောရမှာ၊ စောစောက ဧည့်သည်တွေ ရှိနေသေးလို့ ငါမပြောသေးတာကွ တာတေရ"

"ဪ…ပြောပါဦး ကိုကြီးသာဒွန်းရဲ့၊ ဘာတွေများ ထူးထူးခြားခြား ဖြစ်သေးတုံး"

"အဲဒီလို လူသေတော့မယ်ဆိုရင် ညဘက်မှာ တစ်ရွာလုံး ကျီးတွေပျံတော့တာပဲကွာ၊ ကျီးပျံတာမှ တဝေါဝေါ ပျံတာဟော့၊ တစ်ညကို ဆယ်ခါလောက် ပျံတာကွ၊ ရွာထဲရှိသမျှ ခွေးတွေလည်း အူလိုက်တာမှကွာ တစ်ညလုံးပဲဟေ့"

"ဟာ…တော်တော်ကို ကြောက်စရာကောင်းတာပါလား ကိုကြီးသာဒွန်းရဲ့"

"နေဦး တာတေ၊ ငါအရေးကြီးတာတစ်ခု မင်းကို ပြောရဦးမှာ၊ အဲဒီလို ကျီးတွေ တစ်ညလုံးပျံပြီး ခွေးတွေ တစ်ရွာလုံး အူနေတဲ့အချိန်မှာ ဗုံရှည်ကြီးတီးတဲ့အသံ အမြဲကြားရတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဗုံရှည်တီးသံ ဆိုပေမယ့် သာသာယာယာအသံ မဟုတ်ဘူးကွ၊ တစ်မျိုးကြီးပါကွာ၊ 'ဗုံ ဗုံ၊ ဗေပုံ၊ ထီ၊ ဗုံ၊ ဗုံ၊ ဗေပုံထီ' ဆိုတဲ့ အသံမျိုးကြီးကွ၊ အသုဘချတဲ့ ဆိုင်းသံလိုမျိုးကြီးပါကွာ"

"ဟင်…ကိုကြီးသာဒွန်းတို့ရွာမှာ ဖြစ်နေတာက အဆန်းသားကလားဗျ၊ နို့ အဲဒီဗုံရှည်သံကြီးက ဘယ်ကနေ ပေါ်လာတာတုံးဗျ"

"သင်္ချိုင်းထဲကလေ၊ ငါတို့ ဆပ်သမြောင်သင်္ချိုင်းထဲက တီးနေတဲ့အသံကွ"

"ဟာ…ကိုကြီးသာဒွန်းတို့ သွားမကြည့်ကြဘူးလား"

"ကြည့်တယ်ကွ တာတေရ၊ ငါတို့ရွာက သတ္တိရှိတဲ့ကောင် နှစ်ယောက် သုံးယောက် စုပြီးသွားကြည့်တယ်၊ ဘာမှ မမြင်ဘူးတဲ့ကွ၊ အသံကတော့ သင်္ချိုင်းထဲကထွက်တာ သေချာတယ်လို့ ဒီကောင်တွေ ပြောတာကွ"

ကျုပ်လည်း ခုပဲ ရွာတော်ကြီးက ပြန်လာတာလေဗျာ။ အိမ်ပေါ်ရောက်ရုံရှိသေးတာ။ ဒါပေမဲ့ ဆပ်သမြောင်မှာက သေရေးရှင်ရေး ဖြစ်နေတာဗျ။

အမေနဲ့ အဘကို နှုတ်ဆက်ပြီး ကျုပ် ဆေးလွယ်အိတ်ကို စလွယ်သိုင်းလိုက်တယ်။

"ကဲ ကိုကြီးသာဒွန်း သွားကြစို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကိုကြီးသာဒွန်းလည်း ဝမ်းသာသွားတော့တာဗျို့။

"တာတေ ငါ့မှာ လှည်းပါလာတယ်၊ မီးလောင်ကုန်းက ဘကျော်တို့အိမ်မှာ လှည်းဖြုတ်ထားခဲ့တာကွ၊ မင်း ဘကျော်ကို သိတယ်မို့လား၊ ငါ့ညီမ မိဆောင်းနဲ့ ရတာလေကွာ"

"ဟာ သိတာပေါ့ ကိုကြီးသာဒွန်းရဲ့"

ကျုပ်တို့ မီးလောင်ကုန်းကို ခြေလျင်လာခဲ့ကြတယ်။ ကိုဘကျော်တို့အိမ်ရောက်မှ လှည်းနဲ့ ခရီးဆက်ခဲ့ကြတာဗျ။ ဆပ်သမြောင်ကိုသွားတဲ့ လှည်းလမ်းကလည်းကောင်း၊ ကိုကြီးသာဒွန်းကလည်း လှည်းမောင်းကျွမ်းကျင်တယ်ဆိုတော့ တယ်ပြီးမကြာလိုက်ဘူးဗျ။ ဆပ်သမြောင်ကို ရောက်လာတယ်။

"ဟာ တာတေ ပါလာပြီဟေ့"

ကျုပ်တို့လှည်း ရွာထဲဝင်လာတာနဲ့ အော်ကြတော့တာဗျို့။ တစ်ယောက်စကား၊ တစ်ယောက်နားပေါ့ဗျာ။ ရွာထဲက ကာလသားတွေရော လူကြီးတွေရော ကိုကြီးသာဒွန်းတို့ဝိုင်းထဲမှာ လာစုကြတယ်။

ဆပ်သမြောင်ဆိုတာကလည်း ကျုပ်အတွက် စိမ်းတာမဟုတ်တာဗျာ။ လူခင်တွေမှ အများကြီးဗျ။ မတွေ့တာလည်း ကြာနေကြတော့ ဟိုပြော ဒီပြောနဲ့ ကြွက်စီ ကြွက်စီ ဖြစ်နေတာ


www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။

"ညက ဘာဖြစ်သေးတုံး"

"ဘာမှမဖြစ်ဘူး တာတေရ၊ မဖြစ်တာ သုံးည ရှိသွားပြီ"

ကျုပ်သူငယ်ချင်း အောင်ဘညိုက ကျုပ်ကို ပြောပြနေတာဗျ။

"အေး...ဒါဆိုရင် ဒီည စောင့်ကြည့်ရမှာပဲ"

"ဒီညဖြစ်မယ် ထင်တယ်ကွ၊ အများဆုံးခြားရင် သုံးညပဲကွ"

အကြောင်းရှိလာရင် ကျုပ်နဲ့အတူတူ သင်္ချိုင်းထဲကို လိုက်မယ့်သူ သုံးယောက် ရွေးထားလိုက်တယ်၊ ကျုပ်သူငယ်ချင်း အောင်ဘညိုပဲ ရွေးပေးတာပါ။ သူလည်း ပါတာကိုဗျ၊ ကျုပ်တို့တွေ ကိုကြီးသာဒွန်းတို့ အိမ်ကြီးမှာပဲ စုအိပ်ကြတာပေါ့ဗျာ။

အိပ်တယ်သာ ပြောတာပါ။ အိပ်လို့တော့ မပျော်ပါဘူး။ ကျုပ်လိုပဲ အောင်ဘညိုတို့လည်း မအိပ်ကြပါဘူး။ ဒါနဲ့ပဲ ထထိုင်ပြီး စကားပြောနေကြတာဗျ။ ကျုပ်ကလည်း နဂါးဆေးပေါ့လိပ်ကလေး ဖွာလို့ပေါ့ဗျာ။

"ဝေါ၊ အား၊ အား၊ အား၊ အား"

ဟာ ကျီးပျံပြီဗျို့။ ကျီးတွေပျံပြီ။ ကြောက်စရာတောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသေးတော့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ ဝူး"

ဟော တစ်ရွာလုံး ရှိသမျှခွေးတွေ အူကြပြီဗျို့။ အူသမှ ဆွဲဆွဲငင်ငင်ကြီးကို အူတာဗျ။

"ကဲ သင်္ချိုင်းထဲ သွားကြမယ်"

ကျုပ်က မျက်ကွင်းဆေး ကွင်းလိုက်ပြီး ရှေ့ကထွက်တယ်။ အောင်ဘညိုတို့သုံးယောက်က ကျုပ်နဲ့ ကပ်ပါလာတာပေါ့ဗျာ။

တစ်ရွာလုံး တိတ်ဆိတ်နေတာဗျို့။ စကားပြောသံတောင် မကြားရဘူး။ အားလုံးကြောက်နေကြတာပေါ့ဗျာ။ မနက်ဆိုရင် ဒီရွာမှာ လူတစ်ယောက် သေမှာ သေချာနေပြီလေဗျာ။ ဒီတော့လည်း ကြောက်မှာပေါ့လေ။

ကျုပ်တို့ သင်္ချိုင်းထဲကိုရောက်တော့ ကျုပ်က မေးလိုက်တယ်။

"အောင်ဘညို နောက်ဆုံးသေသွားတဲ့ အသုဘကို ဘယ်နားမှာ မြှုပ်ထားတုံး"

"နောက်ဆုံးသေတာ ဘိုးစံကွန့်ကွ တာတေရ၊ ဟိုနားလေးမှာ မြှုပ်ထားတာ၊ လာ ငါပြမယ်"

မြေပုံအသစ်ချပ်ချပ်ကလေးပေါ့ဗျာ။ မြေပုံမို့မို့လေးကို



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘညိုက ပြတယ်။ မှတ်တိုင်လေး စိုက်လို့ဗျ။ အဲဒီမြေပုံကို မြင်ရတဲ့နေရာကို ရှာပြီး ကျုပ်တို့ ပုန်းနေလိုက်တယ်။ ဘိစပ်ခြုံတွေ၊ ဆူးရစ်ခြုံတွေ ပေါက်နေတဲ့နောက်မှာ ကျုပ်တို့ ငြိမ်နေလိုက်တယ်။

"ဝေါ၊ အား၊ အား၊ အား"

"ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

ဟော ကျီးတွေပျံပြန်ပြီဗျို့။ ခွေးတွေလည်း အူပြန်ရောဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

ဟာ သင်္ချိုင်းဇရပ်ပေါ်မှာ အိပ်နေတဲ့ ခွေးတွေတောင် ထအူပြီဗျို့။ ကျုပ် ချက်ချင်းလှမ်းကြည့်လိုက်တယ်။

ဟော လာပြီဗျို့၊ လာပြီ။ သင်္ချိုင်းထဲကို ဝင်ချလာပြီ။ ဟာ ဘာကြီးတုံးဟ။ ကျုပ် သေသေချာချာ ကြည့်လိုက်တယ်။ အရပ်ကြီးက ဆယ်ပေကျော်ကျော်လောက် ရှိတယ်ဗျ။ ကိုယ်လုံးကြီးက ငါးဆယ်ဝင် ပုတ်ကြီးတစ်လုံးလောက် ရှိတာဗျို့။ မျက်လုံးနီနီကြီးတွေနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေတာဗျ။ နားရွက်ကြီးတွေ ဆင်တစ်ကောင်ရဲ့ နားရွက်ကြီးတွေလောက်ရှိတယ်။ ပခုံးပေါ်မှာ ဘာကြီးထမ်းလာတာတုံးဗျ၊ မည်းမည်းရှည်ရှည်ကြီးပဲ။ ဟာ ခေါင်းကြီးဗျို့။ ခေါင်းကြီး။ ခေါင်းတလားကြီးတစ်လုံး ထမ်းလာ



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။

ဟော လာပြီဗျို့။ ကျုပ်တို့ရှိတဲ့ဘက်ကို တန်းလာနေတာဗျ။ အောင်ဘညိုတို့ကတော့ ဒီအကောင်ကြီးကို မမြင်ရတော့ မကြောက်ဘူးပေါ့ဗျာ။ ကျုပ်ကတော့ မျက်ကွင်းဆေး ကွင်းထားတော့ အထင်းသား မြင်နေရတာပေါ့။

ဟာ ဘိုးစံကွန့်ရဲ့ မြေပုံကို သွားနေတာကိုး။ ဟာ သွက်သွက်ကို ဖြစ်နေတာဗျ။ သူ့ကိုယ်လုံးကြီးနဲ့တောင် မလိုက်ဘူးဗျာ။ ဟော ပခုံးပေါ်က ခေါင်းကြီးကို ဘေးမှာချပြီး ဘိုးစံကွန့်ရဲ့ မြေပုံကို ကုန်းကုန်းကြီး ငုံ့ကြည့်နေတာဗျ။ ဟာ နှိုက်ပြီဗျို့၊ နှိုက်ပြီ။ လက်ကြီးနဲ့ ထိုးနှိုက်ပြီဗျာ။ ဘိုးစံကွန့်ရဲ့ မြေပုံကြီးကို လက်ကြီးနဲ့ ထိုးနှိုက်နေတာဗျ။ ဝမ်းရောဂါနဲ့ သေတဲ့မသာဆိုတော့ ခေါင်းတွေဘာတွေ သေသေချာချာ ဘယ်ပါမှာတုံးဗျာ။ အရေးပေါ် သင်္ဂြိုဟ်ရတာကိုး။ ဖြစ်သလိုရိုက်ထားတဲ့ ခေါင်းကိုဖောက်ပြီး နှိုက်နေပုံပဲဗျ။

ဟာ လက်ကြီး ဆွဲထုတ်လိုက်ပြီဗျို့။ ဟာ သရဲကြီးရဲ့ လက်ထဲမှာ အသည်းနှလုံးတွေ၊ အူတွေ အထွေလိုက်ကြီး ပါလာတာဗျ။ ဟာ စားပြီဗျာ။ သရဲကြီးက ဘိုးစံကွန့်ရဲ့ မြေပုံဘေးမှာ ဆောင့်ကြောင့်ကြီးထိုင်စားနေတာဗျ။ အလောင်းထဲက ဆွဲထုတ်ထားတဲ့ အူအသည်းတွေကို အားရပါးရ စားနေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဟော မြေပုံကို ထိုးနှိုက်ပြန်ပြီဗျာ။ ပါလာပြန်ပြီ။ အသား တွေပါ ဆွဲထုတ်ပြီး စားနေတာဗျို့။

ကျုပ်က ပြူးပြူးပြဲပြဲနဲ့ ကြည့်နေတာကို အောင်ဘညိုတို့ လူစုကကြည့်ပြီး တစ်ခုခုတော့ ထူးပြီဆိုတာကို သိနေတဲ့ပုံပဲဗျ။

နားကားသရဲကြီးက ဘိုးစံကွန့်ရဲ့အလောင်းကို စားလို့ လည်းပြီးရော သူယူလာတဲ့ ခေါင်းကြီးကို မ,ယူလိုက်တယ်ဗျ။ ဟော ဟော ထနောင်းပင်ကြီးမှာ ခေါင်းတလားကြီးကို ခပ်စောင်း စောင်း ထောင်ထားလိုက်တယ်။ ဟာ ခေါင်းထဲမှာ လူရိုးနှစ်ချောင်း ပါလာတာကိုး။ ကျုပ်စိတ်ထင်တော့ လူရဲ့ ဒူးရိုးကြီးတွေ ထင် တယ်ဗျ။ အရိုးချောင်းကြီးတွေရဲ့ထိပ်မှာ ဘုသီးကြီးတွေပါတယ်။

"ဗုံ၊ ဗုံ၊ ဗုံ၊ ဗုံ၊ ဗေပုံထီ၊ ဗုံ ဗုံ ဗေပုံထီ"

ဩော် လက်စသတ်တော့ သချိုင်းထဲကကြားတဲ့ ဗုံသံ ဆိုတာ ဒါကိုး။ ဟုတ်ပါ့ဗျာ။ သရဲကြီး ယူလာတဲ့ခေါင်းလက ဘာသားနဲ့ လုပ်ထားတဲ့ ခေါင်းတလားကြီးမှန်းတော့ ကျုပ် မသိ ဘူးဗျ။ ဗုံရှည်သံပေါက်နေတာတော့ အမှန်ပဲဗျ။

"ဗုံ၊ ဂူး၊ ဗုံ၊ ဂူး၊ ဗုံ၊ ဂူး"

ဟာ သရဲကြီးက ရိုးရိုးတီးနေရာကနေ တစ်မျိုးပြောင်းတီး ပြန်ရောဗျို့။ ဗုံလို့ တီးပြီးတိုင်း အရိုးဘုသီးကြီးနဲ့ ခေါင်းတလားရဲ့ မျက်နှာပြင်မှာ ဆွဲလိုက်တာဗျ။ ဒါကြောင့် လိုဏ်သံလို အသံကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါပါသွားတာကိုး။ ခုမှ တကယ့်ဖုံရှည်သံကြီး ဖြစ်သွားတာဗျို့။

"ဖုံ ရူး၊ ဖုံ ဖုံ ရူး၊ ဖုံ ဖုံ ရူး"

'ဖုံ'ဆိုတဲ့ အသံက အရိုးဘုသီးကြီးနဲ့ တီးတဲ့အသံဗျ။ 'ရူး'ဆိုတာက အရိုးဘုသီးကြီးနဲ့ ခေါင်းပျဉ်ပေါ်မှာ ဆွဲလို့ မြည်သွားတဲ့ အသံဗျို့။

"ဖုံ ဖုံ ရူး၊ ဖုံ ဖုံ ရူး"

ဟာ သေသေချာချာ နားထောင်လေ တကယ်ကို ကြောက်စရာကောင်းလာလေပါပဲဗျာ။

ဖုံသံကြီးကိုတော့ အောင်ဘညို့တို့လူစုပါ ကြားရတာကို ဗျ။ ဒီကောင်တွေပါ လိုက်ကြည့်နေကြတာပေါ့ဗျာ။ ဒါပေမဲ့ အသံပဲ ကြားရတာပေါ့။ အကောင်ကြီးကိုတော့ ဘယ်မြင်မှာတုံး"

"အောင်ဘညို ဟိုထနောင်းပင်ကြီးအောက်မှာ တီးနေတာကွ၊ ဖုံရှည် မဟုတ်ဘူး၊ ခေါင်းကြီးထောင်ပြီး လူရိုးနှစ်ချောင်းနဲ့ ဘယ်ညာတီးနေတာကွ"

"ဟေ…ဟုတ်လား၊ ဘယ်သူ တီးနေတာတုံးကွ တာတောရ"

"သရဲကြီးတစ်ကောင်ကွ၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ စောစောက ခေါင်းတလားကြီး မတီးခင် ဘိုးစံကွန့်ရဲ့ ပြိုကို လက်ကြီးနဲ့နှိုက်ပြီး အူတွေ၊ အသည်းတွေ၊ အသားတွေ စားသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ…ဟုတ်လား တာတေ၊ ဒါဆိုရင် ဒီကောင်ကြီးက ရွာထဲကလူတွေ သေအောင်လုပ်ပြီး လာလာစားနေတာပေါ့ ဟုတ်လား"

"ဟုတ်တာပေါ့ အောင်ဘညိုရာ၊ မနက်ဖြန်ဆိုရင် မင်းတို့ရွာမှာ လူတစ်ယောက် သေဦးမှာပေါ့ကွာ"

"ဟာကွာ၊ ခုလောက်ဆိုရင် ငါတို့ရွာသားတွေ ဒီအသံကြီး ကြားပြီး ကြောက်လွန်းလို့ တုန်တောင်နေဦးမယ်ကွ"

"ဘာမှမစိုးရိမ်ပါနဲ့ကွာ၊ ငါလုပ်ပေးပါ့မယ်၊ မနက်ဖြန် တစ်ယောက် သေပြီးရင် နောက် မသေစေရပါဘူးကွာ၊ မနက်ဖြန် သေမယ့်တစ်ယောက်ကိုတော့ ငါ ဘာမှမတတ်နိုင်သေးဘူးကွ အောင်ဘညိုရ"

"အေးပေါ့ကွာ၊ ဘာဖြစ်တာတုံးဆိုတာကို မင်းအနေနဲ့ ထောက်လှမ်းရသေးတာကိုးကွ"

ခေါင်းတလားကြီးကို တော်တော်ကြာအောင် အားရပါးရ တီးပြီးတော့ သရဲကြီးက ရပ်လိုက်တယ်ဗျ။ ပြီးတော့ ခေါင်းတလားကြီးကို ပခုံးပေါ်မှာထမ်းပြီး ထွက်သွားရောဗျို့။ ခေါင်းတလားတီးတဲ့ အရိုးကြီးနှစ်ချောင်းကိုလည်း ခေါင်းထဲကို ထည့်ယူသွားသေးတာဗျ။

ကျုပ်တို့လည်း ရွာထဲကို ပြန်ဝင်ခဲ့တယ်။ မနက်သုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ရှိသေးတော့ ကျုပ်တို့ ပြန်အိပ်ကြတယ်။ ကျုပ်ကတော့ မဖဲဝါကိုယ်ပွားရုပ်ကလေးကို ထုတ်ယူပြီး မဖဲဝါကို ပင့်လိုက်တယ်။ ပြီးတော့ အရုပ်ကလေးကို ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

လေတွေ တဝေါဝေါတိုက်နေတဲ့ သချိုင်းဟောင်းကြီးထဲက ဝူကြီးတစ်လုံးပေါ်မှာ မဖဲဝါ ထိုင်နေတာဗျ။ ဒီတစ်ခါ ကျုပ်မြင်နေရတာကတော့ မဖဲဝါရဲ့ နဂိုရုပ်အတိုင်းပဲဗျ။ ကြယ်ရောင်လေးတွေပဲ ရှိတာဆိုတော့ သဲသဲကွဲကွဲတော့ မမြင်ရဘူးဗျ။

"တာတေ ဒီသရဲကောင် ပျောက်နေတာ ကြာပြီ၊ သူ့ကို တစ္ဆေငှက်ကြီးတွေချီပြီး ခေါ်သွားကတည်းက ပျောက်သွားတာ၊ အခုပြန်ပေါ်လာပြန်ပြီ။ ဘာမှမပူနဲ့၊ ငါတို့ လုပ်လိုက်မယ်၊ သာဒွန်းကိုတော့ နင့်ဆေးနဲ့ ကယ်လိုက် တာတေ"

ကျုပ် နိုးလာတော့ မိုးတောင် လင်းနေပြီဗျ။ ကျုပ်က ချက်ချင်းထပြီး သောက်ရေခွက်တစ်ခွက် တောင်းတယ်။ ရေခပ်လိုက်တယ်။ ပြီးတော့ ကျုပ်မှာပါလာတဲ့ သစ်စုန်းဆေးတော်ကို ခြစ်ထည့်ပြီး ဆေးတော်ကြီး လုပ်ထားတယ်။

မျက်နှာသစ်ပြီးတာနဲ့ ကျုပ် ဘုရားရှိခိုးတယ်။ သစ်စုန်းဆေးတော် ရေစင်ခွက်ကို ဘုရားစင်မှာတင်ပြီး အထက်ပုဂ္ဂိုလ်ကြီးတွေကို အပ်တယ်။ ကျုပ် ဘုရားရှိခိုးပြီး ခဏပုတီးစိပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်မက်ထဲမှာ မဖဲဝါ ပြောသွားတာလေဗျာ။ ဒီနေ့ ဒီရွာမှာ သေမယ့်လူက ကျုပ်ကို လာခေါ်တဲ့ ကိုကြီးသာဒွန်းဆိုတာ ကျုပ်သိသွားပြီလေ။

"ဟဲ့ သာဒွန်း၊ သာဒွန်း ဘာဖြစ်လို့တုံး"

"အမေရေ လာပါဦး၊ အစ်ကိုကြီးသာဒွန်း အိမ်သာက ထွက်လာပြီး လဲကျသွားလို့တော့"

ကိုသာဒွန်းရဲ့ အမေနဲ့ ညီမ အော်ပြောနေတာဗျ။ ကျုပ်က အဆင်သင့် စောင့်နေတာပဲဗျာ။ ချက်ချင်းပြေးသွားပြီး ကိုကြီးသာဒွန်းကို တွဲခေါ်လာတယ်။

ဘုရားစင်ရှေ့အထိ ခေါ်လာတာဗျ။ ပြီးတာနဲ့ သစ်စုန်းဆေးတော်ကြီး ရေစင်ကို တိုက်တယ်။

"မကြောက်နဲ့ ကိုကြီးသာဒွန်း ဒီလိုဖြစ်မှာကို ကြိုသိလို့ ကျုပ် အဆင်သင့်ပြင်ထားတာ"

"ဟင်…နင် ကြိုသိတယ် ဟုတ်လား တာတေ၊ နင် ဘယ်လိုသိတာတုံး"

ကိုကြီးသာဒွန်းရဲ့ အမေက မေးတာဗျ။

"ဟုတ်တယ် အရီး၊ ကျုပ် ညတည်းက ကြိုသိနေတာ၊ မဖဲဝါ ပြောတာ၊ ဘာမှမစိုးရိမ်နဲ့ အရီး၊ ဒီနေ့ ဒီရွာမှာ သေမယ့်လူ မရှိတော့ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး တာတေရယ်၊ နင် လိုက်လာပေလို့ပဲ ဟယ်၊ နင်သာ မလာရင် ဒီနေ့ ငါ့သား သာဒွန်း သေမယ့်နေ့ပဲ"

"တာတေ ငါ စိတ်ချရပါတယ်နော်"

ကိုကြီးသာဒွန်းက ကြောက်လန့်တကြား မေးတာဗျ။

"ဟာ စိတ်ချပါ ကိုကြီးသာဒွန်းရာ၊ ကျုပ်က မဟုတ်တဲ့ စကားကို ဘယ်တော့မှ မပြောဘူး"

ခဏနေတော့ ကိုကြီးသာဒွန်း လန်းလာတယ်။ တဖြည်းဖြည်း အကောင်းပကတိ ဖြစ်လာရောဗျို့။

ဒီသတင်းက ရွာထဲအထိ ပြန့်သွားပြီး ကိုကြီးသာဒွန်းကို သတင်းလာမေးကြတာပေါ့ဗျာ။ ပြီးတော့ ညက သင်္ချိုင်းထဲက ဗုံသံကြီး ကြားခဲ့ပေမယ့် ဒီနေ့ သူတို့ရွာမှာ လူမသေတော့ဘူး ဆိုတာ သိလို့ ပျော်ကြတာပေါ့ဗျာ။

မပျော်တာကတော့ သင်္ချိုင်းထဲမှာ ခေါင်းလာတီးတဲ့ သရဲကြီးဗျ။ ဒီနေ့ ဒီရွာမှာ လူမသေဘူးဆိုတာ သိသွားပုံရတယ်ဗျ။

ညရောက်တာနဲ့ ကျီးတွေပျို၊ ခွေးတွေ အူတော့တာဗျို့။ ဒီကောင်ကြီး ဒေါသထွက်ပြီး ဒီည ပြန်ရောက်လာတော့မယ်ဆိုတာ ကျုပ်တွေးလိုက်မိတယ်။

"ဝေါ၊ အား၊ အား၊ အား၊ အား"

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ အောင်ဘညိုတို့လူစု သင်္ချိုင်းထဲကို ထွက်လာခဲ့တယ်။

“ဒီတစ်ခါ ကျီးပျိုတာ စောတယ်ကွ တာတေရ၊ ခါတိုင်းဆိုရင် သန်းခေါင်လောက်မှာမှ ပျိုတာ”

“ဒီနေ့ ရွာမှာသေတဲ့လူ မရှိတာကို ဒီကောင်ကြီး သိပုံရတယ်ကွ၊ ဒါကြောင့် မကျေမနပ်ဖြစ်ပြီး ဒေါသတကြီးနဲ့ ပြန်လာမှာကွ”

ကျုပ်ထင်တဲ့အတိုင်းပါပဲဗျာ။ ဆယ်နာရီလောက်မှာကိုကို ခေါင်းကြီးထမ်းပြီး ဆပ်သမြောင်သင်္ချိုင်းထဲကို ဝင်လာတာဗျို့။

ဟော ခေါင်းကြီးကို သရက်ပင်ကြီးမှာ ထောင်လိုက်ပြီဗျို့။ ဒူးခေါင်းရိုးကြီးနှစ်ချောင်းကို ဘယ်တစ်ချောင်း ညာတစ်ချောင်း ကိုင်ပြီး ထုတော့တာဗျို့။

“ဗုံ ဗုံ ဗေပုံထီ၊ ဗုံ ဗုံ ဗေပုံထီ”

“ဗုံ၊ ဗုံ၊ ဂူး၊ ဗုံ ဗုံ ဂူး”

တော်တော်လေး တီးမိတော့ သရဲကြီးက တစ်မျိုးလုပ်ပြန်ရောဗျို့။

“အီး၊ အီး၊ ဟား၊ ဟား၊ အီး၊ အီး”

ပါးစပ်က တအီးအီး တဟားဟားနဲ့ အော်ပြီး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တလားကို အရိုးချောင်းကြီး နှစ်ချောင်းနဲ့ ပွတ်သပ်နေတာဗျို့။ ကြည့်ရတာတော့ တစ်ခုခုကို မန်းမှုတ်နေတာ ထင်တယ်ဗျ။

ဟော တီးပြန်ပြီဗျို့။

"ဗုံ ဗုံ ဗေပုံထီ၊ ဗုံ ဗုံ ဗေပုံထီ၊ ဗုံဗုံ ဗေပုံထီ"

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ ခွေးအူသံကြီးဗျို့။ ဒါ မဖဲဝါရဲ့ခွေးကြီး အူသံဗျ။ လာပြီဗျို့။ မဖဲဝါရဲ့ခွေးကြီး သင်္ချိုင်းထဲကို ပြေးဝင်လာပြီ။ ဟာ မဖဲဝါကြီးလည်း ပါလာပြီဗျို့။ ဟာ ကောင်းကင်က ပျံလာတာ ငှက်ကြီးတွေဗျ။ လေးကောင် အားလုံးလေးကောင်။ ဒါ မဖဲဝါ ပြောတဲ့ တစ္ဆေငှက်ကြီးတွေထင်တယ်။ ကျုပ် မြင်ဖူးတာပေါ့ဗျာ။ ကိုးသင်္ချိုင်းကျင့်စဉ် ကျင့်တဲ့ ကဝေကိုတက်ခါးဆီကို ရောက်လာဖူးတဲ့ လူမျက်နှာနဲ့ ငှက်မည်းမည်းကြီးတွေလေဗျာ။(ကိုယ်တွေ့ မဖဲဝါမှာ ဖတ်ကြည့်ပါ)

ကောင်းကင်မှာ တစ္ဆေငှက်ကြီးလေးကောင်က ဝဲနေတယ်။ တဖြည်းဖြည်း နိမ့်ဆင်းလာပြီဗျ။ ဒါကို သရဲကြီးက လုံးဝမသိဘဲ ခေါင်းတလားကြီးကိုပဲ မဲပြီးတီးနေတာဗျို့။ မဖဲဝါကြီး သင်္ချိုင်းတွေပေါ်ကနေ ဖြတ်ပြီး ရွေ့သွားပြီဗျ။

ဟော ရောက်သွားပြီ။ ခေါင်းတလားကြီးကို မဲပြီးဘုံဗုံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တီးနေတဲ့ သရဲကြီးကို မဖဲဝါက လက်ကြီးမြှောက်ပြီး ရိုက်ချလိုက်ရောဗျို့။

"ဘုန်း"

"အား"

"ဖြန်း၊ ဖြန်း၊ ဖြန်း"

ဟာ မဖဲဝါရဲ့ ရိုက်ချက်မှာ သရဲကြီး ကော့ပြန်ပြီး လူးလွန့်သွားတာဗျို့။ အော်လိုက်တဲ့အသံကြီးကလည်း အသံနက်ကြီးနဲ့ဗျာ။ ဟာ လေထဲမှာ ဝဲနေတဲ့ တစ္ဆေငှက်မည်းကြီး လေးကောင်က ချက်ချင်းထိုးဆင်းလာပြီး သရဲကြီးကို ဝိုင်းချုပ်လိုက်ကြတယ်။

"ဝေါ၊ ဖြန်း၊ ဖြန်း၊ ဖြန်း"

ဟာ တစ္ဆေငှက်ကြီး လေးကောင်က လူတွေကို သတ်ပစ်ပြီး အလောင်းတွေကို စားနေတဲ့ သရဲကြီးကိုခေါ်ပြီး ပျံထွက်သွားကြတယ်ဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အိ၊ အိ"

ဟော မဖဲဝါလည်း သူ့ခွေးကြီးနဲ့ ပြန်ထွက်သွားပြီ။ ဆပ်သမြောင်သားတွေလည်း မကောင်းဆိုးရွားကောင်ကြီးရဲ့ အန္တရာယ်က လွတ်သွားပြီပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ ကျူပ် ထနောင်းကုန်းကို ပြန်လာခဲ့တယ်။ မသေလို့ ကျန်နေတဲ့ ကိုကြီးသာဒွန်းနဲ့ အောင်ဘညိုတို့လည်းနဲ့ လိုက်ပို့ကြတာဗျ။

တာတေ

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



# နတ်ခုန်ချောင်း

ဘိုးလူပေက ချက်ချင်းမပြန်ဘူးဗျ။
အနီးအနားရွာတွေကိုလှည့်ပြီး ပယောဂကုရသေးတာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပြုစားထားတာတွေ၊ အပင်းသွင်းထားတာတွေ လိုက်ပြီးကုပေးတာလေဗျာ။ တချို့ကလည်း ဘိုးလူပေကို ပင့်ပြီး ဝိုင်းမြေသန့်ကြတယ်။ တချို့ကတော့ ဝိုင်းထဲမှာ အင်းမြှုပ်ပြီး တိုက်တာ၊ ခိုက်တာတွေကို အင်းလိုက်ပေးရတာဗျ။

တစ်ခါ တစ်ခါ ဘိုးလူပေက ကျုပ်တို့ရွာအထိ ရောက်လာတယ်။ ရွာရောက်ရင်တော့ ကျုပ်အိမ်ကို ဝင်တာဗျ။ အမေတို့ အဘတို့နဲ့လည်း ဘိုးလူပေက ခင်နေပြီလေဗျာ။ တစ်ခါ တစ်ခါကျတော့လည်း တခြားရွာကနေ လူလွှတ်ပြီး ကျုပ်ကို ခေါ်နိုင်းတယ်။ ကျုပ်လိုက်ကူပေးရတာပေါ့ဗျာ။

ဘိုးလူပေ ပယောဂထုတ်တာမျိုးကတော့ တစ်ခါမှကို မမြင်ဖူးပါဘူးဗျာ။ တခြားဆရာတွေဆိုရင် ပယောဂကို ခေါ်သွင်းနင် ဘယ်သူလဲမေး၊ ပယောဂကလည်း ပေကပ်ပြီး ခံနေ၊ ကြိမ်လုံးနဲ့ ထရိုက်။ ပယောဂက အံတကြိတ်ကြိတ်နဲ့ ကြုံးဝါး၊ အို…စိတ်ရှုပ်စရာဗျာ။

ဘိုးလူပေကတော့ ရှင်းတယ်ဗျို့။

ပယောဂကပ်တဲ့သူကို တစ်ချက်ကြည့်တယ်။ ပြီးတာနဲ့ မျက်စိလေးမှိတ် ခေါင်းလေးညိတ်ပြီး ခေါ်တော့တာဗျို့။ နင် ဘယ်သူတုံး၊ ဘာတုံးလို့ တစ်ခွန်းမေးတာ မဟုတ်ဘူး။ ဘယ်သူဆိုတာ သူက သိပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင် စံကွန့်မို့လား၊ ကဲ လာခဲ့စမ်း စံကွန့်"

လို့ ပြောလိုက်တာနဲ့ တန်းဝင်ပြီး တန်းပူးတော့တာဗျို့။

"ဘိုးရဲ့ ကျုပ်က ဆာလွန်းလို့ စားချင်သောက်ချင်လို့ ဖွားမယ်ကို ပူးချည် ကပ်ချည် လုပ်မိတာပါဗျ"

ဘိုးလူပေကတောင် ဘာမှမမေးရဘူးဗျ။ ပယောဂက တန်းပြောတော့တာဗျ။ ဘိုးလူပေကလည်း ထပြီးထုလား၊ ရိုက်လား ဘာမှမလုပ်ဘူးဗျ။

"အေး...စံကွန့်ရဲ့၊ နင့်မလည်း ဆာတာ၊ လောင်တာ ခံစားနေရတော့လည်း စားချင် သောက်ချင်ပေမပေါ့။ ဒါပေမဲ့ ခုလိုမျိုး လူတစ်ယောက်ကို ပူးချည် ကပ်ချည် လုပ်လို့တော့ မတော်ဘူးကွဲ့ စံကွန့်ရဲ့၊ ခံရတဲ့လူမှာ သက်သာတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဘိုးရယ်၊ ကျုပ် ဆာလွန်းလို့ လုပ်မိတာပါ၊ နောင် ဘယ်တော့မှ မလုပ်တော့ပါဘူးဗျာ"

အဲဒါ ဘိုးလူပေ ပယောဂ ကုတာဗျ။ ဘိုးလူပေတို့ စကားက တစ်ခွန်းဆို တစ်ခွန်းပဲ။

"နို့ နေပါဦး စံကွန့်ရဲ့၊ နင့်မှာ အစာရေစာ ရှာရတာ ခက်ခဲနေလို့လား"

"အရင်ကတော့ မခက်ဘူး ဘိုးရဲ့၊ ခုတလောမှ ခက်သွားတာ၊ ကျုပ်နေတဲ့ ဘန့်ဘွေးပင်ကြီးကို တစ္ဆေကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလို့ဗျ။ နည်းတဲ့အကောင်ကြီး မဟုတ်ပါဘူး ဘိုးရယ်၊ ဘယ်ကရောက်လာမှန်းလည်း မသိပါဘူးဗျာ၊ အဲဒီကောင်ကြီးက ကျုပ်တို့တစ္ဆေတွေ ရှာလို့ဖွေလို့ ရလာတဲ့ အစာလေးတွေကို တစ်ဝက်တိတိ မိုက်ကြေးခွဲယူပြီး စားပစ်တာဗျ။

"ဟ စံကွန့်ရဲ့၊ ဒါဆိုရင်လည်း အစာကို ဘန့်ဘွေးပင် အထိ ယူမလာနဲ့ပေါ့ကွ၊ လမ်းမှာတင် ကုန်အောင် စားပစ်ခဲ့ပေါ့"

"အဲဒီလို လုပ်လို့မရဘူး ဘိုးရဲ့၊ ကျုပ်တို့ထဲက ခြေတိုလို့ ခေါ်တဲ့ တစ္ဆေတစ်ကောင်က ဘိုးပြောသလို အစာတွေကို လမ်းမှာတင် အကုန်စားလာလို့ အဲဒီတစ္ဆေကြီးကို ခြေတိုကို ဘန့်ဘွေးပင်မှာ ဖောက်ထိုးဆွဲပြီး ဆူးခက်ကြီးနဲ့ နှစ်ရက်တိတိ ရိုက်တာဗျ။ ကျုပ်တို့ဆိုတာ ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေကြတာဗျ"

"ဪ ဒီလိုလား၊ ဒါဆိုရင် နင်မပူနဲ့ စံကွန့်၊ ငါ မဖဲဝါကို အကြောင်းကြားပြီး အဲဒီတစ္ဆေကြီးကို နှင်ထုတ်ခိုင်းလိုက်မယ်၊ ကဲ အခု နင် ဒီက မဖွားမယ်ကို ပူးချည် ကပ်ချည် လုပ်နေတာ ဘာစားချင်လို့တုံး"

"ကျုပ်ကို ဝက်သားဟင်းနဲ့ ထမင်းတစ်စလယ်ချက်ကျွေးပါ ဘိုးရယ်"

"အေး‥အေး‥ဘိုး ကျွေးမယ်၊ ကျွေးမယ်၊ အဲဒါစားပြီးရင်တော့ ဖွားမယ်ကို နောက်ထပ်ပြီး မနှောင့်ယှက်နဲ့ ကြားလား၊



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘယ်သူ့ကိုမှလည်း မနှောင့်ယှက်နဲ့ ကြားလား စံကွန့်"

"ဟုတ် ဟုတ်ကဲ့ပါ ဘိုး"

မဖွားမယ်ရဲ့ ယောကျ်ားက ဝက်သားနဲ့ ထမင်းချက်ပြီး တစ္ဆေစံကွန့်ကို ကျွေးတယ်။ စံကွန့်ကလည်း ထမင်းစားပြီးတာနဲ့ ဘိုးလူပေကို ကန်တော့ပြီး ထွက်သွားတယ်။ ဘိုးလူပေက မဖွားမယ်ကို ရေကလေးမန်းပြီး တိုက်လိုက်တယ်။ အဲဒါ ဘိုးလူပေ ပယောဂ ချွတ်တာပဲဗျ။

သံခနောက်မှာ စုန်းပြုစားထားတာကို ကုတာကတော့ အံ့သြစရာပါဗျာ။ ဘိုးလူပေခေါ်လို့ ကျုပ်လိုက်ခဲ့ရတာပေါ့ဗျာ။ သံခနောက်ရွာလယ်ပိုင်းမှာဗျ။ အိမ်ကြီးအိမ်ကောင်းနဲ့နေတဲ့ လူတွေပါဗျာ။ လူဆင်းရဲ မဟုတ်ပါဘူး။ ကြည့်ရတာတော့ လူချမ်းသာတွေပါ။

စိတ်နောက်နေတာဗျ။ အသက်အစိတ်လောက်ရှိတဲ့ မိန်းမပျိုပဲ။ စိတ်နောက်လိုက်တာမှ သွက်သွက်ကိုလည်အောင် နောက်တာဗျို့။ အဝတ်အစားတောင် မကပ်လို့ ဝတ်လစ်စလစ် ဖြစ်နေတာတဲ့ဗျာ။

ကျုပ်တို့ လာမှာဆိုတော့ မရ,ရအောင် ချော့မော့ပြီး အဝတ်အစားတွေ ဝတ်ပေးထားရတာတဲ့ဗျ။ ဒါတောင် ထဘီ မဟုတ်ဘူးဗျ။ ဘောင်းဘီတိုကြီး ဝတ်ပေးပြီး ကြိုးတွေနဲ့ ခိုင်

www.burmeseclassic.com



အောင် ချည်ပေးထားကြတာ။ အပေါ်ပိုင်းကိုလည်း အင်္ကျီပွပွကြီး တစ်ထည် ဝတ်ပေးထားကြတယ်။ လူကိုလည်း ကြိုးကြီး တစ်ချောင်းနဲ့ချည်ပြီး ဥယျာဉ်မှာ ချည်တုပ်ထားရတာဗျ။

"အား…အား…အား…ငါ့ယောက်ျားကို ခေါ်ပေး၊ အခု ခေါ်ပေး"

ဗြုန်းကနဲ ထအော်လိုက်တာဗျို့။ အသံနက်ကြီးနဲ့ အော်တာဗျ။ ကျုပ်ဆိုတာ ဆတ်ကနဲတုန်တောင်သွားတယ်။ လူနာရဲ့ အဘလုပ်တဲ့သူက ဆရာကြီး ဘိုးလူပေကို ရှေ့က ဦးဆောင်ပြီး အိမ်ပေါ်ကို ပင့်သွားတာဗျ။ ကျုပ်ကလည်း ဘိုးလူပေရဲ့ ဆေးလွယ် အိတ်ကြီးကို စလွယ်သိုင်းလွယ်ပြီး နောက်က ကပ်လိုက်ခဲ့ရတာ ပေါ့ဗျာ။

"ဟဲ့ ဒါ ဘယ်သူတွေလဲ၊ ငါ့ကို လုပ်ဝံ့လုပ်ကြည့်၊ အသက်တစ်ခါတည်း ထွက်သွားမယ်မှတ်"

ဘိုးလူပေက မထိုင်သေးဘဲ လူနာကို မတ်တတ်ရပ်ပြီး ကြည့်နေတယ်။

"ငါနော် လုပ်လိုက်ရရင် တစ်ခါတည်း သေတော့မှာပဲ"

လူနာက ဒေါသတကြီးပြောပြီး ချည်ထားတဲ့ကြိုးကို ပြတ်အောင် ရုန်းနေတာဗျ။

ဘိုးလူပေက ခင်းပေးထားတဲ့ဖျာမှာ ရှိရှိသေသေ ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"မောင်တာတေ လူနာရဲ့အခြေအနေက တော်တော်ကို ဆိုးနေတာကွဲ့၊ ကဲ အိမ်ရှင်တွေဆီက ကျောက်ပျဉ်တစ်ချပ် တောင်းကွယ်"

ကျုပ်လည်း အိမ်ရှင်တွေဆီမှာ ကျောက်ပျဉ်တစ်ချပ် တောင်းလိုက်တယ်။

"ရော့ မောင်တာတေ၊ ဒီရေပုလင်းထဲကရေနဲ့ ဒီသနပ်ခါးတုံးကို သွေးစမ်းကွယ်"

ကျုပ်က ဘိုးလူပေ ပေးတဲ့ သနပ်ခါးတုံးနဲ့ ရေပုလင်းကို ယူပြီး ကျောက်ပျဉ်မှာ သနပ်ခါးသွေးတယ်။ တော်တော်တော့ ထူးဆန်းသားဗျ။ စောစောက ဝုန်းဒိုင်းကြဲနေတဲ့ လူနာအမျိုးသမီး က ကျုပ် သနပ်ခါးသွေးတာကို စိုက်ကြည့်နေတယ်။ ကျုပ်က လည်း အဆက်မပြတ်သွေး၊ သူကလည်း မျက်တောင်မခတ် ကြည့်ပေါ့ဗျာ။ ကြည့်ရင်း ကြည့်ရင်းနဲ့ ငြိမ်ကျသွားရောဗျို့။

ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ လူနာရဲ့အိမ်က လူတွေ လည်း အံ့သြကုန်ကြတာပေါ့ဗျာ။ ကျုပ်ကလည်း သနပ်ခါးကို မနားတမ်း သွေးနေရတာလေဗျာ။ သနပ်ခါး တော်တော်လေး ထွက်လာတော့ ဘိုးလူပေက ကျုပ်ကို လှမ်းပြောတယ်။

"တော်ပြီ ရပ်လိုက်တော့၊ အဲဒီကျောက်ပျဉ်ကို သူ့ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ချပေးလိုက် မောင်တာတေ”

ဘိုးလူပေ ခိုင်းလို့သာ လုပ်ရတာပေါ့ဗျာ၊ ကျုပ်ကိုများ တစ်ခုခု ထလုပ်လိုက်မလားလို့တွေးပြီး ကြောက်လိုက်တာဗျာ။ ကျုပ်က သနပ်ခါးကျောက်ပျဉ်ကိုယူပြီး စိတ်နောက်နေတဲ့ အမျိုးသမီးရဲ့ရှေ့မှာ ချပေးလိုက်တယ်။ ကျုပ်ကိုတော့ ဘာမှမလုပ်ဘူးဗျ။ ကျောက်ပျဉ်ကိုပဲ စိုက်ကြည့်နေတာ။

“အဲဒီသနပ်ခါးကို မျက်နှာမှာ လိမ်းလိုက်ပေတော့ သမီး”

ဘိုးလူပေက တစ်ခွန်းပဲ ပြောတာဗျ။ ဒါပေမဲ့ ဘိုးလူပေရဲ့အသံက အမိန့်ပေးသလို ဖြစ်နေတာကို ကျုပ် သတိထားမိတယ်။

ချက်ချင်းမလိမ်းဘူးဗျ။ သနပ်ခါးကျောက်ပျဉ်ကိုပဲ စိုက်ကြည့်နေတာ။

“လိမ်းလိုက် သမီး၊ ဒါမှ ငါ့သမီး ကျန်းမာသွားမှာ”

စိတ်ငြိမ်နေတော့မှ စိတ်နောက်နေတဲ့ အမျိုးသမီးရဲ့ မျက်နှာကို ကျုပ် သေသေချာချာ ကြည့်မိတာ။

“တော်တော်ကိုချောတဲ့ မိန်းမပါလား”

ကျုပ်စိတ်ထဲက ပြောလိုက်မိတာဗျ။

ဟော လိမ်းပြီဗျို့၊ လိမ်းပြီ။ ကျုပ်သွေးထားတဲ့ သနပ်ခါး



www.burmeseclassic.com

www.burmeseclassic.com



တွေကို လက်နဲ့ယူပြီး သူ့မျက်နှာမှာ လိမ်းတော့တာဗျို့။

သေသေချာချာကို လိမ်းနေတာဗျ။ မျက်နှာတစ်ခုလုံးကို ညီညီညာညာပွတ်ပြီး လိမ်းနေတာ။

"ကဲ ကျုပ်ကို အမိအဘတွေက အပြီးအပ်နှံထားလို့ ကျုပ်သမီးဖြစ်နေတဲ့ ဟောဒီကလေးမလေး မနှင်းအေးကို သွက်သွက်လည်အောင် လုပ်ထားတဲ့ ပညာသည် မင်းကို ငါ မြင်နေတယ်၊ ဘိုးလူပေရဲ့အမိန့် အခုချက်ချင်း လာစမ်းဟေ့"

"ဟား၊ ဟား၊ ဟား၊ ဟား အေး ငါလာပြီဟေ့၊ မင်း ငါ့ကို ဘာလုပ်ချင်တုံး"

ကျုပ်ရော ကြည့်နေတဲ့လူတွေရော တုန်သွားကြတာဗျို့။

ငြိမ်နေတဲ့ မနှင်းအေးက ဖြုန်းစားကြီး ထရယ်လိုက်တော့ လန့်သွားကြတာပေါ့ဗျာ။

"မင်းကို အခုချက်ချင်း သတ်ပစ်လိုက်လို့ရတယ်။ ငါ့နာမည် ဘိုးလူပေတဲ့ မင်းမှတ်ထား၊ ပြောစမ်း ဒီကလေးမကို မင်း ဘာကြောင့် ဒီလိုလုပ်တာတုံး"

"ငါက နှင်းအေးကို ရူးမတတ်ချစ်တယ်၊ ဒါပေမဲ့ နှင်းအေးက ငါ့ကို ပြန်မချစ်လို့ ရူးသွားအောင် ငါလုပ်လိုက်တယ်၊ ကဲ ဘာဖြစ်တုံး"

ဟာ အိမ်ထဲမှာ ရုန်းရင်းဆန်ခတ်တွေ ထဖြစ်တော့တာ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့။ မနှင်းအေးရဲ့အစ်ကိုက ဓားပြေးခွဲတော့တာပဲဗျာ။

"ဟဲ့…ဘစံ မလုပ်နဲ့၊ ဓားနဲ့ခုတ်ရင် နှင့်ညီမ နှင်းအေး သေသွားမှာပေါ့"

ကိုဘစံကို လူတွေက ဝိုင်းဆွဲထားကြရတယ်ဗျ။ ကိုဘစံ ကလည်း ရှန်းကန်နေတာပေါ့ဗျ။

"ဒီကောင် ဘယ်သူတုံး ဆရာကြီး၊ ကျုပ် ဒီကောင်ကို လိုက်သတ်မယ်"

ကိုဘစံက ဒေါသတကြီးနဲ့ ပြောတာဗျ။

"မောင်ဘစံ မပူပါနဲ့၊ ဘယ်သူဆိုတာ မင်းတို့ မကြာခင် သိကြရမှာပါ"

"အား…အား…အား…ခင်ဗျား တော်တော်ရက်စက်တဲ့ လူပဲ၊ ခင်ဗျားက ဆရာမဟုတ်ဘူး၊ လူသတ်သမားပဲ"

ဟာ မနှင်းအေးကို လုပ်ထားတဲ့ ပညာသည်က လူးပြန် လှိမ့်ပြန် အော်တော့တာဗျို့။ ဆရာကြီး ဘိုးလူပေကတော့ ဘာမှ မပြောဘဲ တင်ပလင်ခွေထိုင်လျက်ကနေ ကြည့်နေတာဗျို့။

"ဟော့ကောင် စုန်းထီး မင်း မှတ်ထား၊ ဒီကလေးမ မနှင်းအေး လိမ်းထားတဲ့ သနပ်ခါးတုံးက မြောက်ဘက်ရှင်မ ကိုယ်တိုင် စီရင်ထားတဲ့ သနပ်ခါးတုံးကွ၊ မဖဲဝါကအစ်ဆင့် ငါ့ကို ပေးထားတာ၊ မင်း အခုဝင်ထားတဲ့ ကိုယ်ထဲမှာ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ချောက်မိသလို မိနေပြီ၊ စုန်းတစ်ကောင်အနေနဲ့တော့ မင်းပြန်ထွက်လို့ မရဘူးသိလား၊ မင်းပညာတွေအားလုံး စွန့်ပစ်ပြီးမှ ရိုးရိုးလူအနေနဲ့ ထွက်မှထွက်လို့ရမယ်"

"မစွန့်ဘူးကွ၊ ငါ့ပညာကို ဘယ်တော့မှ မစွန့်ဘူး၊ မင်း သတ်တာလည်း ငါ မခံဘူး၊ ငါ့ကိုယ်ငါ စီရင်မယ်"

"ဒုန်း၊ ခွမ်း"

"ဟာ"

မနှင်းအေးကိုယ်ထဲကို ဝင်နေတဲ့ စုန်းထီးကြီးက စောစောက မနှင်းအေး လိမ်းထားတဲ့ သနပ်ခါးကျောက်ပျဉ်ကို သူ့နဖူးနဲ့ တအားဆောင့်တိုက်ပစ်လိုက်တာဗျ။ 'ဒုန်း' ဆိုတဲ့ အသံကြီးနဲ့အတူ 'ခွမ်း' ဆိုပြီး ကျောက်ပျဉ်ကြီး သုံးစိတ်ကွဲသွားတာဗျို့။ 'ဟာ' ဆိုတာကတော့ ကြည့်နေတဲ့လူတွေ လန့်ပြီး အော်လိုက်ကြတာဗျ။

ဟာ မနှင်းအေး လဲကျသွားပြီဗျို့။

"ဟဲ့ သမီး နှင်းအေး၊ နှင်းအေး၊ သမီး၊ အောင်မယ်လေး ကျုပ်သမီးလေး အသက်မှ ရှိသေးရဲ့လားတော့်"

မနှင်းအေးရဲ့ မိသားစုက စိုးရိမ်တကြီးနဲ့ အော်ကြဟစ်ကြ ငိုကြတော့တာပေါ့ဗျာ။

ဘိုးလူပေက အားလုံးကို လက်ကာပြလိုက်ပြီး...

"ရော့...မောင်တာတေ ဒီရေနဲ့ ကလေးမကို အောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်''

စောစောက ကျုပ် သနပ်ခါးသွေးတဲ့ ရေပုလင်းကို ဘိုးလူပေက လှမ်းပေးတယ်။

ကျုပ်လည်း ရေပုလင်းထဲကရေနဲ့ မနှင်းအေးကို တောက်လိုက်တယ်။

''ဝါး''

ဟော မနှင်းအေးက 'ဝါး'ကနဲ တစ်ချက်သမ်းပြီး ထထိုင်တယ်ဗျ။ မျက်လုံးကြောင်တောင်တောင်နဲ့ လူတွေကို လိုက်ကြည့်နေတယ်။

''ဟဲ့ သမီး နှင်းအေး''

''ရှင် အဘ''

''ကလေးမ သတိကောင်းကောင်းရပြီလား''

ဘိုးလူပေက မေးလိုက်တာဗျ။ မနှင်းအေးက ဘိုးလူပေကို ခေါင်းညိတ်ပြပြီး သေသေချာချာ ကြည့်နေတယ်။ ပြီးတော့ ရေပုလင်းကြီး ကိုင်ထားတဲ့ ကျုပ်ကိုလည်း သေသေချာချာ ကြည့်တယ်။

''သမီး ဆရာကြီးကို ဦးတိုက်လိုက်၊ ဦးတိုက်လိုက်''

မနှင်းအေးရဲ့ အမေက ဝင်ပြောတာဗျ။ မနှင်းအေးက ဆရာကြီးကို ရိုရိုသေသေ ရှိခိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘဇံရေ…ဘဇံ၊ ဟော့ကောင် ဘဇံ"

"ဘယ်သူတုံး၊ အိမ်ပေါ်တက်ခဲ့လေ"

ဝိုင်းထဲကို ပျာရိုပျာယာနဲ့ ဝင်လာတဲ့လူက အမောတကော ပြောပါရောလားဗျာ။

"ဟော့ကောင် ဘဇံ၊ အနောက်ပိုင်းက စံဖေ ဆိုတဲ့ကောင် အိပ်နေရင်းကနေ ငယ်သံပါအောင်အော်ပြီး သေသွားလို့တဲ့ကွ၊ နဖူးမှာလည်း သုံးစိတ်ကွဲနေသတဲ့ဟေ့"

"ဟေ…ဟုတ်လား ကျော်ရင်၊ ဒါဆိုရင် ငါ့ညီမကို လုပ်တာ ဒီကောင်ပဲပေါ့၊ တောက်…ငါ့လက်နဲ့ မသတ်လိုက်ရတာ နာသကွာ ကျော်ရင်ရာ"

"အေးလေ သေမှပဲ စံဖေဆိုတဲ့အကောင်ကို စုန်းမှန်း သိရတော့တာပဲကွာ၊ ဒီကောင့်နဖူးကတော့ ဟောဒီကျောက်ပျဉ် အတိုင်းကို သုံးစိတ်ကွဲသွားတာဟေ့"

"ကဲ မောင်ရင်တို့ ဒီအကြောင်းကို ဒီမှာပဲ ရပ်လိုက်ကြ ပေတော့၊ အကျယ်ကျယ်တွေ ဘာမှမဖြစ်ကြစေနဲ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ်တို့ ဘာမှမပြောဘဲ ရေငုံ နေပါ့မယ်၊ ကျုပ်ညီမလေးကို ပြန်ပြီးကယ်ပေးတဲ့ ဆရာကြီးကို ကျုပ် ကန်တော့ပါရစေဗျာ"

ကိုဘဇံက ပြောပြီး ဘိုးလူပေကို ကန်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လူတွေလည်း ဝိုင်းပြီးကန်တော့ကြတယ်ဗျို့။

ကျုပ်ရွာ ပြန်ရောက်ပြီး နောက်တစ်နေ့မှာပဲ ဘိုးလူပေက လူလွှတ်ပြီး ခေါ်ပြန်ရောဗျ။ ဒီတစ်ခါတော့ ကျုပ်တို့ရွာ အနောက်ဘက်က ကပွလီကုန်းဆိုတဲ့ ရွာမှာဗျ။ ကိုဘလှ ဆိုတဲ့လူ တစ်ယောက် အကောင်းကြီးကနေ ရူးသွားလို့တဲ့ဗျို့။ ရူးသမှ သွက်သွက်ကို လည်နေတာဆိုပဲ။ လက်ထဲမှာလည်း ပုဆိန်ကြီး တစ်လက် ကိုင်ထားတာတဲ့ဗျ။ တွေ့သမျှလူကို သူ့လက်ထဲက ပုဆိန်နဲ့ လိုက်ခုတ်တာတဲ့။ ခုတော့ အိမ်ထဲမှာ သူ့တစ်ယောက် တည်း တံခါးပိတ်ထားလိုက်တာ။ သူ့လက်ထဲက ပုဆိန်ကြီးနဲ့ သူ့ကိုယ်သူ ခုတ်နေတာတဲ့ဗျို့။ အဲဒီလောက် ခုတ်နေတာတောင် သွေးတစ်စက်မှ မထွက်ဘူးဆိုပဲ။ ပေါက်သွား ပြဲသွားတာတောင် မရှိဘူးတဲ့ဗျ။

ကျုပ်နဲ့ ဘိုးလူပေ ရောက်သွားတော့ ကိုဘလှက ပုဆိုး တိုတိုကြီးဝတ်ပြီး ပုဆိန်ကြီး တစ်လက်ကို ပခုံးမှာ ထမ်းထားတာ ဗျ။ အိမ်ရှေ့နဲ့ အိမ်နောက်ကို မနားတမ်း လျှောက်နေတာဗျို့။

ဘိုးလူပေက ပိတ်ထားတဲ့ အိမ်တံခါးဝကနေ အိမ်ထဲကို လှမ်းကြည့်တယ်။ ကျုပ်တို့နောက်မှာတော့ ရွာသားတွေ အုံနေတာ ပေါ့ဗျာ။

"မောင်တာတေ၊ ဘလှက တကယ့်ကောင်ကို ရန်သွား



www.burmeseclassic.com

www.burmeseclassic.com



စတာကိုးကွယ့်”

ဘိုးလူပေက ကျုပ်ကို လှည့်ကြည့်ပြီးပြောတယ်။

“စုန်းကိုင်တာပဲလား ဆရာကြီး”

“ဟာ မဟုတ်ဘူးကွယ့်၊ စုန်းမဟုတ်ဘူး၊ နတ်ခုန်ချောင်းမှာနေတဲ့ အင်မတန် ရိုင်းစိုင်းတဲ့ သရဲကြီးကွ၊ ဒီကောင်ကြီးကို လျှာနီကြီးလို့ ခေါ်ကြတာ၊ အကုသိုလ် အင်မတန်ကြီးတဲ့ သရဲကွ၊ မောင်တာတေမှာ မျက်ကွင်းဆေးဆိုတာ ပါတယ်မို့လား၊ ကွင်းပြီး ကြည့်လေကွယ်၊ ဗဟုသုတ ရတာပေါ့”

ကျုပ်က ရှာသားတစ်ယောက်ကိုခေါ်ပြီး တောင်ဘက် ကပ်လျက်က စိုင်းမှာ မျက်ကွင်းဆေး ကပျာကယာ သွားကွင်း လိုက်တယ်။

ကျုပ်ပြန်ရောက်တော့ ဘိုးလူပေက ရှာသားတွေကို အကျိုးအကြောင်း ရှင်းပြနေတယ်။ ကျုပ်က အိမ်တံခါးဝကို သွားပြီး အိမ်ထဲကို ကြည့်လိုက်တယ်။

“ဟာ”

ကျုပ်ပါးစပ်က လွှတ်ကနဲ အော်လိုက်မိတယ်ဗျို့။ စောစောက ကျုပ်မြင်ရတာက ကပ္ပလီကုန်းရှာသား ကိုဘလှလေဗျာ။ အခု မျက်ကွင်းဆေးကွင်းပြီး ကြည့်တော့ မြင်ရတာက ကိုဘလှကြီး မဟုတ်ဘူးဗျ။ လျှာနီကြီး၊ လျှာနီသရဲကြီးကို မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ။

နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျာ။ ခေါင်းကြီးက ခွဲတောင်းကြီးလောက် ရှိမယ်ဗျ။ ထူးခြားတာက မျက်လုံးဗျ။ မျက်လုံးက တစ်လုံးပဲ ရှိတယ်။ တစ်ဖက်က အသားအတိုင်းကြီး ပြောင်ကြီးဗျ။ တစ်ဖက်ကတော့ ပုံမှန်မျက်လုံးပဲ။ ဒါပေမဲ့ ပြူးပြူး ကြီးထွက်နေတာဗျ။ ပါးစပ်ကြီးကလည်း နည်းနည်းနောနောကြီး မဟုတ်ပါဘူးဗျာ။ ပါးစပ်ထဲကနေ ထွက်နေတဲ့ အစွယ်တွေက လည်း ငေါငေါကြီးတွေဗျို့။ ဒီသရဲကြီးရဲ့ အထူးခြားဆုံးကတော့ လျှာကြီးဗျ။ ပါးစပ်ကြီးထဲကနေ တွဲလောင်းကြီး ကျနေတဲ့ လျှာ ကြီးက နီရဲနေတာဗျ။ တစ်တောင်လောက်ကို ရှည်တာ၊ တွဲလောင်း ကြီး ကျနေတာဗျ။ ခြေထောက်ကြီးတွေက ထန်းပင်လုံးလောက် ကြီး ရှိတယ်ဗျ။ အဲဒီခြေထောက်တုတ်တုတ်ကြီးတွေနဲ့ အိမ်ရှေ့ လျှောက်လိုက် နောက်ဖေးလျှောက်လိုက် လုပ်နေတာဗျို့။ မနား တမ်းပဲဗျာ။

"မောင်တာတေ၊ လျှာနီကြီးကို မြင်လားကွယ့်"

"မြင်ကယ် ဆရာကြီး၊ ကြောက်စရာကြီးဗျာ"

"ကဲ တံခါးသော့ဖွင့်လိုက်ကြတော့၊ ကျုပ်အိမ်ထဲ ဝင် မယ်"

"ဟာ ဖြစ်ပါ့မလား ဆရာကြီး၊ ဒီကောင် ဘယ်လို ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ပုဆိန်ကြီးက သွေးထားတာ မြည့်နေတာဗျ"

"ရပါတယ်ကွယ်၊ ဖွင့်သာ ဖွင့်လိုက်ပါ၊ မောင်တာတေ လည်း အပြင်မှာပဲ နေခဲ့ကွယ့်၊ အထဲကို ဝင်မလိုက်နဲ့၊ လျှာနီက အရိုင်းကြီးကွ"

"တံခါးပြန်ပိတ်ထား"

ဘိုးလူပေက အိမ်ထဲကို ဝင်သွားပြီး တံခါးပိတ်နိုင်း လိုက်တယ်။ ကျုပ်လည်း ကပွလီကုန်းက လူတွေနဲ့အတူတူ အိမ်ပြင်မှာ နေခဲ့ရတာပေါ့ဗျာ။

လျှာနီကြီးက ဘိုးလူပေကို သေသေချာချာ စိုက်ကြည့်နေ တယ်ဗျ။ ပြီးတော့ သူ့လက်ထဲက ပုဆိန်ကြီးကို မြှောက်လိုက်ပြီး ဆရာကြီး ဘိုးလူပေဆီကို တစ်လှမ်းချင်း တိုးလာတယ်။

"ဟာ ဒီဆရာကြီး နိုင်ပါ့မလား မသိဘူး"

ရွာသားတွေက ဘိုးလူပေအတွက် စိုးရိမ်သွားတယ်။ ဘိုးလူပေက သူ့လွယ်အိတ်ထဲက အရုပ်ကလေးတစ်ရုပ်ကို ထုတ် ယူလိုက်တယ်။ အရုပ်ကလေးက ရွှေချထားတာဗျ။ ကျုပ် သေသေချာချာ ကြည့်လိုက်တော့ နတ်ဘီလူးရုပ်ကလေးဗျ။ အစွယ်ဖွေးဖွေးလေးနဲ့ဗျ။

အဲဒီနတ်ဘီလူးရုပ်ကို လျှာနီကြီး မြင်အောင် ဘိုးလူပေက မြှောက်ပြလိုက်တယ်။ ဟာ အရုပ်ကလေးလည်း မြင်ရော လျှာနီ



www.burmeseclassic.com

www.burmeseclassic.com



ကြီး တုန့်ကနဲ ရပ်သွားရောဗျ။ တော်တော်စွမ်းတဲ့ အရုပ်ပါလားလို့ ကျုပ် တွေးလိုက်မိတယ်။

"နတ်ခုန်ချောင်းမှာနေတဲ့ လှျာနီ၊ ကုဝေရနတ်မင်းကြီးကို မြင်တာတောင် ဒူးမထောက်သေးဘူးလား"

ဘိုးလူပေက အော်ပြောလိုက်တယ်။ ဘိုးလူပေရဲ့ အသံက အမိန့်ပေးတဲ့ အသံဗျ။

ဟာ လှျာနီကြီး လက်ထဲက ပုဆိန်ကို ကြမ်းပြင်ပေါ်မှာ ဒုန်းကနဲမြည်အောင် ပစ်ချလိုက်တယ်။ ပြီးတော့ ခေါင်းကြီးငုံ့လို့ဗျ။ ဒူးကြီးထောက်ပြီး ထိုင်နေတယ်။ တစ်တောင်လောက် တွဲကျနေတဲ့ လှျာနီကြီးကတော့ ကြမ်းပြင်နဲ့တောင် တိုက်တော့မလို ဖြစ်နေတာဗျ။

"လှျာနီကြီး၊ ကပ္ပလီရွာသား ဘလှနဲ့ မင်းနဲ့ ဘာဖြစ်ကြလို့တုံး"

"ဒီကောင် ကျုပ်ပိုင်တဲ့ချောင်းမှာ ငါးလာမျှားတယ် ဘိုး၊ ကျုပ်ကို ခွင့်မပန်ဘူး၊ ငါးမိတော့ ကျုပ်က ပြန်ဆွဲယူထားတယ်၊ အဲဒါ သူမိတဲ့ငါးကို ပြန်ဆွဲယူရမလားဆိုပြီး ကျုပ်ကို ရစရာမရှိအောင် ဆဲသွားတယ်"

"ဟေ…ဘလှက မင်းကို ဆဲတယ်ဟုတ်လား၊ မင်း အဲဒီချောင်းမှာရှိတာ ဒီကောင် သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအနီးအနားက လူတွေအားလုံးက ကျုပ် နတ်ခုန်ချောင်း စောင့်နေတယ်ဆိုတာ သိကြတယ်၊ ငါးမျှားချင်ရင် ကျုပ်ကို ခွင့်ပန်ပြီးမှ မျှားတယ်၊ ကျုပ်က ဘာမှမလုပ်ဘူး၊ တချို့ကကျတော့ ငါးလေး,ငါးကောင်ရရင် လျှာနီကြီးစားဖို့ဆိုပြီး ငါးတစ်ကောင်ထားပစ်ခဲ့တယ်၊ ဒီကောင်ကတော့ အားကြီးမိုက်ရိုက်တာ ဘိုးရဲ့၊ လျှာနီမကလို့ တစ်ကိုယ်လုံး နီလည်း ငါက ဂရုမစိုက်ဘူး၊ ခွေးမသား သရဲ၊ ငါ့ငါးကို လုယူသွားတယ်ဆိုပြီး ဆဲဆိုသွားတာ၊ ဒါနဲ့ ကျောင်းမှန်းကန်မှန်းသိအောင် လုပ်ပြတာပါဗျာ"

"ဘိုး ဒီအကောင်ကို ဆုံးမလိုက်ပါ့မယ် လျှာနီ၊ ညနေကျရင် ကပ္ပလီကုန်းသားတွေက မင်းစားဖို့ ငါးကြီးကြီးတစ်ကောင်နဲ့ အမဲသားသုံးပိဿာ အစိမ်းလာကျွေးကြလိမ့်မယ်၊ မြို့ကိုသွားပြီးဝယ်နေကြပြီ၊ နောက်လည်း မင်းကို သူတို့ စော်ကားမော်ကားလုပ်ဝံ့တော့မှာ မဟုတ်ပါဘူးကွာ၊ တော်တော်လန့်သွားကြပါပြီ၊ ဘိုးကလည်း တောင်းပန်ပါတယ် လျှာနီ၊ ခုပဲ နတ်ခုန်ချောင်းကို ပြန်ပေတော့ကွာ"

"ဟုတ်ကဲ့ပါ ဘိုး"

ဟော ကိုဘလုကြီး ကြမ်းပြင်ပေါ်ကို ဘုန်းကနဲ လဲသွားရောဗျို့။ ဒီတော့မှ ရွာကလူတွေက တံခါးဖွင့်ဝင်ပြီး ကိုဘလုကို လှုပ်နှိုးကြရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘလှ၊ ဟော့ကောင် ဘလှ"

ကိုဘလှကြီးက သတိမလည်ဘူးဗျ။ ဘိုးလူပေက ရေစင်ပုလင်းလေးထဲက ရေစင်လေး တောက်ပေးလိုက်တော့မှ သတိလည်လာတယ်ဗျို့။ ဒီတော့မှ ကပ္ပလီကုန်းသားတွေက ကိုဘလှကို ပြောကြတော့တာပေါ့ဗျာ။

"မင်းကွာ ရန်ဖြစ်စရာရှားလို့ နတ်ခုန်ချောင်းက လျှာနီကြီးနဲ့မှ ရန်ဖြစ်ရတယ်လို့ကွာ၊ ဘိုးဆရာကြီး ရောက်နေတာနဲ့ ကြုံပေလို့ပဲ၊ နို့မို့ဆိုရင် လျှာနီကြီးက မင်းကို အသေသတ်တော့မှာ၊ နောက် ဒါမျိုးမလုပ်ပါနဲ့ကွာ"

ကိုဘလှကြီးကလည်း ဝန်ခံတယ်ဗျ။

"ငါ မှားပါတယ်ကွာ၊ ဖြန်းစားကြီးဆိုတော့ ငါလည်း ဒေါသဖြစ်ပြီး ဆဲလိုက်မိတာပါကွာ"

"အေး ဆဲလိုက်မိတာက မင်း ဘာဖြစ်သွားတယ်ထင်တုံး၊ သွက်သွက်ခါအောင် ရူးသွားတာ ကိုယ့်လူရေ"

"ဘလှ မင်းက ဓားပြီးတာကိုးကွ၊ ဟိုပုဆိန်ကြီးနဲ့ မင်းကိုယ်မင်း လွှဲလွှဲပြီး ခုတ်နေလိုက်တာများကွာ၊ သွေးတစ်စက်တောင် မထွက်ဘူးဟေ့"

"အေးကွ ဘလှရ၊ ဟုတ်တယ်ကွ၊ မင်း ဓားပြီးမှန်း ငါတို့ ခုမှသိတာကွ၊ ကဲ ဟိုပုဆိန်ကြီးယူပြီး ထပ်ခုတ်ပြမ်းပါကွ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ လူဖြင့် ဆရာကြီးကယ်လို့ လူကောင်းပြန်ဖြစ်လာတာ၊ နို့မဟုတ်ရင် တစ်သက်လုံး အရူးကြီးဘဝနဲ့ နေသွားရမှာ"

ကိုဘလှရော ကပ္ပလီကုန်းသားတွေရော ဆရာကြီးဘိုးလူပေကို ကန်တော့ကြတယ်။

ညနေ နွားရိုင်းသွင်းချိန်ရောက်တော့ မြို့က ဝယ်လာတဲ့ အမဲသား သုံးပိဿာနဲ့ ငါးကြင်းကြီးတစ်ကောင်ကို ကျုပ်နဲ့ ရွာသားငါးယောက် တောင်းတစ်လုံးနဲ့ထည့်ပြီး နတ်ခုန်ချောင်း လာခဲ့ကြတယ်။ ကျုပ်က ချောက်ကမ်းပါးမှာ တောင်းကိုချပြီး ချောင်းနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်နေလိုက်တယ်။

"နတ်ခုန်ချောင်းစောင့်တဲ့ ဘိုးလျှာနီဗျာ၊ ဘိုးလူပေရဲ့ ညွှန်ကြားချက်ကြောင့် ကျုပ်တာတေက ကပ္ပလီရွာသားတွေနဲ့ ကိုဘလှကိုယ်စား အမဲသား၊ ငါးများ ပို့လာပါတယ်၊ ဘိုးလျှာနီ စားပါ သောက်ပါဗျာ"

"ဟာ"

ကျုပ်နဲ့အတူတူ ပါလာတဲ့ ရွာသားတွေ အံ့ဩပြီး အော်လိုက်ကြတာဗျို့။

ကျုပ် ရေစပ်မှာ ချထားတဲ့တောင်းကြီး အလုံးလိုက်ကို ပျောက်သွားတာဗျ။ ဒါကြောင့် ဒီလူတွေ လန့်ပြီးအော်လိုက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရရင် ကျုပ်လည်း လန့်သွားတာပဲဗျ။ ဘိုးလူပေက ဒါကြောင့်ပြောတာဗျ။ နတ်ခုန်ချောင်းက လျှာနီကြီးက အရမ်းရိုင်းစိုင်းတာလို့။

နောက်တစ်နေ့မှာ ကျုပ် ရွာကို ပြန်ခဲ့တယ်။ ဘိုးလူပေလည်း ကျုပ်ကို လာမခေါ်နိုင်းတော့ဘူးဗျ။ နောက်မှ ကျုပ်သိရတာ ကျုပ်တို့ ကပွလီကုန်းက ပြန်တဲ့နေ့ နောက်တစ်နေ့မှာပဲ ဘိုးလူပေ ပြန်သွားသတဲ့။

အထက်က ပုဂ္ဂိုလ်ကြီးတွေ ခိုင်းစေတာကြောင့် ဘိုးလူပေ ချက်ချင်းသွားရတာဆိုပဲ။ ဒီတစ်ခါတော့ ဘိုးလူပေ ရှမ်းပြည်ဘက်ကို တက်သွားတာတဲ့ဗျို့။

တာတေ

BURMESE CLASSIC

❑❑❑



www.burmeseclassic.com